

# မြေမြှုပ်မိုင်း စောင့်ကြည့်လေ့လာရေး ၂၀၂၁

မြန်မာနိုင်ငံအစီရင်ခံစာ
နိုဝင်ဘာလ ၂၀၂၁ ခုနှစ်

LANDMINE & CLUSTER MUNITION MONITOR

2021 Landmine Monitor
Myanmar/Burma Country Report

Landmine & Cluster Munition Monitor (မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့) သည် International Campaign to Ban Landmines (မြေမြှုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်းဆိုင်ရာ နိုင်ငံတကာ စည်းရုံးလှုံ့ဆော်ရေးအဖွဲ့) နှင့် Cluster Munition Coalition (ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ အသုံးပြုတားမြစ်ပိတ်ပင်ခြင်း ညွန့်ပေါင်းအဖွဲ့) အတွက် သုတေသန ပြုလုပ်ပေးသည်။ International Campaign to Ban Landmines (ICBL) ကို ကမ္ဘာမြေ၌ လူသားပစ်မှတ်ထား တိုက်ခိုက်သည့် မြေမြှုပ်မိုင်းဘေးမှ ကင်းဝေးစေရန် ရည်ရွယ်၍ ၁၉၉၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ICBL သည် နိုင်ငံပေါင်း ၇၀ မှ အစိုးရမဟုတ်သော အဖွဲ့အစည်းပေါင်း ၁၃၀၀ ကျော် ပါဝင်သည့် ကွန်ရက် တစ်ခု ဖြစ်ပြီး ၁၉၉၇ ခုနှစ်တွင် နိဘာယ် ငြိမ်းချမ်းရေးဆုကို လက်ခံရရှိခဲ့သည်။ Cluster Munition Coalition သည် ဒုံးကျည်တွဲများကို ဖယ်ရှားရန်၊ ဤလက်နက်များကြောင့် နောက်ထပ် ထိခိုက်ဒဏ်ရာရမှုများကို ကာကွယ်ရန်နှင့် ၎င်းတို့ကြောင့် နာကျင်ခံစားရမှုကို အပြီးတိုင် အဆုံးသတ်ရန် ကြိုးပမ်းနေသော အပြည်ပြည်ဆိုင်ရာ အရပ်သား လူမှုအသိုင်းအဝိုင်း ကမ်ပိန်းတစ်ခု ဖြစ်သည်။

Landmine Monitor သည် ၁၉၉၇ အော်တဝါ သဘောတူညီချက် သို့မဟုတ် မိုင်း တားမြစ်ရေး ပဋိညာဉ်  အကောင်အထည်ဖော်ခြင်းကို မှတ်တမ်းတင်ခဲ့သည်။ Landmine Monitor သည် ဤလက်နက်များကြောင့် ဖြစ်ပေါ်သော အကျပ်အတည်းကို ဖြေရှင်းရန် နိုင်ငံတကာ အသိုင်းအဝိုင်း၏ ကြိုးပမ်းအားထုတ်မှုများကို အကဲဖြတ်စစ်ဆေးသည်။

၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကမ္ဘာ့အစိုးရများ၏ ၈၀% ရှိသော နိုင်ငံပေါင်း ၁၆၄ နိုင်ငံသည် မိုင်း တားမြစ်ရေး ပဋိညာဉ်ကို အတည်ပြုခဲ့သည် သို့မဟုတ် လက်ခံခဲ့သည်။ သို့သော် မြန်မာနိုင်ငံ/ဗမာနိုင်ငံသည် လူသားပစ်မှတ်ထား တိုက်ခိုက်သော မြေမြှုပ်မိုင်းကြောင့်  ညစ်နွမ်းထိခိုက်မှု မြင့်မားသည့်တိုင်အောင် သဘောတူညီချက်တွင် ပူးပေါင်းပါဝင်ခြင်း မရှိသေးပါ။

Landmine Monitor သည် နည်းပညာဆိုင်ရာ သဘောတူညီချက် မှန်ကန်ကြောင်းစစ်ဆေးရေးစနစ် သို့မဟုတ် တရားဝင်စစ်ဆေးရေးစနစ် မဟုတ်ပါ။ ၎င်းသည် အစိုးရများအား လူသားပစ်မှတ်ထား တိုက်ခိုက်သည့် မြေမြှုပ်မိုင်းများ အသုံးမပြုရေးအတွက် တာဝန်ခံခိုင်းရန် သာမန်ပြည်သူများ၏ ကြိုးပမ်းအားထုတ်မှု ဖြစ်သည်။ ရည်ရွယ်ချက်မှာ ပဋိညာဉ်ကို အတည်ပြုခဲ့သော နိုင်ငံများ၏ အစီရင်ခံရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ဖြစ်သည်။ ကျွန်ုပ်တို့၏ အစီရင်ခံတွင် လက်မှတ်မထိုးထားသော နိုင်ငံများရှိ မြေမြှုပ်မိုင်း အကျပ်အတည်းဆိုင်ရာ အခြေအနေနှင့် အစိုးရ၏ မူဝါဒများ သို့မဟုတ် ကျင့်သုံးမှုများကို ပွင့်လင်းမြင်သာမှုရှိစေရန် ရည်ရွယ်တင်ပြထားသည်။

Landmine Monitor သည် လူသားပစ်မှတ်ထား တိုက်ခိုက်သော မြေမြှုပ်မိုင်းများကြောင့် ဖြစ်ပေါ်သည့် နာကျင်ခံစားရမှုများကို အဆုံးသတ်ရန်နှင့် မြေမြှုပ်မိုင်းကင်းစင်သော ကမ္ဘာကိုတည်ဆောက်ရန် ရည်ရွယ်ချက် အောင်မြင်ရေးအတွက် လူ့အသိုင်းအဝိုင်းအတွင်း ဆွေးနွေးမှုကို မြှင့်တင်ရန်နှင့် ချောမွေ့စေရန် ရည်ရွယ်သည်။

Landmine Monitor သည် တစ်ကမ္ဘာလုံး အကျိုးရှိရေးအတွက် ၎င်းက စောင့်ကြည့်နေသော ပြဿနာအကြောင်း အဖြစ်မှန်ပေါ် အခြေခံသည့် သတင်းအချက်အလက်ကို ပေးရန် သဘောရိုးဖြင့် လုပ်ကိုင်ဆောင်ရွက်သည်။ ၎င်းသည် ဝေဖန်မှု ပြုလုပ်သော်လည်း မှတ်တမ်းတင်၍ ခွဲခြမ်းစိတ်ဖြာရာတွင် အပြုသဘောဆောင်သည်။

Landmine Monitor က ၂၀၂၁ အတွက် မြန်မာနိုင်ငံ/ဗမာနိုင်ငံအကြောင်း သုတေသနပညာရှင်မှာ ရယ်ရှုဝါ မိုဇာ-ပူအန်ဆူဝမ် ဖြစ်သည်။ Monitor အနေနှင့် ဤအစီရင်ခံစာအတွက် နှစ်စဉ် သတင်းအချက်အလက်များဖြင့် ပံ့ပိုးသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်အားလုံးကို ကျေးဇူးတင်ရှိပြီး အစီရင်ခံစာတွင် ပါဝင်သည့် ၎င်းတို့၏ ကူညီပံ့ပိုးမှုများကို အသိအမှတ်ပြုပါသည်။

ကျွန်ုပ်တို့သည် ဤပြဿနာများအတွက် တိကျသော မှတ်တမ်းဖြင့် ပံ့ပိုးသည့် ကူညီပံ့ပိုးမှုများ ပြုလုပ်ရန် အားပေးပါသည်။ ကျေးဇူးပြု၍ ကျွန်ုပ်တို့ထံသို့ burma@icblcmc.org မှတစ်ဆင့် ဆက်သွယ်ပါ။ သင့်တွင် ဤအစီရင်ခံစာပါ အကြောင်းအရာများနှင့် ပတ်သက်ပြီး အမှားပြင်ဆင်လိုသည်များ ရှိပါက ကျေးဇူးပြု၍ monitor@icblcmc.org ထံ စာရေးပါ။

မျက်နှာဖုံး ဓာတ်ပုံ - ကျောက်ကြီးမြို့နယ်မှ မြေမြှုပ်မိုင်းဒဏ်ခံရသူ၏ ရပ်ကွက်တွင်း အလုပ်လုပ်နေပုံ။ ဓာတ်ပုံမူပိုင် ဇော်ဇော်ဦး/ လူသားမျိုးနွယ်နှင့် ပါဝင်မှု



International Campaign to Ban Landmines
1997 Nobel Peace Co-laureate

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် (တပ်မတော် ခေါ်) လက်နက်ကိုင်တပ်ဖွဲ့များမှ နိုင်ငံကို ထိန်းချုပ်လိုက်ပြီးနောက် မြန်မာ နိုင်ငံတွင် ယာယီအစိုးရတစ်ရပ်ကို တည်ထောင်လိုက်သည်။[၁] ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် ရွေးကောက်ခံခဲ့ရသော လွှတ်တော် ကိုယ်စားလှယ်များက အတိုက်အခံ အစိုးရတစ်ရပ်အဖြစ် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို ဖွဲ့စည်းလိုက်ပြီး ၎င်းမှာ လက်ရှိ ကမ္ဘာ့ကုလသမဂ္ဂ၌ မြန်မာနိုင်ငံနေရာကို ရရှိထားသည်။

## မိုင်း တားမြစ်ရေး မူဝါဒ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် မိုင်း တားမြစ်ရေး ပဋိညာဉ်ကို သဘောတူလက်ခံထားခြင်းမရှိပါ။[၂] မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်များသည် မိုင်း တားမြစ်ရေး ပဋိညာဉ်အပေါ် စိတ်ဝင်စားမှုပြသသည်၊ သို့သော်လည်း ၎င်းကို သဘောတူ လက်ခံရန် မည်သည့်အဆင့်ကိုမျှ ဆောင်ရွက်ခြင်းမရှိသေးပါ။[၃] မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်များသည် တာဝန်ရှိသူများက နိုင်ငံအနေဖြင့် အနာဂတ်တွင် ပါဝင်ပူးပေါင်းနိုင်သည့်အမြင်ဖြင့် မိုင်း တားမြစ်ရေး ပဋိညာဉ်ကို လေ့လာနေကြောင်း တစ်ခါတစ်ရံ ပြောကြားသည်။[၄]

၂၀၂၀ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံသည် ပဋိညာဉ်ပါအဖွဲ့များသို့ ၎င်းအနေဖြင့် ပဋိညာဉ်၏ လုပ်ငန်းများကို ဂရုတစိုက် လိုက်နာနေကြောင်းနှင့် ပဋိညာဉ်မှာ "လူသားပစ်မှတ်ထား တိုက်ခိုက်သည့် မြေမြှုပ်မိုင်းများကြောင့် ဖြစ်ပေါ်သည့် လူသားများ ထိခိုက် နာကျင်မှုနှင့် အသက်ဆုံးရှုံးမှုများကို အဆုံးသတ်နိုင်ရန် အရေးကြီးသည့် အခန်းကဏ္ဍ၌ ပါဝင်ကြောင်း" ဆိုသည်။[၅] ကိုယ်စားလှယ်က မြန်မာနိုင်ငံအနေဖြင့် သဘောတူလက်ခံရေးအတွက် တက်ကြွစွာ ဆောင်ရွက်နေခြင်း ရှိမရှိကို ဖော်ပြခဲ့ခြင်း မရှိပါ။

ယခင်က ၂၀၁၈ ခုနှစ် မေလတွင် မြန်မာနိုင်ငံ၏ နိုင်ငံတကာပူးပေါင်းဆက်ဆံရေးဝန်ကြီးဖြစ်သူ ဦးကျော်တင်က နိုင်ငံလုံး ဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို မြန်မာ့ပြည်တွင်းပဋိပက္ခများတွင် ပါဝင်သူအားလုံးမှ အောင်မြင်အောင် အကောင် အထည်ဖော်ပြီးသည့်နောက်တွင် မြန်မာနိုင်ငံအနေဖြင့် ပဋိညာဉ်တွင် ပါဝင်ပူးပေါင်းရန် စဉ်းစားမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။[၆]

---

၁။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင်မှ ဥက္ကဋ္ဌအဖြစ်ဖြင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ဟု မူလကခေါ်သော အာဏာသိမ်းမှု နောက်ပိုင်း အစိုးရကို ၂၀၂၁ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ ယာယီအစိုးရအဖွဲ့အဖြစ် ပြင်ဆင်ခဲ့သည်။

၂။ နိုင်ငံကို ယခင်ကအုပ်ချုပ်ခဲ့သော စစ်အာဏာသိမ်းအဖွဲ့သည် ယင်း၏အမည်ကို ဗမာမှ မြန်မာသို့ ပြောင်းလဲခဲ့ သည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသား လူမျိုးစုများနှင့် အခြားနိုင်ငံအများစုက နိုင်ငံကို ဗမာနိုင်ငံဟုသာ ခေါ်ဆိုနေသေး သည်။ ပြည်တွင်းရှိ ပြည်နယ်နှင့်တိုင်းအမည်များကို မူရင်းပုံစံအတိုင်း သို့မဟုတ် အာဏာရ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) မှ သတ်မှတ်ခေါ်ဝေါ်သည့်ပုံစံအတိုင်းကို ကွင်းစကွင်းပိတ်နှင့် ဖော်ပြထားသည်၊ ဥပမာအားဖြင့် ကရင်နီ (ကယား)ပြည်နယ်။ စောင့်ကြည့်လေ့လာရေးအဖွဲ့သည် ၂၀၀၉ ခုနှစ်မှစတင်၍ မြို့နယ် အမည်များကို UN မြန်မာ သတင်းအချက်အလက် စီမံခန့်ခွဲမှုအဖွဲ့ (MIMU) တွင်ပါသည့်အတိုင်း အသုံးပြုသည်။ ပိုမိုသိရှိလိုပါက MIMU website တွင် ကြည့်ရှုပါ။

၃။ ၂၀၀၉ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံ၏ လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ပြည်ထောင်စုဝန်ကြီးဟောင်း ဝင်းမြတ်အေးက "မြန်မာ နိုင်ငံအနေဖြင့် လူသားပစ်မှတ်ထား တိုက်ခိုက်သော မိုင်းများကြောင့် ဖြစ်ပေါ်သည့် ထိခိုက်နာကျင်မှုနှင့် လူ့အသက်ဆုံးရှုံးမှုများကို အဆုံးသတ်ရန်၊ အသက်များ ကယ်ဆယ်ရန်နှင့် မျှော်လင့်ချက်နှင့် လူ့ဂုဏ်သိက္ခာကို ပြန်လည်မြှင့်တင်ရန်အတွက် လူသားပစ်မှတ်ထား တိုက်ခိုက်သောမိုင်းတားမြစ်ရေး သဘောတူစာချုပ်၏ အရေးကြီးမှုကို အသိအမှတ်ပြုသည်။ ကျွန်ုပ်တို့သည် လူသားအပေါ် ဘေးဒုက္ခကျရောက်မှုများကို လျှော့ချရာ၌ သဘောတူစာချုပ်ကို ကမ္ဘာတစ်ဝှမ်းလွှမ်းခြုံရေးသည် အဓိကကျကြောင်းလည်း ယုံကြည်သည်။ အနာဂတ်တွင် လူသားပစ်မှတ်ထား တိုက်ခိုက်သောမိုင်းများ အသုံးပြုမှု ကို ရပ်တန့်ရေးလုပ်ငန်း၌ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးက အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံးလုပ်ငန်း ဖြစ်သည်။ Statement of Myanmar၊ မိုင်းတားမြစ်ရေးပဋိညာဉ်ကို စတုတ္ထအကြိမ်မြောက်ပြန်လှန် သုံးသပ်ခြင်း စုံညီဆွေးနွေးပွဲ၊ အော်စလိုမြို့၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့။

၄။ Myanmar, Explanation of Vote on Resolution L.45, 74th Session, UN General Assembly (UNGA) First Committee, New York, 6 November 2019. UNGA, Official Records, A/C.1/74/PV25, p. 1. ၎င်းမှာ ယခင်နှစ်က သူ၏ ထုတ်ပြန်ချက်နှင့် အတူတူနီးပါးဖြစ်သည်။
Myanmar, Explanation of Vote on Resolution L.53/rev.1, 73rd Session, UNGA First Committee, Audio Record of 31st Meeting (at 19 mins.), New York, 8 November 2018. See also, Myanmar, Explanation of Vote on Resolution L.40, 72nd Session, UNGA First Committee, New York, 31 October 2017. UNGA, Official Records, A/C.1/72/PV26, pp. 18–19/29.

၅။ Statement of Myanmar, Mine Ban Treaty Eighteenth Meeting of States Parties, held virtually, 16 November 2020.

၆။ ၂၀၁၇ ခုနှစ်၊ ဖွန်လတွင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိများက ICBL ကို ပြောကြားသည်မှာ အစိုးရအနေဖြင့် မိုင်းတားမြစ်ရေး ပဋိညာဉ်ကို လက်ခံကျင့်သုံးရန် တက်ကြွစွာစဉ်းစားလျက်ရှိသော်လည်း မြန်မာနိုင်ငံမှ ပါဝင်နိုင်မည့် အချိန်အခါကိုမူ မပေးနိုင်ပါ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းနှင့် စောင့်ကြည့်လေ့လာရေးအဖွဲ့တို့ အစည်းအဝေး၊ နေပြည်တော်၊ ၂၀၁၇ ခုနှစ်၊ ဖွန်လ ၂၆ ရက်နေ့၊ ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန၊ အထွေထွေ ဥပဒေအရာရှိရုံးမှ ဒုတိယဗိုလ်မှူးကြီး မျိုးဝင်းအောင်၊ နေပြည်တော်၊ ၂၀၁၇ ခုနှစ်၊ ဖွန်လ ၂၆။ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လတွင် ထိုအချိန်က နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ ဦးဝဏ္ဏမောင်လွင်က မြန်မာနိုင်ငံအနေဖြင့် မိုင်းတားမြစ်ရေးပဋိညာဉ်အား လက်ခံကျင့်သုံးရန် စဉ်းစား လျက်ရှိကြောင်း ထုတ်ပြန်ခဲ့သည်။ မိုင်းတားမြစ်ရေးပဋိညာဉ် အကောင်အထည်ဖော်ရေးအဖွဲ့ (ISU) ၏ သတင်းစာရှင်းလင်းပွဲ ထုတ်ပြန်ချက်၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့။ "Union Minister for International Cooperation U Kyaw Tin receives Prince Mired Ra'ad Al-Hussein, Special Envoy of the Convention on the Prohibition of the Use, Stockpiling, Production and Transfer of Anti-Personnel Mines and on Their Destruction (Ottawa Convention)," Global New Light of Myanmar, 30 May 2018; and Anti-Personnel Mine Ban Convention (APMBC) press release, "Mine Ban Convention Special Envoy to visit Myanmar," 24 May 2018.

မြန်မာနိုင်ငံ၏ လက်နက်ကိုင်တပ်ဖွဲ့များနှင့် ဆန့်ကျင်ဘက်မှ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ (NSAGs) နှစ်ဘက်လုံးက လူသားပစ်မှတ်ထားတိုက်ခိုက်သည့် မြေမြှုပ်မိုင်းများကို အသုံးပြုကြသည်။

မြန်မာနိုင်ငံသည် ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ ဖြေရှင်းချက် ၇၅/၅၂ တွင် မဲမပေးဘဲနေခဲ့ပြီး ၎င်းဖြေရှင်းချက်မှာ မိုင်းတားမြစ်ရေးပဋိညာဉ်ကို ကမ္ဘာတစ်ဝှမ်း လွှမ်းခြုံရေး အားပေးမြှင့်တင်ချက်ဖြစ်သည်။ မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်မှစ၍ ပဋိညာဉ်ကို ထောက်ခံသည့် နှစ်စဉ် UNGA ဖြေရှင်းချက်တွင် မဲမပေးခဲ့ပေ။[၇]

၁၉၉၆-၁၉၉၇ ခုနှစ်များတွင် ကျင်းပပြီး မိုင်းတားမြစ်ရေး ပဋိညာဉ်ကို ဖန်တီးခဲ့သည့် အိုတာဝါ လုပ်ငန်းအစည်းအဝေးများတွင် မြန်မာနိုင်ငံသည် လေ့လာသူအဖြစ်ပင် တက်ရောက်ခြင်း မရှိခဲ့ပါ။ ထို့နောက်မှစ၍ မြန်မာနိုင်ငံသည် မိုင်းတားမြစ်ရေးပဋိညာဉ်၏ အစည်းအဝေးများတွင် လေ့လာသူအဖြစ် တက်ရောက်ခဲ့ပြီး ၎င်းတွင် ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် အော်စလိုမြို့၌ ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် ပြန်လှန်သုံးသပ်ခြင်း စုံညီဆွေးနွေးပွဲလည်း ပါဝင်သည်။[၈] လတ်တလော အဖြစ်ဆုံးမှာ မြန်မာနိုင်ငံသည် ၂၀၂၀ ခုနှစ်နိုဝင်ဘာလ၌အွန်လိုင်းမှကျင်းပခဲ့သည့်(၁၈)ကြိမ်မြောက်အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးတွင်ပါဝင်ခဲ့ပြီးကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

၂၀၂၀ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ မိုင်းကင်းစင်ရေးအဖွဲ့ Mine-Free Myanmar (၂၀၀၃ ခုနှစ်တွင် ICBL မှ မြန်မာနိုင်ငံ၌မြေမြှုပ်မိုင်းတားမြစ်ရေးကိုမြှင့်တင်ရန်စတင်ခဲ့သောလှုပ်ရှားမှုတစ်ခု)ကရန်ကုန်မြို့တွင်အွန်လိုင်းသတင်းစာရှင်းလင်းပွဲတစ်ရပ်ကျင်းပခဲ့ပြီး မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေး အစီရင်ခံစာ ၂၀၂၀ ကို ထုတ်ဝေကာ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ မြန်မာနိုင်ငံနှင့်ပတ်သက်သော နောက်ဆုံးရအချက်အလက်များ ဗမာဘာသာပြန် (၁၂၀၀) ခုကို ဖြန့်ဝေခဲ့သည်။[၉] ၂၀၂၀ ခုနှစ်တွင် မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့နှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ မြန်မာနိုင်ငံ သတင်းအချက်အလက် စီမံခန့်ခွဲရေးအဖွဲ့ (MIMU) တို့က နိုင်ငံရှိ မြေမြှုပ်မိုင်းဒဏ်ခံ နေရာများ၏ နောက်ဆုံးရမြေပုံနှင့် မြေမြှုပ်မိုင်းများ၏ အကျိုးသက်ရောက်မှုကို ပြသသည့် သတင်းပုံကားချပ်များကို ထုတ်ပြန်ခဲ့သည်။[၁၀]

## ထုတ်လုပ်မှု၊ လွှဲပြောင်းမှုနှင့် သိုလှောင်မှု

ကပစ ခေါ် မြန်မာ့ ကာကွယ်ရေးနှင့် စစ်ပစ္စည်း ထုတ်လုပ်ရေးစက်ရုံများသည် ပဲခူးတိုင်း အနောက်ပိုင်းရှိ ညောင်ခြေထောက်ဒေသတွင် တည်ရှိသည့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်ပြီး လူသားပစ်မှတ်ထားတိုက်ခိုက်သည့် မြေမြှုပ်မိုင်းများထုတ်လုပ်ရာဖြစ်သည်။[၁၁]

မြန်မာနိုင်ငံတွင် လှုပ်ရှားနေကြသည့် NSAG များက နိုင်ငံပိုင် ကပစ မှ ထုတ်လုပ်ပြီး ရှေ့တန်း တပ်မတော် တပ်ဖွဲ့များမှအသုံးပြုရန် ယူဆောင်လာသည့် လူသားပစ်မှတ်ထားတိုက်ခိုက်သော မြေမြှုပ်မိုင်းများ၏ ဓာတ်ပုံများကို ထုတ်ပြန်လေ့ရှိသည်။[၁၂]

၂၀၂၀ ခုနှစ်တွင် ရခိုင်ပြည်နယ်၌လှုပ်ရှားနေသော NSAG တစ်ခုဖြစ်သည့် ရက္ခိုင့်တပ်တော် (AA) က မြန်မာ့ကာကွယ်ရေးနှင့်စစ်ပစ္စည်း ထုတ်လုပ်ရေး စက်ရုံများ မှ ပြုလုပ်ထားသည့် MM2၊ MM5၊ MM6 အမျိုးအစား လူသားပစ်မှတ်ထားတိုက်ခိုက်သည့်

---

၇။ ၁၉၉၆ ခုနှစ်တွင် အစိုးရများအား လူသားပစ်မှတ်ထား တိုက်ခိုက်သော မြေမြှုပ်မိုင်းများ တားမြစ်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီမှုတစ်ခု တည်ဆောက်ရန် UNGA ဖြေရှင်းချက်တစ်ခုကို မြန်မာနိုင်ငံက ထောက်ခံမဲပေးခဲ့သော်လည်း ၁၉၉၇ တွင် မိုင်းတားမြစ်ရေး ပဋိညာဉ်ကို လက်မှတ်ထိုးနိုင်ကြောင်း စတင်ဖွင့်လှစ်လိုက်သည့်အချိန်၌မူ မဲမပေးဘဲ နေခဲ့သည်။

၈။ မြန်မာနိုင်ငံက မိုင်းတားမြစ်ရေး ပဋိညာဉ် အဖွဲ့ဝင်နိုင်ငံများ၏ အစည်းအဝေးများကို ၂၀၀၃၊ ၂၀၀၆ နှင့် ၂၀၁၁-၂၀၁၃ ခုနှစ်များတွင် တက်ရောက်ခဲ့သည်။ ၎င်းက ၂၀၀၄၊ ၂၀၀၉ နှင့် ၂၀၁၄ ခုနှစ်တို့တွင် ကျင်းပခဲ့သည့် မိုင်းတားမြစ်ရေးပဋိညာဉ် ပြန်လှန်သုံးသပ်ခြင်း စုံညီဆွေးနွေးပွဲများတွင်မူ မတက်ရောက်ခဲ့ပေ။ မြန်မာနိုင်ငံက ဂျီနီဗာမြို့တွင် ကျင်းပသည့် မိုင်းတားမြစ်ရေးပဋိညာဉ်၏ ကဏ္ဍစုံ အစည်းအဝေးများတွင်မူ ၂၀၁၃-၂၀၁၄၊ ၂၀၁၆၊ ၂၀၁၉ နှင့် ၂၀၂၁ ခုနှစ်၊ ဖွန်လတို့တွင် တက်ရောက်ခဲ့သည်။

၉။ ICBL လှုပ်ရှားမှုကို ဦးဆုံးအားဖြင့် "ဗမာနိုင်ငံ/မြန်မာနိုင်ငံ၏ မိုင်းအသုံးပြုမှု ရပ်တန့်ရေး" ဟု သိရှိခဲ့ကြသည်။ ကြည့်ရန် Mine-Free Myanmar website.

၁၀။ Mine-Free Myanmar, “Updated Landmine Hazard map and Landmine Infographic,” 1 December 2020; and “Townships with Suspected Landmine/ERW Contamination according to reported Landmine/ERW Casualties in Myanmar 2019,” MIMU, 1 July 2020. မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာမှု အစီရင်ခံချက်များ (၂၀၀၇-၂၀၁၉) မှ ၁၂ နှစ်စာ ခြုံငုံသုံးသပ်ချက်ကို ပေးသည့် သတင်းအချက်အလက်ပြ ပုံကားချပ်တစ်ခု။ MIMU က ၎င်းသတင်းပြပုံကားချပ်သည် သူတို့ ထုတ်လုပ်မှုများအနက် အတောင်းဆိုခံရဆုံးထဲမှ တစ်ခုဖြစ်ခဲ့ကြောင်း သတင်းပို့သည်။

၁၁။ မြန်မာနိုင်ငံက လူသားပစ်မှတ်ထားတိုက်ခိုက်သော မြေမြှုပ်မိုင်း အမျိုးအစား ၅ ခု ထုတ်လုပ်သည်။ တရုတ်ထုတ် ၅၉ အမျိုးအစား တိုက်မိုင်း၏ ပုံစံကိုယူထားသော MM1၊ တရုတ်ထုတ် ၅၈ အမျိုးအစား ဖောက်ခွဲမိုင်းနှင့် ဆင်တူသော MM2၊ ခုန်ထွက်မိုင်းတစ်မျိုးဖြစ်သော MM3၊ ရှေ့ထွက်မိုင်းအမျိုးအစားဖြစ်သော MM5၊ US ၏ M14 အမျိုးအစား သတ္တုပါဝင်မှုနည်းသည့် လူသားပစ်မှတ်ထား တိုက်ခိုက်သောမိုင်းကို ပုံတူကူးထားသည့် MM6 တို့ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကားမိုင်းတစ်ခုဖြစ်သော MM4 အမျိုးအစားကိုလည်း ထုတ်လုပ်သည်။

၁၂။ ကြည့်ရန် AA, “Battle News,” ရက်စွဲဖော်ပြမထားပါ။ AA မှ ၂၀၂၀ ခုနှစ်တွင် သိမ်းပိုက်မိသည်ဟုဆိုသော MM2၊ MM5၊ MM6 မိုင်းများနှင့် အခြားလက်နက်များကို ဖော်ပြထားသည့် ဓါတ်ပုံများ။

မြေမြှုပ်မိုင်းများ၏ ဓာတ်ပုံများကို ထုတ်ပြန်ခဲ့သည်။ ၂၀၂၁ ခုနှစ် မေလတွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) နှင့် ရခိုင်အမျိုးသားကောင်စီ (ANC) တို့က ၎င်းတို့တပ်ဖွဲ့များမှ ကရင်ပြည်နယ် ထိုင်းနယ်စပ်အနီးရှိ တပ်မတော်၏ စစ်အခြေစိုက်စခန်းတစ်ခုကို သိမ်းယူပြီးချိန်တွင် ရရှိခဲ့သည့် MM2 အမျိုးအစား လူသားပစ်မှတ်ထား တိုက်ခိုက်သည့် မြေမြှုပ်မိုင်းများကို ပြသခဲ့သည်။[၁၃] ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် မြန်မာအမျိုးသား ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (MNDAA) က မူဆယ်မြို့နယ် အရှေ့ပိုင်းတွင် တပ်မတော်နှင့် တိုက် ခိုက်ပြီးနောက် သိမ်းယူရရှိသည့် MM5 နှင့် MM6 အမျိုးအစား လူသားပစ်မှတ်ထားတိုက်ခိုက်သည့် မြေမြှုပ်မိုင်းများကို ပြသခဲ့သည်။[၁၄]

၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ NSAG တစ်ခုက မြန်မာ့ကာကွယ်ရေးနှင့် စစ်ပစ္စည်း ထုတ်လုပ်ရေးစက်ရုံများမှ ပြုလုပ်ထားသည့် MM-2 အမျိုးအစား လူသားပစ်မှတ်ထား တိုက်ခိုက်သည့် မြေမြှုပ်မိုင်းများ၏ ဓာတ်ပုံများကို ထုတ်ပြန်ခဲ့ပြီး ၎င်းလက်နက်များတွင် ၂၀၁၈ ခုနှစ်က ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း အမှတ်အသားများလည်း ပါရှိသည်။[၁၅]

မြန်မာနိုင်ငံသည် တရုတ်၊ အိန္ဒိယ၊ ရုရှား သို့မဟုတ် ယခင် ဆိုဗီယက်ပြည်ထောင်စုနှင့် အမေရိကန်ပြည်ထောင်စု (US) တို့မှ လူသား ပစ်မှတ်ထား တိုက်ခိုက်သည့် မြေမြှုပ်မိုင်းများကို တင်သွင်းခဲ့သည် သို့မဟုတ် အခြားနည်းဖြင့် လက်ခံခဲ့၊ ရရှိခဲ့ပြီး အသုံးပြုခဲ့သည်။[၁၆] မြန်မာနိုင်ငံမှ လူသားပစ်မှတ်ထား တိုက်ခိုက်သည့် မြေမြှုပ်မိုင်းများ တင်ပို့ခဲ့သည်ဟူ၍မူ မသိရပါ။[၁၇]

အစိုးရမှ သိုလှောင်ထားသည့် လူသားပစ်မှတ်ထား တိုက်ခိုက်သည့် မြေမြှုပ်မိုင်းများ၏ အမျိုးအစား၊ အရေအတွက်နှင့် ပတ်သက်၍ အများပြည်သူမှ သိရှိနိုင်သည့် သတင်းအချက်အလက် မရှိပါ။

## အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များမှ ထုတ်လုပ်ခြင်း၊ လွှဲပြောင်းခြင်းနှင့် သိုလှောင်ခြင်း

မြန်မာနိုင်ငံရှိ NSAG များစွာက လူသားပစ်မှတ်ထား တိုက်ခိုက်သည့် မြေမြှုပ်မိုင်းများကို ထုတ်လုပ်ထားပြီး ၎င်းတွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)၊ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA)၊ ဒီမိုကရေစီ ကရင် အကျိုးပြုတပ်မတော် (DKBA) တို့လည်း ပါဝင်သည်။ ၎င်းတို့နှင့် အခြားသော NSAG များသည် ဒေသတွင်း၌ ရရှိနိုင်သည့် ကုန်ကြမ်းပစ္စည်းများကိုသုံး၍ ထပ်ဆင့်ပေါက်ကွဲမိုင်းများကို ထုတ်လုပ်ပြီး မွမ်းမံကြသည်။ လူတိုက်မိုင်းများ ဖြစ်ပါက အဆိုပါ လက်လုပ်မိုင်းများ (IEDs) ကို မိုင်းတားမြစ်ရေးပဋိညာဉ် မှ တားမြစ်ထားသည့် လူသားပစ်မှတ်ထား တိုက်ခိုက်သည့် မြေမြှုပ်မိုင်းများအဖြစ် ယူဆနိုင်သည်။ အချို့သော NSAG များက ရှေ့ထွက်မိုင်းများနှင့် အဝေးထိန်း ကားမိုင်းများကိုလည်း ထုတ်လုပ်ထားသည်။

မြန်မာနိုင်ငံရှိ NSAG များက ၂၀၂၀-၂၀၂၁ ခုနှစ်များတွင် လက်လုပ်မိုင်းများကို ဆက်လက် ထုတ်လုပ်လျက်ရှိကြောင်း သေချာသည့် သက်သေ အထောက်အထားများလည်း စောင့်ကြည့်လေ့လာရေးအဖွဲ့မှ ရရှိထားသည်။[၁၈]

မြန်မာနိုင်ငံရှိ NSAG များသည် မြေမြှုပ်မိုင်းများကို မိုင်းကွင်းများမှ တူးဖော်၍လည်းကောင်း၊ တပ်မတော်သိုလှောင်ရုံများကို စီးနင်း၍ လည်းကောင်း၊ မှောင်ခို လက်နက်ဈေးကွက်မှ ရယူ၍လည်းကောင်း ရရှိကြသည်။[၁၉]

---

၁၃။ Mine-Free Myanmar, "Antipersonnel landmines found at Tatmadaw frontline military outpost," 9 May 2021.

၁၄။ "15 Myanmar Junta Soldiers Reported Killed in Shan State," The Irrawaddy, 31 August 2021. ထိုမိုင်းများကို အသုံးမပြုမီ သိမ်းပိုက်ခံလိုက်ရသော်လည်း ၎င်းတို့မှာ လက်နက်အနည်းငယ်တပ်ဆင်ထားရာ ရှေ့တန်း အခြေစိုက်စခန်းတစ်ခုမှဖြစ်ကြောင်း သတင်းပို့ထားသည်။ ၎င်းမှာ မြန်မာစစ်တပ်က စောင့်ကြည့်လေ့လာရေးအဖွဲ့အား သူတို့အနေဖြင့် မိုင်းများအသုံးပြုကြောင်း ဖော်ပြသည့် အခြေအနေ အမျိုးအစား ဖြစ်သည်။

၁၅။ The allegation and photographs were published on a Facebook page associated with the Restoration Council of Shan State (RCSS), 3 December 2019.

၁၆။ See ICBL, Landmine Monitor Report 2004: Toward a Mine-Free World (New York: HRW, October 2004), p. 938. The mines include Chinese Types-58, -59, -69, and -72A; Soviet POMZ-2, POMZ-2M, PMN-1, and PMD-6; US M14, M16A1, and M18; and Indian/British LTM-73 and LTM-76.

၁၇။ ၁၉၉၉ ခုနှစ်တွင် မြန်မာနိုင်ငံ၏ UN ဆိုင်ရာ ကိုယ်စားလှယ်က နိုင်ငံအနေဖြင့် လူသားပစ်မှတ်ထားတိုက်ခိုက်သောမိုင်းများ တင်ပို့မှုကို တားမြစ်ရန် ထောက်ခံကြောင်း ဆိုခဲ့သည်။ သို့သော် တရားဝင် ကန့်သတ်ချက် သို့မဟုတ် တင်ပို့မှုတားမြစ်ချက်များကို မဆောင်ရွက်ခဲ့ပါ။ Landmine Monitor Report 2000: Toward a Mine-Free World, (New York: HRW, August 2000)၊ စာ 469 ကို ကြည့်ရန်။

၁၈။ ရှမ်းပြည်နယ်မြောက်ပိုင်းမှ လက်လုပ်မိုင်းတစ်ခု၏ ဓါတ်ပုံများ၊ ထိုမိုင်းသည် ဘတ်ထရီမလိုအပ်ဘဲ တုန်ခါမှုဖြင့် ကွဲသောမိုင်းဖြစ်သည်။ ထိုမိုင်းကို ရှမ်းပြည်တပ်မတော်-တောင်ပိုင်း (SSA-S) မှ ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း ဆိုသော်လည်း စောင့်ကြည့်လေ့လာရေးအဖွဲ့အနေဖြင့် ၎င်းစွဲချက်ကို အတည်ပြုရန် မတတ်နိုင်ပါ။ သတင်းအချက်အလက်မှာ အမည်မဖော်ရန် တောင်းဆိုထားသော သတင်းပေးတစ်ဦးက ပေးခဲ့သော သတင်းဖြစ်သည်။ ရွှေဖီမြေ သတင်းဌာနမှတွင် တင်ခဲ့သည့် သတင်းဗီဒီယိုတစ်ခုအရ အဆိုပါမိုင်းကို ရှမ်းပြည်တပ်မတော်တောင်ပိုင်း (SSA-N) မှ ပုန်ကုန်သူများက ရှင်းလင်းခဲ့ကြောင်း အစီရင်ခံထားသည်။

၁၉။ မြေမြှုပ်မိုင်း စောင့်ကြည့်လေ့လာရေးအဖွဲ့ ၂၀၀၉ က မြန်မာနိုင်ငံတွင် US ထုတ် M26 ခုန်ထွက်မိုင်း အမျိုးအစား လူသားပစ်မှတ်ထားတိုက်ခိုက်သော မိုင်းများ ရှိနေကြောင်းဆိုသော်လည်း ရင်းမြစ် သို့မဟုတ် အသုံးပြုသူကို ဖော်ထုတ်နိုင်ခြင်း မရှိခဲ့ပါ။ ၂၀၁၀ ခုနှစ်တွင် လျို့ဝှက် သတင်းရင်းမြစ်တစ်ခုက KNLA အနေဖြင့် ယခင်က ထိုင်းနိုင်ငံမှ ၎င်းတို့ မိုင်းတားမြစ်ရေး ပဋိညာဉ်တွင် မပါဝင်မီအချိန်၌ ထိုင်းတော်ဝင်တပ်မတော်ထံမှ M26 မိုင်းများစွာကို လက်ခံရရှိခဲ့ကြောင်း ဖော်ပြခဲ့သည်။

## လူသားပစ်မှတ်ထား တိုက်ခိုက်သောမိုင်းများ အသုံးပြုမှု

မြေမြှုပ်မိုင်း စောင့်ကြည့်လေ့လာရေးအဖွဲ့သည် တပ်မတော်နှင့် မြန်မာနိုင်ငံရှိ NSAG များစွာမှ လူသားပစ်မှတ်ထား တိုက်ခိုက်သောမိုင်းများ အသုံးပြုမှုကို ၁၉၉၉ ခုနှစ်က ပထမအကြိမ် မြေမြှုပ်မိုင်း စောင့်ကြည့်လေ့လာရေးအဖွဲ့ နှစ်ပတ်လည် အစီရင်ခံစာ ထုတ်ဝေချိန်မှစ၍ မှတ်တမ်းတင်ထားသည်။

## အစိုးရတပ်ဖွဲ့များမှ အသုံးပြုမှုအသစ်

မြန်မာအစိုးရတာဝန်ရှိသူများက နိုင်ငံ့လက်နက်ကိုင်တပ်ဖွဲ့များ၏ မြေမြှုပ်မိုင်းအသုံးပြုနေမှုကို အသိအမှတ်ပြုထားသည်။ ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ကာကွယ်ရေး ပြည်ထောင်စုဝန်ကြီးရုံးမှ တာဝန်ရှိသူတစ်ဦးက စောင့်ကြည့်လေ့လာရေးအဖွဲ့အား တပ်မတော်သည် နယ်စပ်ဒေသများနှင့် အခြေခံအဆောက်အအုံများ တစ်ဝိုက်တွင် မြေမြှုပ်မိုင်းများကို အသုံးပြုနေဆဲဖြစ်ကြောင်း ပြောကြားခဲ့သည်။[၂၀] ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ကာကွယ်ရေး ဒုတိယဝန်ကြီးဖြစ်သူ ဗိုလ်မှူးချုပ် မြင့်နွယ်က မြန်မာလွှတ်တော်အား စစ်တပ်အနေဖြင့် ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခများတွင် မြေမြှုပ်မိုင်းများကို ဆက်လက်သုံးစွဲနေကြောင်း ပြောခဲ့သည်။[၂၁]

အစီရင်ခံတင်ပြမှုကာလအတွင်း အစိုးရတပ်ဖွဲ့များ၏ မိုင်းအသစ်များအသုံးပြုမှုအပေါ် ပြောဆိုချက်များတွင် အောက်ပါတို့ ပါဝင်သည် -

- ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့တွင် ကယားပြည်နယ်၌ တပ်မတော်၏ ဝင်ရောက်စီးနင်းမှုအပြီး ရွာသို့ပြန်လာကြသော ရွာသားများအနက် အရပ်သားတစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ဒေသခံ ယာယီတပ်သားတစ်ဦးက စစ်တပ်မှ ချန်ရစ်ခဲ့သော မြေမြှုပ်မိုင်း (၃၀) ကို တွေ့ရှိသည်ဟု ဆိုသည်။[၂၂]
- ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် မူဆယ်မြို့နယ်၊ နန့်ထွေး ကျေးရွာအနီးရှိ မိုဘိုင်းဖုန်းတာဝါတိုင်တစ်ခု၏ အပြင်ဘက်၌ မြှုပ်ထားသည့် မြေမြှုပ်မိုင်းတစ်ခုကို နင်းမိရာမှ စစ်တပ်ပိုင် တယ်လီဖုန်းဆက်သွယ်ရေး ကုမ္ပဏီဝန်ထမ်းတစ်ဦး အပြင်းအထန် ဒဏ်ရာရရှိသွားခဲ့သည်။ ၎င်းမှာ တပ်မတော်အနေဖြင့် ဒေသခံ ယာယီတပ်သားအဖွဲ့များ၏ ခပ်စိပ်စိပ် တိုက်ခိုက်မှုများကို တုံ့ပြန်ရန် မိုဘိုင်းဖုန်းတာဝါတိုင်များ၏ အောက်ခြေတွင် မိုင်းထောင်နေကြောင်း စွပ်စွဲမှုများအပြီး ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။[၂၃]
- ၂၀၂၁ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်ရှိ ဥစုံးတောင်ကျေးရွာမှ တပ်မတော်အခြေစိုက်စခန်းတစ်ခု၏ အပြင်ဘက်တွင် မြေမြှုပ်မိုင်းတစ်ခုကြောင့် လယ်သမားအမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ ဒေသခံများ၏ ပြောကြားချက်အရ အဆိုပါနေရာမှာ လယ်သမားများ ပုံမှန်အသုံးပြုနေသည့်နေရာဖြစ်ပြီး ယခင်က မိုင်းကွဲမှု စသည့် ဖြစ်ပွားမှုမျိုး မရှိခဲ့ဖူးပါ။[၂၄]
- ၂၀၂၁ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့တွင် ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်ရှိ မြည်တုံးမယ် ကျေးရွာမှ ရွာသားများက တပ်မတော်သည် တပ်မတော်အခြေစိုက်စခန်းတစ်ခုအနီး နွားကျောင်းနေသည့် ကလေးတစ်ယောက်အား အသက်ဆုံးရှုံးစေခဲ့သည့် မိုင်းတစ်ခုကို ထောင်ထားခဲ့ကြောင်း ဆိုသည်။[၂၅]

---

၂၀။ အရာရှိက ပြောသည်မှာ "နယ်စပ်ဒေသများတွင် တပ်မတော်၏ အရေအတွက်နည်းပါက သူတို့က သူတို့နေရာတစ်ဝိုက်တွင် မိုင်းများထောင်ထားမည်ဖြစ်သော်လည်း သူတို့အရေအတွက် နည်းပါးနေမှသာ ဖြစ်သည်။ မိုင်းများကို မိုက်ခရိုဝေ့ဗ် မျှော်စင်များကဲ့သို့ အခြေခံအဆောက်အအုံများတစ်ဝိုက်တွင်လည်း ထောင်ထားလေ့ရှိသည်။ အကယ်၍ ၎င်းတို့က ကျေးရွာများအနားတွင်ဖြစ်ပါက သူတို့ကို သတိပေးပါသည်။ အကယ်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ခု၏ ထိန်းချုပ်နယ်မြေ၌ တပ်မတော်စခန်းတစ်ခုရှိပြီး ၎င်းတို့ စနိုက်ပါဒဏ်ခံရခြင်း၊ ထိခိုက်ခံရခြင်းများဖြစ်ပါက သူတို့၏ စခန်းတစ်ဝိုက်တွင် မိုင်းများ ထောင်လိမ့်မည်။" စောင့်ကြည့်လေ့လာရေးအဖွဲ့နှင့် ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေး ပြည်ထောင်စုဝန်ကြီးရုံး၊ လက်ထောက်အတွင်းဝန်ဖြစ်သူ ဦးမင်းထိုက်ဟိန်းတို့အကြား အစည်းအဝေး၊ နေပြည်တော်၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့။

၂၁။ "Pyithu Hluttaw hears answers to questions by relevant ministries," Global New Light of Myanmar, 13 September 2016. ဒုဝန်ကြီးက ဆိုသည်မှာ တပ်မတော်အနေဖြင့် နိုင်ငံပိုင် စက်ရုံများ၊ တံတားများနှင့် လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရာ တာဝါတိုင်များကိုလည်းကောင်း၊ စစ်တပ်လှုပ်ရှားမှုများအတွင်း ၎င်းတို့၏ ကင်းစခန်းများကိုလည်းကောင်း ကာကွယ်ရန် မြေမြှုပ်မိုင်းများကို အသုံးပြုခဲ့ကြောင်းဆိုသည်။ ဒုဝန်ကြီးက စစ်တပ်အနေဖြင့် ကင်းစခန်းများကို စွန့်ခွာသည့်အချိန်တွင် မြေမြှုပ်မိုင်းများကို ဖယ်ရှားကြောင်းနှင့် မိုင်းများမြှုပ်နှံထားပြီး စစ်သားများမရှိသည့်နေရာများတွင် အသိပေးအမှတ်အသားများကို ပြထားကြောင်းလည်း ပြောခဲ့သည်။

၂၂။ "Myanmar Junta Accused of Targeting Civilians with Landmines", The Irrawaddy, 29 September 2021.

၂၃။ "A staff who came to fix Mytel phone tower at Muse Township lost his feet after stepping on a landmine", Eleven Myanmar, 29 September 2021. See also, "Security forces today laid mines by a Mytel tower in Mogok, Mandalay Region, according to local residents who had been ordered by the military troops involved to evacuate their homes." Democratic Voice of Burma, 15 September 2021.

၂၄။ "In Kyauktaw, a villager stepped on a landmine and lost one of his legs," Myanmar Now, 18 August 2021.

၂၅။ "A teenager was killed when he stepped on a landmine planted by the military council," Burma News International (BNI), 9 August 2021.

- ၂၀၂၁ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်ရှိ သစ်ညီနောင်ကျေးရွာအပြင်ဘက်၌ ယခင်က တပ်မတော် စစ်သားများ နှစ်ရက်ကြာ စခန်းချခဲ့သည့်နေရာတွင် ဆင်ထားသော မြေမြှုပ်မိုင်းတစ်ခုကြောင့် အမျိုးသားနှစ်ဦး သေဆုံးခဲ့ရသည်။[၂၆]
- ၂၀၂၁ ခုနှစ် ဇွန်လ ၈ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန်က သူ့အနေဖြင့် တပ်မတော်မှ ကယားပြည်နယ်ရှိ အများပိုင်လမ်းများပေါ်၌ မိုင်းများထောင်ထားကြောင်း အစီရင်ခံချက်များကို ရရှိခဲ့သည်ဟုဆိုကာ ၎င်းမှာ နေရာရွှေ့ပြောင်းခံရသူများအတွက် အကူအညီပေးမှုများကို တားဆီးရန် အားထုတ်မှုတစ်ရပ်အဖြစ် ပေါ်လွင်သည်။[၂၇]
- ၂၀၂၁ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် တပ်မတော်၏ လက်အောက်ရှိ မြန်မာ နယ်စပ်ဒေသကာကွယ်ရေးတပ်ဖွဲ့ အမှတ် ၁၀၁၄ မှ ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်ရှိ လယ်ယာများတွင် မြေမြှုပ်မိုင်းများထောင်ခဲ့သည်ဟု အစီရင်ခံချက်ရှိပြီး ၎င်းမိုင်းများက ရွာသား တစ်ဦးကို အသက်ဆုံးရှုံးစေခဲ့ပြီး နောက်တစ်ဦးကို ထိခိုက်ဒဏ်ရာ ရစေခဲ့သည်။[၂၈]
- ထို့အတူပင် ၂၀၂၁ ခုနှစ်၊ ဇွန်လတွင် -
  - တပ်မတော် ခြေလျင်တပ် အမှတ် (၁၄၂) က ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်ရှိ ဒွေါဖုန်းယန်အနီး ၎င်း၏ အခြေစိုက်စခန်း တစ်ဝိုက်တွင် မိုင်းများထောင်ခဲ့ကြောင်း အစီရင်ခံချက်ရှိပြီးနောက် အရပ်သားသေဆုံးမှုတစ်ခု ဖြစ်ပွားခဲ့သည်။[၂၉]
  - ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်မှ ဒေသခံ ယာယီတပ်သားတစ်ဦးက ရုပ် ကျေးရွာအနီး ဒေသခံ ကလေးတစ်ဦးကို အသက်ဆုံးရှုံး စေခဲ့သော မိုင်းအသုံးပြုမှုအတွက် တပ်မတော်တပ်ဖွဲ့များတွင် တာဝန်ရှိကြောင်း စွပ်စွဲခဲ့သည်။[၃၀]
- ၂၀၂၁ ခုနှစ်၊ မေလတွင် -
  - တပ်မတော် သတင်းပေးတစ်ဦးက ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၌ နေရာသုံးခုတွင် စစ်တပ်က မိုင်းများထောင်ထားကြောင်း ပြောသည်။[၃၁]
  - ရှမ်းပြည်နယ်၊ ကွတ်ခိုင်မြို့နယ်ရှိ ရွာသားများက တပ်မတော် တပ်ဖွဲ့များမှ နမ့်ပါချီ ကျေးရွာအနီးတွင် မိုင်းများထောင်ထားကြောင်း စွပ်စွဲခဲ့သည်။[၃၂]
  - တပ်မတော်သည် ရိက္ခာပြန်လည်ဖြည့်တင်းရေး လှုပ်ရှားမှုများအတွင်း ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းရှိ ကျောက်ကြီး-စောထ လမ်းပိုင်းတစ်လျှောက် MM6 အမျိုးအစား မြေမြှုပ်မိုင်းများကို ထောင်ခဲ့ကြောင်း အစီရင်ခံချက်ရှိသည်။[၃၃]
  - တပ်မတော်သည် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်ရှိ မဲကလော ကျေးရွာအနီးတွင် လယ်ကွင်းများသို့ ဝင်ရောက်မှုကို တားဆီး ရန် မိုင်းများ ထောင်ခဲ့ကြောင်း အစီရင်ခံချက်ရှိသည်။[၃၄]
- ၂၀၂၁ ခုနှစ်၊ ဧပြီလတွင် တပ်မတော် ခြေမြန်တပ် အမှတ် (၄၃၄) က ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်ရှိ ဘို့ထ ကျေးရွာအနီးတွင် မိုင်းများ ထောင်ခဲ့ကြောင်း အစီရင်ခံချက်ရှိသည်။[၃၅]
- ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနှင့် မေလအကြားတွင် တပ်မတော်သည် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ မဲပိုင်း ကျေးရွာရှိ ၎င်းတို့

---

၂၆။ "Two people were killed when a landmine exploded on Kyee Ngo Mountain," Civil Disobedience Movement (CDM) Myanmar, 30 July 2021.

၂၇။ UN အထူးကိုယ်စားလှယ် Tom Andrews (RapporteurUn) "ကယားပြည်နယ်၌ အာဏာသိမ်းအုပ်စု၏ ဗုံးများကို ရှောင်ရှားရန် တောအုပ်အတွင်း ထွက်ပြေး နေရသည့် လူ ၁၀၀,၀၀၀ အနက် များစွာမှာ ယခုအချိန်တွင် အာဏာသိမ်းအုပ်စုမှ အစားအစာ၊ ရေနှင့် ဆေးဝါးများ ဖြတ်တောက်ခြင်းပါ ခံနေရသဖြင့် အစာရေ စာငတ်ပြတ်မှု၊ ရောဂါနှင့် ထိတွေ့မှုများကြောင့် အစုလိုက်အပြုံလိုက် သေဆုံးခြင်းများ ဖြစ်နိုင်သည်။ နိုင်ငံတကာ အသိုက်အဝန်းက လက်တွေ့ လုပ်ဆောင်ရ မည်။ ကျွန်ုပ်၏ ထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။ 8 June 2021, 11:41 UTC. Tweet. See, press release attached to tweet: "UN Special Rapporteur Calls for Immediate Action to Avoid Massive Loss of Life in Kayah State, Myanmar."

၂၈။ "Children Orphaned, Civilians Dead from Landmines, and Villager Shot by Burma Army in Karen State," Free Burma Rangers, 13 June 2021.

၂၉။ "Burma Army Plants Landmines Around Kachin State Town," Kachin News Group, 15 June 2021.

၃၀။ "Chin Teenager Killed by Myanmar Junta Landmine," The Irrawaddy, 25 June 2021.

၃၁။ Chin World Media (media_chin), "ချင်းပြည်ကာကွယ်ရေးတပ်ဖွဲ့ (ဟားခါး) က စစ်ကောင်စီကို Pu Tler Ling (၆၀ နှစ်) သေဆုံးမှုအတွက် တာဝန်ယူရန် တိုက်တွန်းကြောင်းနှင့် စစ်သားများက ဟားခါးမြို့တစ်ဝိုက်တွင် မြေမြှုပ်မိုင်းများ ထောင်ထားသည်ဟု စွဲချက်တင်ကြောင်း ထုတ်ပြန်ချက်တစ်ခုကို ထုတ်ပြန်ခဲ့သည်။

၃၂။ "New clashes break out between KIA, regime forces in northern Shan State," Myanmar Now, 18 May 2021.

၃၃။ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့တွင် စောင့်ကြည့်လေ့လာရေးအဖွဲ့ထံ တင်ပြခဲ့သော သတင်းအချက်အလက်။ တပ်ရင်း ၇၀၆၊ ၇၀၇ နှင့် ၇၀၈၊ ထို့နောက် ရွှေ့လျား စစ်ဆင်ရေးကွပ်ကဲဌာန ၄ တို့က ထိုနေရာတစ်ဝိုက်တွင် ထောက်ပံ့ရေးပစ္စည်းများ သယ်ပို့ကာ မိုင်းများထောင်ခဲ့သည်။ နောက်နှစ်ပတ်အတွင်းတွင် KNLA ပုန်ကန်သူများက MM6 အမျိုးအစား မိုင်းများကို တွေ့ရှိပြီး ဖယ်ရှားခဲ့သည်။

၃၄။ ၂၀၂၁ ခုနှစ်၊ မေလတွင် စောင့်ကြည့်လေ့လာရေးအဖွဲ့ထံ လျှို့ဝှက်တင်ပြခဲ့သော သတင်းအချက်အလက်။ မေလ ၄ ရက်နေ့တွင် ရွှေ့လျား စစ်ဆင်ရေးကွပ်ကဲဌာန ၈ နှင့် ခြေလျင်တပ်ရင်း ၁၉ တို့က မဲကလောကျေးရွာအုပ်စုရှိ ဘိုထကျေးရွာတွင် မိုင်းများထောင်ခဲ့ကာ ၎င်းကြောင့် ကျေးရွာသားများက သူတို့၏ လယ်ကွင်းများထံ သွားရာလမ်းကို အသုံးမပြုနိုင် ဖြစ်ခဲ့ရသည်။

၃၅။ "Karen Human Rights Group Submission to Landmine Monitor," August 2021. ၂၀၂၁ ခုနှစ်၊ ဧပြီလတွင် ဖာပွန်ရှိ တပ်မတော်အခြေစိုက်တပ်ဖွဲ့က ဘိုထသို့ ချီတက်ပြီး မြေမြှုပ်မိုင်းများ ထောင်ခဲ့ကာ ၎င်းကြောင့် မွေးမြူရေးတိရစ္ဆာန်များ သေကြေခဲ့ရသည်။

အခြေစိုက်စခန်း၏ အပြင်ဘက်တွင်ရှိသော လမ်းပေါ်၌ မိုင်းများထောင်ထားကြောင်း ကျေးရွာသားများ၏ ပြောကြားချက်အရ သိရသည်။[၃၆]

- ယခင်က အစီရင်ခံတင်ပြမှုမရှိသေးသည်မှာ ၂၀၂၀ ခုနှစ်၊ မေလတွင် တပ်မတော် ခြေမြန်တပ်ရင်း (၄၃၄) က ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၌ထိုင်းနိုင်ငံနယ်စပ်အနီးရှိ၎င်း၏အခြေစိုက်စခန်းတစ်ဝိုက်တွင်မိုင်းများဆင်ထားကြောင်းအစီရင်ခံချက်ရှိသည်။[၃၇]

မြန်မာနိုင်ငံရှိ မိုင်းကွဲမှုများအတွက် တာဝန်ရှိမှုကို လက်နက်ကိုင်အဖွဲ့တစ်ခုအား တစ်ခုတည်းသော အကြောင်းတရားအဖြစ် ဖော်ပြရန် ခက်ခဲလေ့ရှိသည်။ သို့သော်လက်နက်ကိုင်ပဋိပက္ခများ မကြာသေးမီက ဖြစ်ပွားခဲ့သည့် နေရာများတွင် ရွာသားများက မြေမြုပ်မိုင်းကြောင့် ထိခိုက်သေကြေမှုများကို သတင်းပို့လေ့ရှိသည်။ အဆိုပါအဖြစ်အပျက် ဥပမာများတွင် အောက်ပါတို့ပါဝင်သည် -

- ၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင် -
  - ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်တွင် တပ်မတော်နှင့် AA တို့ မကြာသေးမီက ထိတွေ့မှုဖြစ်ပွားခဲ့သည့်နေရာ၌ ကလေးငယ်တစ်ဦး မိုင်းထိ၍ ထိခိုက်ဒဏ်ရာရသွားသည်။[၃၈]
  - ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်၌ အမျိုးသားတစ်ဦး မိုင်းထိ၍ သေဆုံးခဲ့ပြီး ၎င်းမှာ လက်နက်ကိုင်တပ်ဖွဲ့မျိုးစုံ လှုပ်ရှားရာနယ်မြေဖြစ်သည်။ မည်သည့် NSAG က ထိုမိုင်းကို ထောင်ခဲ့ခြင်းဖြစ်ကြောင်း ဆုံးဖြတ်ရန်မှာ မဖြစ်နိုင်ပါ။[၃၉]
- ၂၀၂၁ ခုနှစ်၊ ဖွန်လတွင် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၌ မကြာသေးမီက ထောင်ခဲ့သည့် မိုင်းများကြောင့် ဒေသခံနှစ်ဦးဒဏ်ရာရှိခဲ့သော်လည်း မည်သည့်အဖွဲ့က ထိုမိုင်းများကို ဆင်ထားခြင်းဖြစ်ကြောင်းမှာ မရှင်းလင်းပါ။[၄၀]
- ၂၀၂၁ ခုနှစ်၊ မေလတွင် မဲကလော အပြင်ဘက်၌ တပ်မတော် တပ်ဖွဲ့များနှင့် KNLA ပုန်ကန်သူများအကြား လက်နက်ကိုင်ပဋိပက္ခကို ရှောင်ရှားထွက်ပြေးလာသည့် ရွာသားများက ကမာမောင်း သွားရာ လမ်းဘေးအနီးတွင် ထောင်ထားသော မိုင်းများကို တွေ့ခဲ့သည်၊ သို့သော် မည်သူက ထောင်ထားခဲ့သည်ဖြစ်ကြောင်းမှာ မသိရပါ။[၄၁]
- ၂၀၂၀ ခုနှစ်၊ ဩဂုတ်လတွင် တပ်မတော် စစ်သားများ ယခင်ကနေထိုင်သွားသည့် အိမ်တစ်လုံးအတွင်းတွင် တွေ့ရှိရသည့် မိုင်းတစ်လုံးကို ကိုင်တွယ်ပြီးနောက် ကလေးတစ်ဦး သေဆုံးပြီး ငါးဦး ဒဏ်ရာရရှိခဲ့သည်။[၄၂]
- ၂၀၂၀ ခုနှစ်၊ ဇူလိုင်လတွင် တပ်မတော်နှင့် တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တပ်ဖွဲ့များ နှစ်ဘက်စလုံးမှ အကြိမ်ကြိမ်ဖြတ်သန်းနေသော ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းမြေနေရာအတွင်း ထောင်ထားသည့် လူသားပစ်မှတ်ထား တိုက်ခိုက်သောမိုင်းထိ၍ ကျောင်းထိုင်ဘုန်းကြီးတစ်ပါး ပျံလွန်တော်မူခဲ့သည်။[၄၃]
- ၂၀၂၀ ခုနှစ်၊ မေလတွင် ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းကျေးရွာ၌ တပ်မတော် တပ်သားများနှင့် AA ပုန်ကန်သူများအကြား တိုက်ပွဲဖြစ်ပွားနေသည့် နေရာတွင် ရွာသားတစ်ဦး မိုင်းထိ၍ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နောက်တစ်ဦးမှာ ယင်းကို ကူညီရန် လာရောက်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည်၊ သို့သော် မည်သူက မိုင်းကို ထောင်ထားကြောင်း ရွာသားများ မသိရှိခဲ့ပါ။[၄၄]
- ၂၀၂၀ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်ရှိ မုဆိုးချောင်ကျေးရွာမှ ရွာသားတစ်ဦးသည် တပ်မတော်နှင့် AA ပုန်ကန်သူများအကြား ထိတွေ့မှု မကြာခဏဖြစ်ပွားနေသော နေရာ၌ မိုင်းထိ၍ အသက်ဆုံးရှုံးခဲ့သည်။[၄၅]

---

၃၆။ "Karen Human Rights Group Submission to Landmine Monitor," August 2021. မဲဝိုင်းရှိ တပ်မတော် တပ်ဖွဲ့များက လယ်စိုက်ပျိုးရန်နှင့် တောင်ပေါ်စိုက်ခင်းများသို့သွားရန် သုံးသည့် လမ်းပေါ်တွင် မိုင်းများထောင်ခဲ့ခြင်းကြောင့် လူတစ်ဦး မိုင်းပေါက်ကွဲမှုတစ်ခု၌ သူ့ခြေထောက် ဆုံးရှုံးခဲ့သည်။

၃၇။ "Karen Human Rights Group Submission to Landmine Monitor," August 2021. ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သုတေသီများအား တပ်မတော် ခြေလျင်တပ်ရင်း ၄၃၄ မှ ငှားရမ်းခံရသည့် ထိုင်းကျေးရွာသားတစ်ဦးမှ သတင်းပေးခဲ့ပြီး သူ့အား ခြေလျင်တပ်သားများက ထောင်ထားသော မြေမြှုပ်မိုင်းများအကြောင်း သတိပေးခဲ့သည်။

၃၈။ "Teenage boy steps on landmine, loses leg in Ponnagyun Township," Myanmar Now, 22 July 2021.

၃၉။ Nang Seng Nom, "Farmer Killed from Landmine Explosion," Shan Hearld Agency for News, 30 July 2021.

၄၀။ "Karen Human Rights Group Submission to Landmine Monitor," August 2021. KHRG သုတေသီများအား ၎င်းမှာ လက်လုပ်မိုင်းဖြစ်ကြောင်း ပြောခဲ့သည်။ ဒုတိယ ဖြစ်ပွားမှုတွင် "ဒေသခံလက်နက်ကိုင်အဖွဲ့" တစ်ခုက ကျေးရွာသားများအား ထိုနေရာသို့ မသွားရန် တားမြစ်ခဲ့သည်။ ဇူလိုင်လအတွင်း ဖြစ်ပွားမှု၌ ဒေသခံအာဏာပိုင်များက သတိပေးခဲ့ပြီး ယင်းကို ဒဏ်ရာရသွားသော ကျေးရွာသားက မေ့လျော့ခဲ့သည်။

၄၁။ "Karen Human Rights Group Submission to Landmine Monitor," August 2021. ၂၀၂၁ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် မဲကလော ကျေးရွာအုပ်စုရှိ နာကူးနာ ကျေးရွာမှ ကျေးရွာသားများက KNLA ပုန်ကန်သူများနှင့် တပ်မတော်အကြား ထိတွေ့တိုက်ပွဲမှုများ ကျေးရွာအနားတွင် ဖြစ်ပွားခြင်းကြောင့် ထွက်ပြေးခဲ့သည်။ ကျေးရွာသား ၇၀ မှ ၈၀ (အိမ်ထောင်စု ၁၂ ခု) တို့ ကမာမောင်းမြို့သို့ ထွက်ပြေးခဲ့ပြီး ထိုအတောအတွင်းတွင် သူတို့က ကမာမောင်းသို့သွားရာလမ်းတစ်လျှောက် မြေမြှုပ်မိုင်းများကို သတိထားမိခဲ့သည်။

၄၂။ "One Child Dead and Five Injured in Northern Shan State Landmine Blast," BNI, 4 August 2020.

၄၃။ "Buddhist Abbot and Villager Killed By Landmine," BNI, 17 July 2020.

၄၄။ "Mro ethnic villagers Injured in Ponna Kyaut landmine blasts," Narinjara News, 25 May 2020.

၄၅။ "Rathedaung man killed by landmine," BNI, 9 April 2020.

## ရက်စက်ကြမ်းကြုတ်မှု/ ပေါ်တာများဖြင့် မိုင်းရှင်းခြင်း

မြေမြှုပ်မိုင်း စောင့်ကြည့်လေ့လာရေးအဖွဲ့က မြန်မာနိုင်ငံတွင် စစ်တပ်၏ တပ်ဖွဲ့များက မိုင်းထောင်ထားရာနယ်မြေများ၌ မိုင်းများကို ဖောက်ခွဲရန်အတွက် အရပ်သားများကို တပ်မတော်တပ်ဖွဲ့များ၏ အရှေ့၌ 'လမ်းပြ' အဖြစ် အသုံးပြုခြင်းနည်းလမ်းကို ဆက်လက် အသုံးပြုနေကြောင်း သက်သေတွေ့ရှိသည်။ ဤအချက်မှာ နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာနှင့် လူ့အခွင့်အရေး ဥပဒေများအား ဆိုးရွားစွာ ချိုးဖောက်ခြင်းဖြစ်သည်။

အစီရင်ခံတင်ပြမှုကာလအတွင်း ဤဆိုးရွားယုတ်မာသော အလေ့အထနှင့်ပတ်သက်သည့် ဥပမာများကို မှတ်တမ်းတင်ထားခဲ့သည် -

- ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင် ရှမ်းပြည်နယ်၊ ဖယ်ခုံ၌ တပ်မတော်စစ်ကြောင်းတစ်ခု၏ အရှေ့တွင် လယ်သမားနှစ်ဦးကို အတင်းအကြပ် လမ်းလျှောက်ခိုင်းစေခဲ့ကြောင်း အစီရင်ခံချက်ရရှိထားပြီး ၎င်းနေရာတွင် မြေမြှုပ်မိုင်းများ ပျံ့နှံ့တည်ရှိနေကြောင်း သိရသည်။[၄၇]
- ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလတွင် တပ်မတော်စစ်သားများက အမျိုးသမီးတစ်ဦးကို ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်ရှိ ကလန်ဒုံးကျေးရွာအုပ်စုတွင် ဖမ်းဆီးခဲ့ပြီး ၎င်းတို့အား KNLA နယ်မြေသို့အဝင်တွင် ရှေ့မှ လမ်းလျှောက်ရန် အတင်းအကျပ် ခိုင်းစေခဲ့သည်။[၄၈]
- ၂၀၂၁ ခုနှစ်၊ သြဂုတ်လတွင် ကရင်ပြည်နယ်၊ ဘားအံမြို့နယ် အရှေ့ပိုင်း၊ ခေါ်ပူး ကျေးရွာအုပ်စုရှိ လာတိုး စခန်းမှ တပ်မတော် ခြေမြန်တပ် အမှတ် (၃၄၁) နှင့် (၄၁၀) တို့က အမျိုးသမီးသုံးဦးကို ဖမ်းပြီး ကုန်ပစ္စည်းနှင့် ကိရိယာများသယ်ဆောင်စေကာ လူသားဒိုင်းအဖြစ် အသုံးပြုခဲ့သည်။[၄၉]
- ၂၀၂၁ ခုနှစ်၊ မတ်လတွင် New York Times က ရခိုင်ပြည်နယ်တွင် ၂၀၂၀ ဧပြီလ၌ တပ်မတော်တပ်သားများက ကျေးရွာတစ်ရွာမှ အမျိုးသားများစွာကို ပြန်ပေးဆွဲသွားပြီး သူတို့ကို ၎င်းတို့စစ်ကြောင်းအရှေ့မှ လျှောက်ရန် အမိန့်ပေးခဲ့ကြောင်း သတင်းရေးခဲ့သည်။ အမျိုးသားတစ်ဦး မိုင်းနင်းမိ၍ သေဆုံးခဲ့သည်။ မိုင်းထိ၍ ဒဏ်ရာရခဲ့သော နောက်အမျိုးသားတစ်ဦးက "သူတို့ ကျွန်တော်တို့ကို လူသားမိုင်းရှာစက်တွေလို အသုံးပြုတယ်ဆိုတာ ရှင်းပါတယ်" ဟု ပြောကြားခဲ့ကြောင်း အစီရင်ခံချက်ရှိသည်။[၅၀]
- ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် တပ်မတော်၏ တပ်မ ၈၈ က အမျိုးသားတစ်ဦးကို တအောင်း (ပလောင်) ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်၊ ကောင်းကလောင်း ကျေးရွာအုပ်စုရှိ နော်ဆွစ်ကျေးရွာမှ ဖမ်းယူပြီး စစ်သားများ၏ အရှေ့မှ လျှောက်ခိုင်းပြီးနောက် မိုင်းထိ၍ ထိခိုက်ဒဏ်ရာ ရရှိစေခဲ့သည်။[၅၁]

## ဘင်္ဂလားဒေ့ရှ် နယ်စပ်

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင် မြေမြှုပ်မိုင်း စောင့်ကြည့်လေ့လာရေးအဖွဲ့နှင့် အခြားအဖွဲ့အစည်းများက မြန်မာအစိုးရ တပ်ဖွဲ့များအနေဖြင့် ဘင်္ဂလားဒေ့ရှ် နယ်စပ်တစ်လျှောက်တွင် လူသားပစ်မှတ်ထား တိုက်ခိုက်သောမိုင်းများ အသုံးပြုနေကြောင်း

---

၄၆။ လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုအတွင်း မြေမြှုပ်မိုင်း စောင့်ကြည့်လေ့လာရေးအဖွဲ့က အစီရင်ခံတင်ပြခဲ့သော စိတ်မချမ်းမြေ့ဖွယ်ရာ သက်သေအထောက်အထားမှာ မြန်မာစစ်တပ်က အရပ်သားများအား လူသားပစ်မှတ်ထားတိုက်ခိုက်သောမိုင်းများကို လေ့ကျင့်မှု သို့မဟုတ် အကာအကွယ် ကိရိယာများမပါဘဲ ရှင်းလင်းရန် အတင်းအကြပ်စေခိုင်းခဲ့ကြောင်း၊ သို့မဟုတ် အရပ်သားများအား မိုင်းကွင်းများတွင် တပ်မတော်အတွက် လမ်းပြရန်နှင့် ပစ္စည်းကိရိယာများ သယ်ရန် အတင်းအကြပ် စေခိုင်းခဲ့ကြောင်း ဖြစ်သည်။ အဆိုပါလုပ်ငန်းများမှာ လူပုဂ္ဂိုလ်၏ အသက်ရှင်မှု၊ လွတ်လပ်မှုနှင့် ဘေးကင်းမှုဆိုင်ရာ အခွင့်အရေးများအပေါ် ခြိမ်းခြောက်မှု တစ်ခုဖြစ်သည်။ ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပထမအကြိမ် လူ့အခွင့်အရေးမှတ်တမ်းများဆိုင်ရာ အားလုံးလွှမ်းခြုံသော ပုံမှန် ပြန်လှန်သုံးသပ်မှုအတွင်းတွင် ICBL က လူသားမိုင်းရှင်းစက်များ အသုံးပြုမှုကို အသေးစိတ်ဖော်ပြထားသည့် တင်သွင်းချက်တစ်ခု ပေးခဲ့သည်။ See Human Rights Council, Working Group on the Universal Periodic Review, Tenth Session, "Summary prepared by the Office of the High Commissioner for Human Rights in accordance with paragraph 15(c) of the annex to Human Rights Council resolution 5/1," 18 October 2010.

၄၇။ "Burma Army Uses Farmers as Human Shields In Pekon Township," Shan Herald Agency for News, 7 September 2021." စစ်သားတွေက လယ်စိုက်နေတဲ့ လင်မယားကို လူသားဒိုင်းအဖြစ် သုံးခဲ့တယ်။ လူတွေက စစ်သားတွေရောက်လာတာနဲ့တစ်ပြိုင်နက် သူတို့ရွာတွေကနေ ထွက်ပြေးဖို့ ကြိုးစားကြပြီး အကြောင်းက ဒီလိုအရာတွေက ဒီနယ်မြေမှာ ပုံမှန်လိုဖြစ်နေလို့" ဟု ကျေးရွာသားတစ်ဦးက သတင်းအေဂျင်စီသို့ ပြောကြားခဲ့သည်။

၄၈။ Karen Women's Organization (KWO) and KHRG press release, "The Karen Women's Organization and the Karen Human Rights Group Condemn the Burmese Junta's Use of Women as Human Shields," 3 September 2021.

၄၉။ Ibid. အမျိုးသမီးများအား ကျော်ထလို့မြစ်သို့ ရောက်သည်အထိ လမ်းလျှောက်ရန် အတင်းအကြပ်ခိုင်းစေခဲ့ပြီး ထိုနေရာတွင် ဒဏ်ရာများရရှိပြီးနောက် သူတို့ လွှတ်ပေးခံလိုက်ရသည်။

၅၀။ Ta'ang Women's Organization (TWO) Facebook post, 28 January 2020. ရွာသားနှစ်ဦးအား လမ်းပြရန် ခေါ်ဆောင်သွားပြီး နှစ်ရက်ကြာအထိ လွှတ်မပေးခဲ့ပါ။ အရှေ့မှလျှောက်ရန် စေခိုင်းခံရသူမှာ မိုင်းနင်းမိခဲ့သည်။ See also, Network for Human Rights Documentation-Burma, "Overview of the Human Rights Situation in Burma: January–June 2020," p. 32

၅၁။ Ta'ang Women's Organization (TWO) Facebook post, 28 January 2020. Two villagers were taken to guide but not released for two days. The one made to walk in front stepped on a mine. See also, Network for Human Rights Documentation-Burma, "Overview of the Human Rights Situation in Burma: January–June 2020," p. 32

သက်သေအထောက်အထားများကို သီးခြားလွတ်လပ်စွာ ထုတ်ပြန်ခဲ့သည်။[၅၂] လူ့အခွင့်အရေးကော်မရှင်၏ မြန်မာနိုင်ငံဆိုင်ရာ သီးခြားလွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင်၏ ၂၀၁၈ ခုနှစ်၊ ဖွန်လ အစီရင်ခံစာတွင် မိုင်းအသုံးပြုမှုဆိုင်ရာ စွဲချက်များကို စုံစမ်းစစ်ဆေးကာ "တပ်မတော်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးသည့် ရိုဟင်ဂျာအရပ်သားများကို ထိခိုက် ဒဏ်ရာရစေရန် သို့မဟုတ် အသက် သေဆုံးစေရန်ဟူသည့် ရည်ရွယ်ထားသော (သို့) ကြိုတင်သိမြင်နိုင်သော အကျိုးရလဒ်ပါဝင်သည့် 'နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ' ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရခိုင်ပြည်နယ်တွင်လည်းကောင်း၊ နယ်စပ်ဒေသများတွင်လည်းကောင်း မြေမြှုပ်မိုင်းများ ထောင်ခဲ့ကြောင်း သုံးသပ်ချက်ချရန် အကျိုးအကြောင်း ဆီလျော်မှုရှိသည်" ဟု ဆိုခဲ့သည်။ ထို့အပြင် ရိုဟင်ဂျာ ခိုလှုံသူများအား မြန်မာနိုင်ငံသို့ ပြန်မလာစေရေး တားမြစ်ရန် ရည်ရွယ်ချက်ရှိရှိနှင့် စီမံချက်ချထားသော မဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ခုအဖြစ် နယ်စပ်ဒေသများတွင် လူသားပစ်မှတ်ထား တိုက်ခိုက်သောမိုင်း အသစ်များ ထောင်ထားခြင်းဖြစ်နိုင်သည်။[၅၃]

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ၌ မိုင်းတားမြစ်ရေးပဋိညာဉ်၏ စတုတ္ထအကြိမ်မြောက် ပြန်လှန်သုံးသပ်ခြင်း စုံညီဆွေးနွေးပွဲတွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံက မြန်မာနိုင်ငံအား "လူသားပစ်မှတ်ထားတိုက်ခိုက်သောမိုင်းများ အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်းနှင့် ပြောင်းရွှေ့ခြင်းကို တရားဝင် ဆိုင်းငံ့ထားရန်" တောင်းဆိုခဲ့သည်။ ၎င်းက "မြန်မာနိုင်ငံမှ လူသားပစ်မှတ်ထားတိုက်ခိုက်သောမိုင်းများ ဆက်လက်အသုံးပြုနေခြင်းအပေါ် လေးနက်စွာ စိုးရိမ်ပူပန်မှုရှိသည်… ကျွန်ုပ်တို့၏ နယ်စပ်စီမံခန့်ခွဲရေး အာဏာပိုင်များက ကျွန်ုပ်တို့၏ နယ်စပ်တစ်လျှောက်တွင် မြန်မာနိုင်ငံပိုင်နယ်မြေအတွင်း၌ လူသားပစ်မှတ်ထားတိုက်ခိုက်သောမိုင်းဆိုင်ရာ မတော်တဆမှုများကို မှတ်တမ်းရယူထားသည်မှာ လတ်တလောအားဖြင့် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလနှင့် နိုဝင်ဘာလတွင်လည်းရှိပြီး ယင်းတို့ကြောင့် အရပ်သား အသက်ဆုံးရှုံးမှုနှင့် ထိခိုက်ဒဏ်ရာ ရမှုများလည်း ဖြစ်ခဲ့သည်။"[၅၄] ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား နယ်စပ်စည်းရိုးကို ပြုပြင်ရန် ငှားရမ်းထားသည့် အလုပ်သမားနှစ်ဦး မြေမြှုပ်မိုင်းများကြောင့် ထိခိုက်ဒဏ်ရာရခဲ့သည်။[၅၅]

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် မြန်မာအစိုးရ ကိုယ်စားလှယ်တစ်ဦးက ပဋိညာဉ်အဖွဲ့ဝင်နိုင်ငံများအား ၎င်းတို့၏ တပ်ဖွဲ့များမှ ဘင်္ဂလားဒေ့ရှ် နိုင်ငံနယ်စပ်တစ်လျှောက်တွင် မြေမြှုပ်မိုင်းများ အသုံးပြုသည်ဆိုသော စွဲချက်များမှာ "မှန်ကန်မှု မရှိကြောင်း" နှင့် ၎င်းတို့နှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့များ၏ ပူးပေါင်းကင်းလှည့်မှုများတွင် မည်သည့်မိုင်းမျှ မတွေ့ရှိခဲ့ကြောင်း ဆိုသည်။[၅၆] မြန်မာနိုင်ငံသည် ဘင်္ဂလားဒေ့ရှ် နယ်စပ်၌ မိုင်းအသုံးပြုမှုတွင် ပါဝင်ခဲ့ခြင်းမရှိကြောင်းကို ၂၀၂၀ ခုနှစ် အောက်တိုဘာလတွင်လည်း ထပ်မံငြင်းဆိုသည်။[၅၇]

## အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များမှ အသုံးပြုမှု

NSAG များစွာက မြန်မာနိုင်ငံတွင် လူသားပစ်မှတ်ထားတိုက်ခိုက်သောမိုင်းများကို အသုံးပြုခဲ့ကြသည်မှာ အစီရင်ခံတင်ပြမှု စတင်သော ၁၉၉၉ ခုနှစ်ကတည်းကဖြစ်သည်။

မြန်မာနိုင်ငံတွင် NSAG အနည်းဆုံး (၂၀) တိုက်ခိုက်နေကြသဖြင့် မိုင်းအသုံးပြုခြင်းအတွက် တာဝန်ရှိမှုကို အဖွဲ့တစ်ခုတည်းအား အကြောင်းတရားအဖြစ် ဖော်ပြရန်မှာ ခက်ခဲသည်။ ဥပမာ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ၊ ရှမ်းပြည်နယ်တွင် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော်-တောင်ပိုင်း(RCSS/SSA-S)နှင့်တပ်မတော်နှစ်ဘက်လုံးကမြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင် - AA၊ MNDAA နှင့် TNLA တို့ သုံးဖွဲ့နှင့် လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားနေခဲ့သည်။ ဤတိုက်ပွဲပြီးနောက် အနီးအနားရှိ ပဋိပက္ခ နယ်မြေ

---

၅၂။ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ အဆိုအရ ရွှေ့ပြောင်းခြင်းခံရသူ ရိုဟင်ဂျာအရပ်သားများက ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ဝင်ရောက်သောအခါ အင်တာဗျူးမေးမြန်းခြင်း၊ ကူညီပေးခြင်းများ ဆောင်ရွက်ပေးနေသော ဒေသခံ သုတေသီများက နယ်စပ်၏ မြန်မာဘက်အခြမ်းတွင် စစ်ကားတစ်စီး ဆိုက်ရောက်လာခြင်းနှင့် မြန်မာအစိုးရ စစ်သားများ ပုံးသုံးပုံးကို ချနေခြင်းကို တွေ့ခဲ့သည်။ ၎င်းတို့က စစ်သားများမှ ပုံးများအတွင်းရှိ လူသားပစ်မှတ်ထား တိုက်ခိုက်သောမိုင်းများကို ယူပြီး မြေပြင်ပေါ်တွင် ချခဲ့ကြောင်းနှင့် ညဘက်တွင် ပြန်လာပြီး နောက်ထပ် မိုင်းများ ထပ်ချခဲ့ကြောင်း ဆိုသည်။ သုတေသီများ၏အဆိုအရ မိုင်းများကို မောင်တောမြို့နယ်ရှိ တောင်ပြိုလက်ရာ ကျေးရွာအုပ်စု၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်စပ်မှတ်တိုင် အမှတ် (၃၁)နှင့် ကပ်လျက်တွင် မြှုပ်နှံထားပြီး ထိုနေရာမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား မြေပြင်နယ်စပ်မျဉ်းစတင်ကြောင်း မှတ်သားသည့် နေရာဖြစ်သည်။ စောင့်ကြည့်လေ့လာရေးအဖွဲ့က NGO သုတေသီများနှင့် အီးမေးလ်၊ ဖုန်း အင်တာဗျူးများ ဆောင်ရွက်ခဲ့ပြီး ၎င်းတို့က အမည်မဖော်ဘဲထားရန် တောင်းဆိုခဲ့သည်။ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့။

၅၃။ Human Rights Council, "Report of the detailed findings of the Independent International Fact-Finding Mission on Myanmar," A/HRC/39/CRP.2, 17 September 2018, p. 288.

၅၄။ Statement of Bangladesh, Mine Ban Treaty Fourth Review Conference, Oslo, 27 November 2019.

၅၅။ Kyaw Myo Aung "Workers at border fence repair site in Maungdaw severely injured in landmine encounter," Development Media Group (DMG), 23 February 2021.

၅၆။ Statement of Myanmar, Mine Ban Treaty Seventeenth Meeting of States Parties, Geneva, 30 November 2018. ထုတ်ပြန်ချက်တွင် ဆိုသည်မှာ "… မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လုံခြုံရေးတပ်ဖွဲ့များက မြန်မာနိုင်ငံ၏ အနောက်ဘက်ရှိ နယ်စပ်တစ်လျှောက်တွင် ပူးပေါင်းကင်းလှည့်မှုများ ပြုလုပ်နေခဲ့သည်။ ယခုလ ဩဂုတ်လမှစတင်၍ ပူးပေါင်းကင်းလှည့်မှု ၁၉ ကြိမ်ထိ ဆောင်ရွက်ခဲ့သည်။ ထိုနေရာတွင် မြေမြှုပ်မိုင်းကြောင့် ထိခိုက်သေဆုံးမှုများကိုအစီရင်ခံတင်ပြချက် မရှိပါ။ ထိုကဲ့သို့ ခိုင်မာသော သက်သေအထောက်အထားမရှိဘဲ စွပ်စွဲမှုများသည် နိုင်ငံများအား ပဋိညာဉ်တွင် ပါဝင်စေရန် စီစဉ်ပေးရာ၌ အကူအညီဖြစ်မည်မဟုတ်ပါ။"

၅၇။ Statement of Myanmar, General Debate, First Committee, UN General Assembly 75th Session, 19 October 2020.

များတွင် မြေမြှုပ်မိုင်းကြောင့် အရပ်သား ထိခိုက်သေဆုံးမှုအသစ်များ ဖြစ်ပွားခဲ့သည်။[၅၈]

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စစ်အာဏာသိမ်းမှု ဖြစ်ပွားပြီးနောက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) ခေါ် ဒေသခံ ယာယီတပ်သားအဖွဲ့များစွာ ပေါ်ပေါက်လာခဲ့သည်။ ဒေသခံမီဒီယာများက အဆိုပါအဖွဲ့များ၏ 'မြေမြှုပ်မိုင်း' အသုံးပြုမှုကို အစီရင်ခံ တင်ပြခဲ့သည်။ သို့သော်လည်း အဆိုပါပစ္စည်းများမှာ လူတိုက်မိုင်း သို့မဟုတ် ဖောက်ခွဲမိုင်း ဖြစ်သည်ကို ဆုံးဖြတ်ရန် မဖြစ်နိုင်ပါ။[၅၉]

အသုံးပြုမှုအသစ်များနှင့် ပတ်သက်သည့် လတ်တလောစွဲချက်အများစုမှာ ကရင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့တွင် သတင်း ပို့ခဲ့ခြင်းဖြစ်သည် -

- ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် ရှမ်းပြည်နယ်၊ ဖယ်ခုံမြို့နယ်ရှိ PDF က ၎င်းတို့၏ မြေမြှုပ်မိုင်း အသုံးပြုမှုကြောင့် တပ်မတော် ထိခိုက် သေဆုံးမှုများကို ဖြစ်စေခဲ့ကြောင်း ဆိုသည်။[၆၀]
- ၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၌ KNLA တပ်ရင်း (၁၀၂) မှ ထောင်ထားသည်ဟု အစီရင်ခံတင်ပြချက် ရှိသည့် မိုင်းကြောင့် လူတစ်ဦး သေဆုံးခဲ့သည်။[၆၁]
- ၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင် ကသာ PDF နှင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) ပူးပေါင်းတပ်ဖွဲ့က ၎င်းတို့၏ မြေမြှုပ်မိုင်း အသုံးပြုမှုမှ တပ်မတော် ထိခိုက်သေဆုံးမှုများ ဖြစ်စေခဲ့ကြောင်း ဆိုသည်။[၆၂]
- ၂၀၂၁ ခုနှစ်၊ ဇွန်လတွင် KNLA တပ်ရင်း (၁၀၂) က လမ်းတစ်လျှောက် ၎င်းတို့ထောင်ထားသည့် မြေမြှုပ်မိုင်းများကို ရွာသားများ ဈေးသွားနိုင်ရန်အတွက် ဖယ်ရှားပေးခဲ့သည်။ KNLA ပုန်ကန်သူများက မိုင်းများကို လမ်းဘေးတွင် ချန်ထားခဲ့သည်။[၆၃]
- ၂၀၂၁ ခုနှစ် မေလတွင် မြန်မာအစိုးရ တာဝန်ရှိသူများက KIA ၏ မိုင်းအသုံးပြုမှုကြောင့် ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၌ အသက်ဆုံးရှုံးမှု နှစ်ခု ဖြစ်ပွားစေခဲ့ကြောင်း စွပ်စွဲခဲ့သည်။[၆၄]
- ၂၀၂၁ ခုနှစ်၊ ဧပြီလတွင် KNLA က ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်ရှိ မထော်ကျေးရွာအုပ်စုအတွင်း ကူးဆိပ် တပ်မတော်စခန်းအနီး စစ်တပ်လမ်းတစ်ခုကို မိုင်းများဖြင့် ပိတ်ဆို့ခဲ့သည်။[၆၅]
- ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် KNLA က မွန်ပြည်နယ်၊ သထုံမြို့နယ်တွင် နေထိုင်သူများအား ၎င်းက ထိုနေရာတွင် မြေမြှုပ်မိုင်းများ ထောင်ထားကြောင်း အသိပေးခဲ့ပြီးနောက် ယင်းမိုင်းများကြောင့် ကလေးငယ်တစ်ဦး အသက်ဆုံးရှုံးခဲ့သည်။[၆၆]
- ၂၀၂၀ ခုနှစ် ဇူလိုင်လတွင် KNLA က ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်ရှိ လယ်သမားတစ်ဦးကို သူတို့ မြေမြှုပ်မိုင်းများ ထောင်ထား သည့် အချို့သော အနီးအနားနေရာများသို့ ဝင်ရောက်ခြင်းမပြုရန် သတိပေးခဲ့သည်။[၆၇]

၂၀၂၁ ခုနှစ်၊ ဧပြီလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သတင်းစာရှင်းလင်းပွဲတစ်ခု ကျင်းပပြီး ၎င်းတွင် လက်လုပ် မိုင်းအမျိုးမျိုးကို ပြသထားမှုလည်းပါဝင်ကာ ယင်းမိုင်းများမှာ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သူများအပေါ် စစ်ဆင်ရေး လုပ်ရာမှ

---

၅၈။ ဥပမာအားဖြင့် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လတွင် ကျောက်မဲမြို့နယ်ရှိ ပြည်တွင်းနေရာရွှေ့ပြောင်းခြင်းခံရသူ (IDP) များက အစားအစာရှာဖွေရန်အတွက် IDP စခန်းတစ်ခုမှ ထွက်ခွာပြီးနောက် မိုင်းနင်းမိခဲ့သည်။ RCSS၊ TNLA နှင့် Shan State Progress Party (SSPP) တပ်ဖွဲ့များ အားလုံး ယခင်က ထိုနေရာတွင် တိုက်ခိုက်ခဲ့ကြဖူးသည်။ See, "IDPs Wounded By Landmine In Kyaukme Township," BNI, 18 August 2021.

၅၉။ ဥပမာအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်ရှိ တန့်ဆည်လူထုရဲဘော်များ က ဒေါက်ကြီးကျေးရွာအနီး သူတို့ထောင်ထားသည့် မြေမြှုပ်မိုင်းများကြောင့် စစ်ကားများ မိုင်းထိခဲ့ကြောင်း ဆိုသည်။ "More Than 40 Junta Troops Killed Across Myanmar," The Irrawaddy, 16 August 2021. မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်ရှိ ပေါက် တောင်ပိုင်း ပြောက်ကြားတပ်ဖွဲ့က စစ်သားများစွာကို သတ်ဖြတ်ခဲ့ကြောင်းနှင့် အလောင်းကောက်ရန် စစ်ကူများလာရောက်သောအခါ သူတို့၏ နောက်ထပ်မိုင်းများ ထပ်ကွဲခဲ့ပြီး တပ်သား ၁၇ ဦးကို ထပ်မံသေဆုံးစေခဲ့သည်။ See, "Armed resistance replaces anti-coup protests in Pauk township," Frontier Myanmar, 31 August 2021.

၆၀။ "Karen Human Rights Group Submission to Landmine Monitor," August 2021. KHRG သုတေသီများအား KNLA မှ မည်သည့်သတိပေးချက်မှ ထုတ်ပြန်ခဲ့ခြင်းမရှိကြောင်း ပြောခဲ့သည်။ အနီးအနားတွင် မိုင်းပေါက်ကွဲမှုကြောင့် တစ်ရက်တည်းတွင်ပင် အခြားလူနှစ်ဦးအား ထိခိုက်ဒဏ်ရာရမှု အသေးစားများ ရရှိစေခဲ့သည်။

၆၁။ "Karen Human Rights Group Submission to Landmine Monitor," August 2021. KHRG researchers were told that no warning by the KNLA was issued. Nearby, another mine caused minor injuries to two other people the same day.

၆၂။ "Karen Human Rights Group Submission to Landmine Monitor," August 2021. KHRG သုတေသီများအား ၂၀၂၁ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့တွင် ပြောကြားခဲ့သည်မှာ KNLA တပ်ရင်း (၁၀၂) က မိုင်းများ ဖယ်ရှားခြင်းဖြင့် ဒေသခံကျေးရွာသားများအား ဖာပွန်မြို့သို့ သွားစေနိုင်ခဲ့ကြောင်းဖြစ်သည်။ သူတို့က လမ်းဘေးတွင် မြေမြှုပ်မိုင်းအချို့ ချန်ထားခဲ့ခြင်းဖြင့် အချို့သော ရွာသားများအား သူတို့ကျေးရွာများသို့ ပြန်လာရန် ကြောက်ရွံ့နေစေခဲ့သည်။

၆၃။ "Karen Human Rights Group Submission to Landmine Monitor," August 2021. KHRG researchers were told that on 19 June 2021, KNLA Battalion 102 removed mines for local villagers to be able to go to Hpapun town. They left some landmines beside the road, making some villagers afraid to return to their own villages.

၆၄။ "New clashes break out between KIA, regime forces in northern Shan State," Myanmar Now, 18 May 2021.

၆၅။ "Karen Human Rights Group Submission to Landmine Monitor," August 2021. ၂၀၂၁ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် KNLA က မထော်ကျေးရွာအုပ်စုရှိ ကူးစိတ် တပ်မတော်စခန်းကို တိုက်ခိုက်ခဲ့ပြီး KNLA စစ်သားများက စစ်တပ်၏လမ်းကို သစ်တုံးများနှင့် မြေမြှုပ်မိုင်းများဖြင့် ပိတ်ဆို့ခဲ့သည်။

၆၆။ KHRG, "Doo Tha Htoo District Incident Report: Child seriously injured in a landmine explosion in Thaton Township," January 2021.

၆၇။ "Karen Human Rights Group Submission to Landmine Monitor," August 2021. KNLA မှ လယ်သမားတစ်ဦးအား ယေဘုယျအားဖြင့် သတိပေးခဲ့သည်, သို့သော် အသေးစိတ်အချက်အလက်များ မေးမြန်းသောအခါ သူနှွားကျောင်းလေ့ရှိသည့် နေရာမှာ မိုင်းထောင်ထားကြောင်း ပြောခဲ့သည်။

ရရှိခဲ့ခြင်းဖြစ်သည်ဟု ၎င်းတို့က ဆိုသည်။[၆၈]

ယခင်က ၂၀၁၁ ခုနှစ်တွင် မြန်မာအစိုးရသည် နိုင်ငံအတွင်းလှုပ်ရှားနေကြသည့် NSAG များနှင့် ငြိမ်းချမ်းရေးဆိုင်ရာ သဘောတူညီချက်များကို အပြီးသတ်ရန် ဆန္ဒရှိကြောင်း ကြေညာခဲ့သည်။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့က အစိုးရနှင့် နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲမှု သဘောတူညီချက် (NCA) ကို လက်မှတ်ရေးထိုးပြီး "မိုင်းထောင်ခြင်း အဆုံးသတ်ရန်" နှင့် "မြေမြှုပ်မိုင်းအားလုံးကို ရှင်းလင်းခြင်းလုပ်ငန်းစဉ်တွင် ပူးပေါင်းဆောင်ရွက်ရန်" အတွက် ကတိကဝတ်ပြုခဲ့ကြသည်။

ထိုအဖွဲ့အားလုံး - ကရင်အမျိုးသားအစည်းအရုံး (KNU) မှ ကွဲထွက်လာသော အဖွဲ့ခွဲနှစ်ရပ်၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)၊ ရခိုင်လွတ်မြောက်ရေးပါတီ(ALP)၊ ပအိုဝ်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO)၊ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF)၊ ချင်းအမျိုးသားတပ်ဦး (CNF) နှင့် DKBA တို့သည် ယခင်က မိုင်းများ အသုံးပြုခဲ့ကြသည်။[၆၉] ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU)တို့က NCA တွင် ပါဝင်ခဲ့ပြီးနောက် လက်မှတ်ရေးထိုးသည့် NSAG  အရေအတွက်ကို (၁၀) ခုအထိ မြှင့်တင်ခဲ့သည်။[၇၀] ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဒုတိယဝန်ကြီး ဦးစိုးအောင်က မိုင်းများပျံ့နှံ့နေခြင်းသည် လက်မှတ်ထိုးရန် ပျက်ကွက်ခဲ့သည့် NSAG များ၏ အကျိုးဆက်ဖြစ်ကြောင်း ဆိုသည်။[၇၁]

ယခင်နှစ်များတွင် မြန်မာနိုင်ငံရှိ NSAG နှင့် NSAG ဟောင်းအချို့က ဆွစ်ဇာလန်နိုင်ငံအခြေပြု အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO) တစ်ရပ်ဖြစ်သည့် ဂျီနီဗာကောလ်မှ စီမံထားသည့် ကတိကဝတ်ပြုမှုစာချွန်လွှာ ကို လက်မှတ်ရေးထိုးခြင်းဖြင့် လူသား ပစ်မှတ်ထား တိုက်ခိုက်သောမိုင်းအသုံးပြုမှုကို တဖက်သတ် စွန့်လွှတ်ခဲ့ကြသည်။ [၇၂] ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF) က ကတိကဝတ် ပြုမှုစာချွန်လွှာကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၎င်း၏ လက်နက်ကိုင် လက်ရုံးတပ်ဖွဲ့ဖြစ်သော TNLA က မိုင်းအသုံးပြုမှုမှ ရှောင်ကြဉ်ရန် ကတိပြုခဲ့သည်။[၇၃] ၂၀၁၇ ခုနှစ်၊ ဖွန်လတွင် TNLA က မိုင်းအသုံးပြုမှုအသစ်နှင့် ပတ်သက်သည့် စွပ်စွဲချက်များကို ငြင်းဆိုကာ TNLA အနေဖြင့် ကတိကဝတ်ပြုမှုစာချွန်လွှာကို လက်မှတ်ရေးထိုးချိန်မှစ၍ မြေမြှုပ်မိုင်းများ အသုံးမပြုတော့ကြောင်း ခိုင်မာစွာ ပြောသည်။[၇၄]

## မြေမြှုပ်မိုင်း အသုံးပြုမှုအသစ်အပေါ် တုံ့ပြန်မှု

ယခင်က မြန်မာအစိုးရ တာဝန်ရှိသူများစွာက အစိုးရတပ်ဖွဲ့များ လူသားပစ်မှတ်ထား တိုက်ခိုက်သောမိုင်းများ အသုံးပြုနေသည်ဆိုခြင်းကို ဝန်ခံခဲ့ (သို့) ငြင်းဆိုခဲ့ကြသည်။[၇၅]

၂၀၂၀ ခုနှစ်၊ အောက်တိုဘာလတွင် မြန်မာနိုင်ငံက တပ်မတော်အနေဖြင့် ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် မိုင်းများ ထောင်ထားသည်ဆိုသည့် အစီရင်ခံစာများကို ငြင်းဆိုခဲ့သည်။[၇၆] ဘင်္ဂလားဒေ့ရှ်နိုင်ငံက သူတို့သည် သူတို့၏ နယ်စပ်တွင် မြန်မာတပ်ဖွဲ့များမှ

---

၆၈။ "Information Team of State Administration Council holds press conference 4/2021," Global New Light of Myanmar, 10 April 2021, p. 5. ပုံများမှနေ၍ မိုင်းများ၏ နည်းပညာဆိုင်ရာ လက္ခဏာများကို ဆုံးဖြတ်ရန် မဖြစ်နိုင်ပါ။

၆၉။ "Peace Deal Signed," Global New Light of Myanmar, 16 October 2015, p. 1. အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သော နိုင်ငံရေး အဖွဲ့အစည်းတစ်ခုစီတွင် လက်နက်ကိုင် လက်ရုံးတပ်ဖွဲ့များ ရှိကြသည်။ KNU အဖွဲ့များ၏ လက်ရုံးတပ်ဖွဲ့မှာ KNLA ဖြစ်သည်၊ RCSS ၏ လက်ရုံးတပ်ဖွဲ့မှာ SSA-S ဖြစ်သည်၊ ALP ၏ လက်ရုံးတပ်ဖွဲ့မှာ အာရကန်လွတ်မြောက်ရေးတပ်မတော် (ALA) ဖြစ်သည်၊ PNLO ၏ လက်ရုံးတပ်ဖွဲ့မှာ ပအိုဝ်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (PNLA) ဖြစ်သည်၊ ထို့နောက် CNF ၏ လက်ရုံးတပ်ဖွဲ့မှာ ချင်းအမျိုးသားတပ်မတော် (CNA) ဖြစ်သည်။ စာရင်းတွင်ပါသော နောက်အဖွဲ့နှစ်ခုမှာ သူတို့၏ လက်ရုံးတပ်များနှင့် အမည်တူညီစွာ ရှိကြသည်။

၇၀။ "Two ethnic armed groups sign ceasefire agreement in Nay Pyi Taw," Global New Light of Myanmar, 14 February 2018.

၇၁။ Lei Lei, "Landmines Strike 10 Civilians in a Single Town in Myanmar's Shan State," The Irrawaddy, 27 September 2019.

၇၂။ အတိတ်တွင် မြန်မာနိုင်ငံ၌ လှုပ်ရှားခဲ့သော လက်နက်ကိုင်အဖွဲ့အချို့နှင့် လက်နက်ကိုင်အဖွဲ့ဟောင်း အချို့က ကတိကဝတ်ပြုမှု စာချွန်လွှာကို လက်မှတ်ရေးထိုးခြင်းအားဖြင့် လူသားပစ်မှတ်ထား တိုက်ခိုက်သော မိုင်းများ အသုံးပြုမှုကို တစ်ဖက်သတ် စွန့်လွှတ်ခဲ့သည်။ CNF/CNA က ၂၀၀၆ ခုနှစ်၊ ဇူလိုင်လတွင် အသုံးပြုမှု စွန့်လွှတ်ခဲ့သည်။ အာရကန် ရိုဟင်ဂျာအမျိုးသား အဖွဲ့အစည်း (ARNO) နှင့် ညီညွတ်သော အာရကန်အမျိုးသားပါတီ (NUPA) တို့မှာ ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလတွင် အသုံးပြုမှု စွန့်လွှတ်ခဲ့ကာ ၎င်းတို့နှစ်ဖွဲ့လုံးမှာ ယခုအခါ စစ်ရေးလှုပ်ရှားမှုများ ရပ်တန့်ခဲ့ပြီ ဖြစ်သည်။ လားဟူ ဒီမိုကရက်တစ်တပ်ဦး(LDF)၊ ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်မတော် (PSLA) နှင့် ပအိုဝ်ပြည်သူ့လွတ်မြောက်ရေးအဖွဲ့အစည်း/ပအိုဝ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် (PPLO/PPLA) တို့က ၂၀၀၇ ခုနှစ်၊ ဧပြီလတွင် အသုံးပြုမှု စွန့်လွှတ်ခဲ့သည်။ ၂၀၁၀ ခုနှစ်၊ ဇွန်လတွင် Geneva Call က LDF နှင့် PPLA တို့ ဖျက်သိမ်းခဲ့ပြီဖြစ်ကြောင်း သတိမူမိခဲ့သည်။

၇၃။ ၂၀၁၄ ခုနှစ်မှ စတင်၍ Geneva Call သည် TNLA အား စွပ်စွဲထားသည့် မိုင်းအသုံးပြုမှုဆိုင်ရာ စွဲချက်များနှင့် ပတ်သက်သော စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်နေခဲ့သည်။ See, Geneva Call, "Burma/Myanmar: Geneva Call urges an end to mine use in northern Shan State," 14 July 2016.

၇၄။ Amnesty International, "All the Civilians Suffer: Conflict, Displacement and abuse in Northern Myanmar," 14 June 2017, p. 44.

၇၅။ ဥပမာအားဖြင့် ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံက ထုတ်ပြန်ခဲ့သည်မှာ "မြန်မာ့လက်နက်ကိုင်တပ်ဖွဲ့များက ပြည်တွင်းပဋိပက္ခများတွင် လူထု၏ အသက်အိုးအိမ်ကို ကာကွယ်စောင့်ရှောက်ရာ၌ မြေမြှုပ်မိုင်းများကို ဆက်လက်အသုံးပြုတော့မည်မဟုတ်" ဟူ၍ဖြစ်သည်။ Statement of Myanmar, Mine Ban Treaty Sixteenth Meeting of States Parties, Vienna, 21 December 2017.

၇၆။ Statement of Myanmar, General Debate, First Committee, UNGA 75th Session, 19 October 2020.

လူသားပစ်မှတ်ထား တိုက်ခိုက်သောမိုင်း ဆက်လက်အသုံးပြုနေမှုအပေါ် စိုးရိမ်လျက်ရှိကြောင်း ထုတ်ပြန်ခဲ့ပြီး "ကံမကောင်းစွာပင် ထိုကဲ့သို့ အချက်အလက်အပေါ် အခြေခံသည့် အစီရင်ခံချက်အား ယတိပြတ် ငြင်းဆိုခြင်းသည်သာလျှင် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော တုံ့ပြန်မှု ဖြစ်နေသေးသည်" ဟု ဆိုခဲ့သည်။[၇၇]

၂၀၂၁ခုနှစ်၊ဇူလိုင်လတွင် ICBLထံသို့ပေးစာတစ်စောင်၌အမျိုးသားညီညွတ်ရေးအစိုးရ၏လူသားချင်းစာနာထောက်ထားမှုနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု ဝန်ကြီးက "ဖေဖော်ဝါရီလ အာဏာသိမ်းမှုအပြီး စစ်တပ်မှ မြေမြှုပ်မိုင်းများ တိုး၍ သုံးစွဲလာခြင်းမှာ လက်ခံနိုင်စရာမရှိဘဲ ရပ်တန့်ရမည် [sic]" ဟု ထုတ်ပြန်ကာ မြန်မာနိုင်ငံရှိ အခြားပါဝင်ပတ်သက်သူအားလုံးကိုလည်း မြေမြှုပ်မိုင်း အသုံးပြုမှုအား ချက်ချင်းရပ်တန့်ရန် တောင်းဆိုလိုက်သည်။[၇၈]

မြန်မာနိုင်ငံတွင် လှုပ်ရှားနေသော NSAG များက လူသားပစ်မှတ်ထား တိုက်ခိုက်သောမိုင်းများ အသုံးပြုမှုအတွက် အစိုးရတပ်ဖွဲ့များအား သို့မဟုတ် အချင်းချင်းအား အပြစ်တင်လေ့ရှိသည်။ မြန်မာနိုင်ငံတွင် မြေမြှုပ်မိုင်းများ အသုံးပြုခြင်းကို ကျယ်ကျယ်ပြန့်ပြန့် ရှုံ့ချထားသည်။[၇၉]

၂၀၂၀ ခုနှစ်၊ စက်တင်ဘာလတွင် မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးသံတမန်က လူသားပစ်မှတ်ထား တိုက်ခိုက်သော မိုင်းများကြောင့် ဖြစ်ရသည့် ထိခိုက်သေဆုံးမှုများကို မှတ်တမ်းတင်ကာ မြေမြှုပ်မိုင်းများအား "အိုးအိမ်စွန့်ခွာထွက်ပြေးသူများ ပြန်လာရေးတွင် ကြီးမားသော အတားအဆီးတစ်ရပ်" ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ အထူးသံတမန်က အစိုးရအား မြေမြှုပ်မိုင်းအသုံးပြုမှုကို ချက်ချင်း ရပ်တန့်ရန်နှင့် မြန်မာနိုင်ငံအား မိုင်းတားမြစ်ရေးပဋိညာဉ်တွင် ပါဝင်ရန် တောင်းဆိုခဲ့သည်။[၈၀]

မြန်မာနိုင်ငံ ကလေးသူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ အစီရင်ခံစာတွင် မြေမြှုပ်မိုင်းများကြောင့်ဖြစ်ရသည့် ကလေးသူငယ်ထိခိုက်သေဆုံးမှု အရေအတွက်မှာ စိုးရိမ်ဖွယ်ဖြစ်ကြောင်းဖော်ပြပြီး မြန်မာနိုင်ငံအား မိုင်းတားမြစ်ရေးပဋိညာဉ်တွင် ပါဝင်ရန် တောင်းဆိုခဲ့သည်။[၈၁]

၂၀၂၁ ခုနှစ်၊ ဇွန်လတွင် ICBL က မြန်မာနိုင်ငံ၌ လူသားပစ်မှတ်ထား တိုက်ခိုက်သောမိုင်းများ အသုံးပြုမှုအသစ်ကို ရှုံ့ချခဲ့ပြီး နိုင်ငံအတွင်းရှိ လက်နက်ကိုင် လှုပ်ရှားသူအားလုံးအား အသုံးပြုမှု ရပ်တန့်ရန်နှင့် မိုင်းတားမြစ်ရေးပဋိညာဉ်ကို လက်ခံကျင့်သုံးရန် တောင်းဆိုခဲ့သည်။[၈၂]

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် လူ့အခွင့်အရေးကောင်စီ၏ မြန်မာနိုင်ငံနှင့်ပတ်သက်သော ပြန်လှန်သုံးသပ်မှုလုပ်ငန်းစဉ်တွင် ဂျာမနီနှင့် ပနားမားနိုင်ငံတို့က လူသားပစ်မှတ်ထား တိုက်ခိုက်သောမိုင်းများ ဆက်လက်အသုံးပြုနေမှုအပေါ် စိုးရိမ်ကြောင်း ဖော်ပြပြီး မိုင်းအသုံးပြုမှုကို ရပ်တန့်ရန် တောင်းဆိုခဲ့သည်။[၈၃] ICBL က မြန်မာနိုင်ငံ၏ ပြန်လှန်သုံးသပ်မှုလုပ်ငန်းစဉ်သို့ ပါဝင်ပတ်သက်သူဆိုင်ရာ တင်သွင်းမှုတစ်ခု ပြုလုပ်ကာ မြေမြှုပ်မိုင်း စောင့်ကြည့်လေ့လာရေးအဖွဲ့ အစီရင်ခံချက်ကို ထည့်သွင်းခဲ့သည်။[၈၄]

---

၇၅။ Statement of Bangladesh, General Debate, First Committee, UNGA 75th Session, 14 October 2020.

၇၆။ Statement of Myanmar, General Debate, First Committee, UNGA 75th Session, 19 October 2020.

၇၇။ Statement of Bangladesh, General Debate, First Committee, UNGA 75th Session, 14 October 2020.

၇၈။ Statement of the Ministry of Humanitarian Affairs and Disaster Management, National Unity Government of Myanmar, received by the Monitor via email on 22 July 2021.

၇၉။ Lawi Weng, "3 Civilians Reportedly Killed by Landmines in Shan State in June," The Irrawaddy, 8 July 2018.

၈၀။ Report of the Special Rapporteur on the situation of human rights in Myanmar, UNGA 75th Session, Item 72 (c) of the provisional agenda, A/ 75/335, 1 September 2020. အစီရင်ခံစာက ထောက်ခံအကြံပြုသည်မှာ မြန်မာနိုင်ငံအနေဖြင့် "မြေမြှုပ်မိုင်းထောင်ခြင်းကို ချက်ချင်း ရပ်တန့်ရန်၊ လူသားပစ်မှတ်ထားတိုက်ခိုက်သော မိုင်းများ အသုံးပြုမှု၊ သိုလှောင်မှု၊ ထုတ်လုပ်မှုနှင့် လွှဲပြောင်းမှုတို့ကို ရပ်တန့်ရေးနှင့် ၎င်းတို့အား ဖျက်ဆီးရေး စာချုပ်ကို လက်ခံရန်၊ မိုင်းပျံ့နှံ့ရာ နေရာများရှိ မြေမြှုပ်မိုင်းများနှင့် မပေါက်ကွဲသေးသော လက်နက်များကို နိုင်ငံတကာ မိုင်းအရေးလှုပ်ရှားမှုစံနှုန်းများနှင့် အညီ ဖယ်ရှားရန်၊ ဖယ်ရှားမှုလုပ်ငန်းများ မတိုင်မီတွင် မိုင်းပျံ့နှံ့ရာနေရာများ၌ သင့်လျော်စွာ အမှတ်အသားပြုမှုနှင့် အဆီးအတားပြုလုပ်ခြင်းများ လုပ်ဆောင်ရန်၊ ထို့နောက် စနစ်ကျသော မိုင်းအန္တရာယ်နှင့် ပညာရေးဆိုင်ရာ လှုပ်ရှားမှုများကို ဆောင်ရွက်ရန်နှင့် လူသားချင်းစာနာမှုဆိုင်ရာ မိုင်းအရေးလှုပ်ရှားသော အဖွဲ့အစည်းများအား မိုင်းရှင်းလင်းမှု လုပ်ငန်းများအတွက် ခွင့်ပြုချက်ပေးရန်" ဟူ၍ ဖြစ်သည်။

၈၁။ Children and Armed Conflict in Myanmar: Report of the Secretary-General, S/2020/1243, submitted to the UN Security Council, 17 December 2020.

၈၂။ ICBL, "Landmines Continue to Kill and Injure Citizens in Myanmar, in Midst of Humanitarian and Political Crisis" 24 June 2021.

၈၃။ ဂျာမနီနိုင်ငံက မြန်မာနိုင်ငံကို စုံစမ်းမေးမြန်းသည်မှာ "မြန်မာနိုင်ငံ အစိုးရသည် လူသားပစ်မှတ်ထားတိုက်ခိုက်သော မြေမြှုပ်မိုင်းများနှင့် IED များ အသုံးပြုမှုကို ရပ်တန့်ရန်နှင့် မိုင်းရှင်းလင်းမှု အစီအစဉ်များ ချဲ့ထွင်ခြင်းကို အထောက်အပံ့ပြုရန်အတွက် မည်သို့သော ခိုင်မာသည့်အဆင့်များကို ဆောင်ရွက်ရန် စီစဉ်ထားကြောင်းနှင့် ထိုအချိန်အတွင်းတွင် မြေမြှုပ်မိုင်းရှိရာ နေရာများနှင့် ပတ်သက်၍ အရပ်သားများကို သတိပေးရန် နည်းလမ်းများ၊ ဥပမာအားဖြင့် ဗမာဘာသာစကားဖြင့်ရော တိုင်းရင်းသားလူနည်းစုများ၏ ဘာသာစကားဖြင့်ပါ ဆိုင်းဘုတ်များနှင့် အများပြည်သူသို့ ကြေညာချက်များ စသဖြင့်မည်သည့်နည်းလမ်းများကို အကောင်အထည်ဖော်နိုင်ကြောင်း" တို့ဖြစ်သည်။ ပနားမားနိုင်ငံက စုံစမ်းမေးမြန်းသည်မှာ "ကျွန်ုပ်တို့အနေဖြင့် မြန်မာတပ်မတော်နှင့် လူမျိုးစု လက်နက်ကိုင်တပ်ဖွဲ့များ၏ လူသားပစ်မှတ်ထားတိုက်ခိုက်သော မြေမြှုပ်မိုင်းများနှင့် လက်လုပ်မိုင်း (IED) များ အသုံးပြုမှုနှင့် ၎င်းကြောင့် အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် ပြည်တွင်း ရွှေ့ပြောင်းခံရသူများအပေါ် သိသာစွာ ထိရောက်မှုရှိလျက် အရပ်သားများကို ထိခိုက်ဒဏ်ရာ ရရှိစေ သို့မဟုတ် သေဆုံးစေခဲ့သည်ဆိုသော အစီရင်ခံချက်များအပေါ် မှတ်သားပြီး စိုးရိမ်မှုရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ထိုလက်နက်များအသုံးပြုမှုကို ရပ်တန့်ရန်နှင့် ထိုလက်နက်များ၏ လူခွဲခြားခြင်းမရှိသော ဒဏ်တို့ကြောင့် စနစ်တကျ မိုင်းအန္တရာယ်နှင့် ပညာပေးမှုလုပ်ငန်းများကို ဆောင်ရွက်ရန် စဉ်းစားထားပါသလား" ဟူ၍ဖြစ်သည်။

၈၄။ Summary of stakeholders' information. See, Universal Periodic Review, Myanmar, 25 January 2021.

၂၀၂၀ ခုနှစ်၊ ဇွန်လတွင် UN အထွေထွေအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ်က မြန်မာနိုင်ငံ၌ "လူသားပစ်မှတ်ထား တိုက်ခိုက်သောမိုင်းများ အပါအဝင် သတ်ဖြတ်မှုနှင့် သေရာပါဒဏ်ရာရစေမှုအရေအတွက် ရုတ်တရက်များပြားလာခြင်း" အပေါ် ထိတ်လန့်ကြောင်းဖော်ပြပြီး အစိုးရအား မိုင်းတားမြစ်ရေးပဋိညာဉ်တွင် ပါဝင်ရန် တိုက်တွန်းခဲ့သည်။[၈၅]

မိုင်းတားမြစ်ရေး ပဋိညာဉ်၏ အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံက မြန်မာနိုင်ငံမှ လူသားပစ်မှတ်ထား တိုက်ခိုက်သော မိုင်းများ အသုံးပြုနေခြင်းကို ပုံမှန် ရှုံ့ချခဲ့သည်။ ယခင် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် UNGA ၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဝန်ကြီးချုပ် ဖြစ်သူ Sheikh Hasina က "မြန်မာအာဏာပိုင်များက ရိုဟင်ဂျာလူမျိုးများ မြန်မာနိုင်ငံသို့ ပြန်လာခြင်းကို တားဆီးရန်အတွက် မြန်မာနယ်စပ်ဘက်အခြမ်းတစ်လျှောက် မြေမြှုပ်မိုင်း များ အသုံးပြုနေခြင်းကို ထိတ်လန့်ဖွယ်တွေ့ရသည်" ဟု ထုတ်ပြန်ခဲ့သည်။[၈၆]

## မြန်မာနိုင်ငံတွင် လူသားပစ်မှတ်ထား တိုက်ခိုက်သောမိုင်းများ၏ အကျိုးသက်ရောက်မှု

တပ်မတော် (နိုင်ငံတော်လက်နက်ကိုင်တပ်ဖွဲ့များ) နှင့် တိုင်းရင်းသား လူနည်းစုများနှင့်ပတ်သက်ရာ အစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့ (NSAGs) များစွာတို့အကြား ပဋိပက္ခများ၏ ရလဒ်အဖြစ် မြန်မာနိုင်ငံ/ဗမာနိုင်ငံ[၈၇] သည် ပြင်းထန်စွာ မိုင်းဒဏ်ခံရသည်။ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရချိန်မှစ၍ နယ်စပ်ဒေသများတွင် လက်နက်ကိုင်ပဋိပက္ခများ ဆက်လက် ဖြစ်ပွားလာခဲ့သည်။

မိုင်းထောင်ထားသော နေရာများသည် ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံ နယ်စပ်ဒေသများနှင့် ကပ်လျက် တည်ရှိသည်။ တပ်မတော်နှင့် NSAGs နှစ်ဘက်လုံးမှ မိုင်းအသစ်များ ဆက်လက်ထောင်နေကြသည်။ မြန်မာနိုင်ငံအတွင်း မိုင်းပျံ့နှံ့မှု အတိုင်းအတာ အပြည့်အစုံကို မသိရပါ။ သို့သော် ၎င်းတွင် လက်လုပ်မိုင်းများနှင့် အစိုးရပိုင်စက်ရုံများ၌ ထုတ်လုပ်သော မိုင်းများ ပါဝင်သည်။ မိုင်းပျံ့နှံ့မှုက ဒုက္ခသည်များနှင့် ပြည်တွင်းရှိ အိုးအိမ်စွန့်ခွာထွက်ပြေးသူများ (IDPs) တို့ ပြန်လာခြင်းကို တားမြစ်သည်။ လတ်တလောနှစ်များအတွင်း မိုင်းကြောင့် ထိခိုက်သေဆုံးမှုများ တိုးလာသည့်ဖြစ်စဉ်ကို ပြည်တွင်းမှ သက်ဆိုင်သူများက သတင်း ပို့ထားသည်။

၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလတွင် နေပြည်တော်၌ အမျိုးသားအဆင့်အစည်းအဝေးတစ်ရပ်ကို ကျင်းပကာ အမျိုးသားအဆင့် မိုင်းအရေး ဆောင်ရွက်မှုအာဏာပိုင်အဖွဲ့နှင့် အမျိုးသားအဆင့် မိုင်းအရေးဆောင်ရွက်မှု စင်တာတို့ကို ဖွဲ့စည်းရန် ဆွေးနွေးခဲ့ပြီး ၎င်းမှာ လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန (MoSWRR) ၏ ကြီးကြပ်မှုအောက်တွင် ထူထောင်ရန်ဖြစ်သည်။ စစ်တပ်က မိုင်းရှင်းလင်းရေးလုပ်ငန်းအချို့ကို ဆောင်ရွက်ခဲ့သော်လည်း လှုပ်ရှားမှုများမှာ အစီအစဉ်တကျမဟုတ်ဘဲ မှတ်တမ်းတင်ထားခြင်းလည်း မရှိပါ။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိုင်းအရေးဆောင်ရွက်မှု လှုပ်ရှားသူများသည် မြန်မာနိုင်ငံသို့ ၂၀၁၂ ခုနှစ်တွင် စတင်ရောက်ရှိခဲ့ကြသော်လည်း မိုင်းရှင်းလင်းခွင့် မရကြပါ။ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလတွင် မိုင်းအရေး ဆောင်ရွက်မှုကဏ္ဍသည် နိုင်ငံတကာ မိုင်းအရေးဆောင်ရွက်မှု စံနှုန်းများ (IMAS) နှင့်အညီ အမှတ်အသားပြုလုပ်ခြင်းနှင့် အဆီးအတားကာရံခြင်း လှုပ်ရှားမှုများကို စတင်ရန် နည်းပညာအဖွဲ့များ စတင်ဖြန့်ကျက်နိုင်ကြောင်း ခွင့်ပြုချက်ရရှိခဲ့သည်။[၈၈] သို့သော် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် လုပ်ငန်းပြီးမြောက်မှု အနည်းငယ်သာ ရှိခဲ့သည်။

၂၀၂၀ ခုနှစ်တွင် မြန်မာနိုင်ငံ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိုင်းအရေးဆောင်ရွက်မှု စီမံကိန်းများကို ဆောင်ရွက်နေသည့် အဖွဲ့အစည်းအရေအတွက် လျော့ကျသွားကြောင်း တွေ့ရသည်။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် အဖွဲ့အစည်း (၁၆) ခုက မြို့နယ် (၈၅) ခုအနှံ့တွင် ဆောင်ရွက်နေသော မိုင်းအရေးဆောင်ရွက်မှု စီမံကိန်း (၂၁) ခုအကြောင်း သတင်းပို့ခဲ့သည်။ ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အဖွဲ့အစည်း (၁၃) ခုက မြို့နယ် (၇၇) ခုအနှံ့တွင် ဆောင်ရွက်နေသော မိုင်းအရေးဆောင်ရွက်မှု စီမံကိန်း (၁၃) ခု

---

၈၅။ Children and Armed Conflict: Report of the Secretary-General, UNGA 74th Session, Agenda Item 66 (a), A/74/845-S/2020/525, 20 June 2020.

၈၆။ မြန်မာနိုင်ငံကို ပြည်နယ်နှင့် တိုင်းဒေသကြီးများအဖြစ် ပိုင်းခြားထားသည်။ ပြည်နယ်များသည် မြန်မာနိုင်ငံ၏ ပိုမိုကြီးမားသော တိုင်းရင်းသားလူနည်းစုအုပ်စုအချို့အတွက် သတ်မှတ်ထားသည့် မူလနေရပ်အဖြစ် သတ်မှတ်ထားသည်။ သီးသန့်အုပ်စုတစ်ခုဖြင့် သတ်မှတ်ထားခြင်းမရှိသည့် အခြားနေရာများကို တိုင်းဒေသကြီးများအဖြစ် ခေါ်တွင်သည်။ ယခင်က စစ်အာဏာသိမ်းအဖွဲ့က ၁၉၈၉ ခုနှစ်တွင် နိုင်ငံ၏ အမည်ကို ဗမာမှ မြန်မာသို့ ပြောင်းလဲခဲ့ပြီး အချို့ပြည်နယ်များ၏ အမည်များကိုလည်း ပြောင်းလဲခဲ့သည်။ Kayin ပြည်နယ်မှာ ယခင်က Karen ဟု သိရှိခဲ့ကြပြီး Bago တိုင်းဒေသကြီးမှာ ယခင်က Pegu ဟူ၍ ဖြစ်သည်။ နိုင်ငံအတွင်းရှိ တိုင်းရင်းသားအုပ်စုများစွာမှာ ဗမာ ဟူသည့် အမည်နှင့် ယခင်က ပြည်နယ်အမည်များကို ပိုမိုသုံးစွဲလိုကြဆဲ ဖြစ်သည်။ နိုင်ငံအကြောင်းအရာတွင် ပြည်တွင်း ပြည်နယ်နှင့် တိုင်းဒေသကြီးအမည်များကို သူတို့၏ လက်ရှိပုံစံဖြင့် ပေးထားသည်။

၈၇။ Myanmar is divided into states and regions. States are the designated home areas to some of Myanmar's larger ethnic minority groups. Other areas, which are not identified with a specific group, are referred to as administrative regions. The former military junta changed the country's name from Burma to Myanmar in 1989 and also changed the names of some states. Kayin state was previously known as Karen state, while the Bago region was previously known as the Pegu region. Many ethnic groups within the country still prefer to use the name Burma and the former state names. In this country profile, internal state and administrative region names are given in their current form.

၈၈။ Response to Monitor questionnaire by Bekim Shala, Country Programme Manager, Mines Advisory Group (MAG) Myanmar, 25 May 2020; and by Michael Horita, Field Coordinator, Humanity & Inclusion (HI) Myanmar, 16 March 2021.

အဖြစ်သို့ လျော့ကျသွားသည်။[၈၉] ၂၀၂၁ ခုနှစ်၊ မေလတွင် စုစုပေါင်း အဖွဲ့အစည်း ခုနစ်ခုကသာ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသော မိုင်းအရေးဆောင်ရွက်မှု စီမံကိန်းများအကြောင်း သတင်းပို့ခဲ့သည်။[၉၀]

၂၀၂၀ ခုနှစ်တွင် အန္တရာယ်ဆိုင်ရာ ပညာပေးမှုကို မိုင်းအန္တရာယ်ဆိုင်ရာ အလုပ်အဖွဲ့ (MRWG) မှ စီစဉ်ညှိတ်ဆက်ပြီး ပြန်လည်ထူထောင်ရေး ဦးစီးဌာနမှ ဦးဆောင်ကာ ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်အဆင့် စီစဉ်ညှိတ်ဆက်မှုကို ကချင်၊ ကယား၊ ကရင်နှင့် ရှမ်းပြည်မြောက်ပိုင်းတို့အပါအဝင် ပဋိပက္ခ ဖြစ်ပွားရာ နေရာများတွင်လည်း စီစဉ်ဆောင်ရွက်ခဲ့သည်။ အန္တရာယ်ဆိုင်ရာ ပညာပေးမှုသည် တိုင်းရင်းသား လူမျိုးစုနယ်မြေများရှိ ပဋိပက္ခဒဏ်ခံရသော လူမှုအသိုက်အဝန်းများအပေါ် အထူးအလေးထားပြီး အထူးသဖြင့် IDPs နှင့် ဒုက္ခသည်များအတွက် ရည်ရွယ်သည်။

၁၉၉၉ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ဆယ်စုနှစ်တစ်ခုစာအတွင်း မြန်မာနိုင်ငံရှိ မိုင်းနှင့် ပေါက်ကွဲစေတတ်သော စစ်ကျန်ပစ္စည်းများ (ERW) ၏ ဒဏ်ခံရသူများ၊ မသန်စွမ်းသူများအတွက် အကူအညီမှာ အလွန်နည်းပါးခဲ့ပြီး အကြောင်းမှာ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုအပေါ် အုပ်ချုပ်သူအာဏာပိုင်များ၏ လျစ်လျူရှုမှုကြောင့် ဖြစ်သည်။ မြန်မာနိုင်ငံရှိ အာဏာပိုင်များတွင် ထိခိုက်နစ်နာသူ အကူအညီပေးရေး အမျိုးသားအဆင့် အစီအစဉ် သို့မဟုတ် မဟာဗျူဟာ မရှိပါ။ ထိခိုက်နစ်နာသူ အကူအညီပေးရေး လိုအပ်ချက်နှင့် ပတ်သက်သော အသိအမြင်သည် ၂၀၁၂ ခုနှစ်ဝန်းကျင်မှစ၍ ထိရောက်စွာ တိုးတက်လာခဲ့ကာ ကနဦးတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၏ လှုပ်ရှားမှုကြောင့် ဖြစ်သည်။ နိုင်ငံတကာ ကြက်ခြေနီကော်မတီ (ICRC) က ၁၉၈၆ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အမြဲတမ်းရုံးစိုက်ခြင်း စတင်ကာ ၁၉၉၀ ခုနှစ်များ အစောပိုင်းမှစတင်၍ ကိုယ်ကာယပိုင်း ပြန်လည်ထူထောင်ရေး အစီအစဉ်များအတွက် ငွေကြေးနှင့် နည်းပညာ အထောက်အပံ့များ ပေးခဲ့သည်။[၉၁]

၂၀၁၄ ခုနှစ်နှင့် ၂၀၂၀ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ ထိခိုက်နစ်နာသူ အကူအညီပေးရေး ဝန်ဆောင်မှုပေးသူ အရေအတွက် သိသိသာသာ တိုးလာခဲ့သည်။ အစိုးရဌာနများ၊ ကမ္ဘာ့ကုလသမဂ္ဂ (UN)၊ နိုင်ငံတကာနှင့် ဒေသတွင်း NGO များနှင့် အရပ်ဘက်အခြေပြု အဖွဲ့အစည်းများ စုစုပေါင်း တစ်ဒါဇင်ကျော်က ပါဝင်အားထုတ်ခဲ့သည်။ ထိခိုက်နစ်နာသူ အကူအညီပေးရေး စင်တာများကို တည်ဆောက်ပြီး ခြေတုလက်တု တပ်ဆင်ပေးခြင်း ဝန်ဆောင်မှုများ တိုးတက်လာခဲ့ကာ ပိုမိုကောင်းမွန်သော ရွေ့လျားဝန်ဆောင်မှုများဖြင့်လည်း ဆောင်ရွက်ခဲ့သည်။ လူ့အသိုက်အဝန်းအခြေပြု ပြန်လည်ထူထောင်ရေးနှင့် အသက်မွေးဝမ်းကြောင်းပညာ လေ့ကျင့်ခြင်းများ၏ ဒေသတွင်း ရရှိနိုင်မှုလည်း တိုးတက်လာခဲ့သည်။ အမျိုးသားအဆင့် ထိခိုက်နစ်နာသူ အကူအညီပေးရေး နည်းပညာအဖွဲ့ (NVATG) ကို MRWG အောက်ရှိ အလုပ်အဖွဲ့ခွဲတစ်ရပ်အဖြစ် မိတ်ဆက်ထည့်သွင်းပြီးနောက် ထိခိုက်နစ်နာသူ အကူအညီပေးရေး စီစဉ်ညှိတ်ဆက်မှု တိုးတက်လာခဲ့သည်။ သို့ရာတွင် မရှိမဖြစ် ဝန်ဆောင်မှုများသည် အထူးသဖြင့် ဝေးလံခေါင်ဖျားသော ကျေးလက်ဒေသများတွင် နေထိုင်သူများအတွက် ရှားပါးနေဆဲ ဖြစ်သည်။

**မိုင်းအရေးဆောင်ရွက်မှု စီမံခန့်ခွဲမှုနှင့် စီစဉ်ညှိတ်ဆက်မှု ခြုံငုံသုံးသပ်ချက်**

| | |
|---|---|
| **အမျိုးသားအဆင့်မိုင်းအရေးဆောင်ရွက်မှုစီမံခန့်ခွဲမှု ပါဝင်သူများ** | မိုင်းရှင်းလင်းခြင်း လုပ်ငန်းများအတွက် တပ်မတော်တွင် တာဝန်ရှိသည် |
| **UN အေဂျင်စီများ** | ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF)<br>ကမ္ဘာ့ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) |
| **မိုင်းအရေးဆောင်ရွက်မှု ဥပဒေပြုရေး** | မရှိ |
| **မိုင်းအရေးဆောင်ရွက်မှု မဟာဗျူဟာနှင့် လုပ်ရှားမှုဆိုင်ရာ အစီအစဉ်များ** | မရှိ |
| **မိုင်းအရေးဆောင်ရွက်မှု စံနှုန်းများ** | ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် မိုင်းရှင်းလင်းရေးဆိုင်ရာ အမျိုးသားအဆင့် မိုင်းအရေး ဆောင်ရွက်မှု စံနှုန်းကို ပြုစုနေခဲ့သည် |

## စီစဉ်ညှိတ်ဆက်မှုနှင့် စီမံခန့်ခွဲမှု

မြန်မာနိုင်ငံ၏ ယခင်စစ်အစိုးရက ၂၀၁၃ ခုနှစ်တွင် ယခင် မြန်မာငြိမ်းချမ်းရေးစင်တာ လက်အောက်၌ မိုင်းအရေးဆောင်ရွက်မှု စင်တာတစ်ခုကို ဖန်တီးခဲ့သည်။ သို့သော် ထိုစင်တာတွင် မည်သည့်အခါကမျှ ဝန်ထမ်းအပြည့် ခန့်ထားခြင်း မရှိခဲ့ပါ။ မိုင်းစစ်တမ်းကောက်ယူခြင်းနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရန်အတွက် NSAGs နှင့် အမျိုးသားအဆင့် အပစ်အခတ်

၈၉။ Myanmar Information Management Unit (MIMU), ‘‘The MIMU 3W: Who is doing What, Where,’’ undated.

၉၀။ One border-based organization, the Myanmar Red Cross, the United Nations Children’s Fund (UNICEF) and four international NGOs. See, MIMU, “Countrywide Overview - MIMU 3W,” May 2021.

၉၀။ ICRC, “Where We Work: The ICRC in Myanmar,” 30 June 2014.

၉၁။ ICRC, “Where We Work: The ICRC in Myanmar,” 30 June 2014.

ရပ်စဲရေး သဘောတူညီချက်တစ်ရပ်ကို ဦးစွာအပြီးသတ်ရန် လိုအပ်သည်ဟု အစိုးရဘက်မှ သတ်မှတ်ထားသည်။[၉၂] ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ရွေးကောက်ပွဲအပြီး အစိုးရအဖွဲ့အပြောင်းအလဲနှင့်အတူ မိုင်းအရေးဆောင်ရွက်မှု စင်တာကို ဖျက်သိမ်းလိုက်သည်။ NLD ဦးဆောင်သော အစိုးရအဖွဲ့အသစ်က ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများကို ဦးစားပေးခဲ့ကာ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်သူအနည်းငယ်က မိုင်းအန္တရာယ်နှင့် ရှင်းလင်းရန် လိုအပ်မှုအကြောင်းကို အလေးပေးပြောဆိုခဲ့သည်။[၉၃]

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် ဂျီနီဗာ လူသားချင်းစာနာထောက်ထားမှုနှင့် မိုင်းဖယ်ရှားရေးဆိုင်ရာ နိုင်ငံတကာစင်တာ (GICHD) နှင့် မိုင်းတားမြစ်ရေးပဋိညာဉ်၏ နော်ဝေ အလှည့်ကျ ဥက္ကဋ္ဌတို့ တက်ရောက်ခဲ့သော နိုင်ငံတကာ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့ကာ မြန်မာနိုင်ငံတွင် မိုင်းအရေးဆောင်ရွက်မှု အစီအစဉ်တစ်ခုအား ဦးဆောင်ရန်နှင့် စီမံခန့်ခွဲရန် အမျိုးသားအဆင့် မိုင်းအရေးဆောင်ရွက်မှု အာဏာပိုင်အဖွဲ့တစ်ခု ဖွဲ့စည်းတည်ထောင်မှုအကြောင်း ဆွေးနွေးခဲ့သည်။[၉၄]

၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလတွင် နေပြည်တော်၌ အမျိုးသားအဆင့် အစည်းအဝေးတစ်ခုကို ကျင်းပကာ လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန (MoSWRR) လက်အောက်၌ အမျိုးသားအဆင့် မိုင်းအရေးဆောင်ရွက်မှု အာဏာပိုင်အဖွဲ့နှင့် မိုင်းအရေးဆောင်ရွက်မှုစင်တာတို့ကို ဖွဲ့စည်းရန် ဆွေးနွေးခဲ့သည်။ အစည်းအဝေး တက်ရောက်သူများက ကာကွယ်ရေး ဝန်ကြီးဌာနမှ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် မိုင်းရှင်းလင်းရေးအဖွဲ့များ ဖွဲ့စည်းနေခြင်းကိုလည်း ဆွေးနွေးခဲ့သည်။[၉၅]

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ စစ်အာဏာသိမ်းမှုနောက်ပိုင်းတွင် တိုးတက်မှု ရှိမရှိနှင့် မည်သည့်တိုးတက်မှုများ ရှိခဲ့ကြောင်းမှာ မရှင်းလင်းပါ။ ပြန်လည်ထူထောင်ရေး ဦးစီးဌာနနှင့် စီစဉ်ညှိတ်ဆက်မှု ယန္တရားများကို ဆိုင်းငံ့ထားကြောင်း သတင်းပို့ထားသည်။

## မဟာဗျူဟာမြောက် အစီအစဉ်ရေးဆွဲမှု

၂၀၂၀ ခုနှစ်၊ ဩဂုတ်လအထိ အာဏာသိမ်းမှုမတိုင်ခင် အစိုးရက မိုင်းအရေးဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းသော မဟာဗျူဟာ တစ်ရပ်ကို ကြေညာထားခြင်း မရှိပါ။

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် ပြည်ထောင်စု ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMU-C) အတွင်းရေးမှူး ဗိုလ်မှူးကြီး ဝဏ္ဏအောင်က မိုင်းရှင်းလင်းမှုသည် အစိုးရနှင့် NSAGs အကြား အပြန်အလှန်ယုံကြည်မှု မတည်ဆောက်နိုင်မီတွင် မစတင်နိုင်ကြောင်း ပြောဆိုခဲ့သည်။[၉၆] ၂၀၁၇ ခုနှစ်၊ မေလတွင် ဗိုလ်မှူးကြီး အောင်က တပ်မတော်အနေဖြင့် မိုင်းရှင်းလင်းရေးကို ဦးဆောင်မည်ဖြစ်ကြောင်း၊ သို့သော် နိုင်ငံတကာမှ နည်းပညာနှင့် ပစ္စည်းအထောက်အပံ့ကို လက်ခံမည်ဖြစ်ကြောင်း ပြောခဲ့သည်။ [၉၇] ၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ် မင်းအောင်လှိုင်က နယူးဇီလန် သံအမတ်ကြီးနှင့် နှစ်နိုင်ငံဆိုင်ရာ စစ်တပ်များအကြောင်းနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများအကြောင်း ပြောဆိုဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။[၉၈] မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်သံရုံးက ထိုအချိန်မှစ၍ မိုင်းအရေးဆောင်ရွက်မှု စီစဉ်ညှိတ်ဆက်သူတစ်ဦးကို ရန်ပုံငွေထောက်ပံ့ပေးခဲ့ကာ ထိုသူ၏ အဓိကတာဝန်မှာ အမျိုးသားအဆင့် မိုင်းအရေးဆောင်ရွက်မှု အာဏာပိုင်အဖွဲ့တစ်ခုကို မတည်ထောင်မီအချိန်အတွင်း ၎င်းကဏ္ဍ၏ ထိရောက်မှုကို မြှင့်တင်ရန်ဖြစ်သည်။ ထိုရှေ့ပြေးလုပ်ငန်းမှာ လုပ်ငန်းအစီအစဉ်များ ဖော်ထုတ်ရာ၌ ဦးတည်အာရုံစိုက်မှုပေးရာတွင် အောင်မြင်ခဲ့ကြောင်း အစီရင်ခံခဲ့သည်။[၉၉]

---

၉၂။ See, for example, "Union Peace Conference—21st Century Panglong continues," Global New Light of Myanmar, 2 September 2016. ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွင်း ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးပွဲ (UPC) ၌ NLD မှ ဒေါ်ဝင့်ဝါထွန်းက ကယားပြည်နယ်ရှိ သူ၏ ရှာဒေါမြို့နယ်၌ "မြေမြှုပ်မိုင်းကွင်းများက သူတို့၏ ဘဝနေထိုင်မှုအပေါ် ခြိမ်းခြောက်နေသဖြင့် ဒေသခံများက လုံခြုံဘေးကင်းမှုကို မခံစားရပါ" ဟု ဆိုခဲ့သည်။

၉၃။ See, for example, "Union Peace Conference—21st Century Panglong continues," Global New Light of Myanmar, 2 September 2016. At the Union Peace Conference (UPC) in September 2016, Daw Wint Wah Tun of the NLD said of her Shardaw township, in Kayah state, that "local people do not feel secure as landmine fields pose a threat to their way of life."

၉၄။ Statement of Myanmar, Mine Ban Treaty Fourth Review Conference, Oslo, 25–29 November 2019.

၉၅။ "Standard operating procedures for commanders drafted at JMC-U," Global New Light of Myanmar, 20 January 2018. ဗိုလ်မှူးကြီး ဝဏ္ဏအောင်က ပြောကြားသည်မှာ "နှစ်ဖက်လုံးက မိုင်းများနှင့် ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်ရေးကို ဆွေးနွေးနေကြဆဲဖြစ်သည်။ NCA တွင် မိုင်းရှင်းလင်းရေးလုပ်ငန်းလည်း ပါဝင်သည်။ သို့သော် ဦးစွာအားဖြင့် အပြန်အလှန်ယုံကြည်မှု တည်ဆောက်ရန် လိုအပ်သောကြောင့် ၎င်းမှာ ဆွေးနွေးနေဆဲသာဖြစ်ပြီး မိုင်းရှင်းလင်းမှုကို အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးပါ။"

၉၆။ "Standard operating procedures for commanders drafted at JMC-U," Global New Light of Myanmar, 20 January 2018. Col. Wunna Aung said: "Both sides are still discussing conducting workshops on mines. The NCA includes mine clearance work. But mutual trust needs to be created first so it is still under discussion and mine clearance cannot be implemented yet."

၉၇။ Ye Khaung Nyunt, "Second day of 10th Union Joint Monitoring Committee meeting in Yangon," Global New Light of Myanmar, 5 May 2017.

၉၈။ Response to Monitor questionnaire by Geoff Moynan, Programme Manager, HALO Trust Myanmar, 27 April 2020.

၉၉။ Statement of Myanmar, UN General Assembly (UNGA) First Committee, Thematic Discussion on Conventional Weapons, New York, 25 October 2019.

**ဥပဒေပြုရေးနှင့် စံနှုန်းများ**

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင် မြန်မာနိုင်ငံသည် စနစ်တကျ မိုင်းရှင်းလင်းရေး ဆောင်ရွက်ရန် အမျိုးသားအဆင့် မိုင်းအရေးဆောင်ရွက်မှုစံနှုန်းကို အပြီးသတ်နေသည့်အဆင့် ရောက်ရှိပြီဟု ထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံဒေသတွင်း မိုင်းအရေးဆောင်ရွက်မှုစင်တာ (ARMAC) လက်အောက်ရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိုင်းအရေးဆောင်ရွက်မှု ကျွမ်းကျင်ပညာရှင် အလုပ်အဖွဲ့မှတစ်ဆင့် ဒေသတွင်း နိုင်ငံများနှင့် အလုပ်လုပ်လျက်ရှိသည်။[၁၀၀]

ယခင်က ၂၀၁၃ ခုနှစ်တွင် မြန်မာငြိမ်းချမ်းရေးစင်တာဟောင်းမှ အစိုးရကိုယ်စားလှယ်များနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ရှားသူများဖြင့် ဖွဲ့စည်းထားသည့် နည်းပညာဆိုင်ရာ အလုပ်အဖွဲ့တစ်ခုက အမျိုးသားအဆင့် မိုင်းအရေးဆောင်ရွက်မှု မဟာဗျူဟာနှင့် အမျိုးသားအဆင့် မိုင်းအရေးဆောင်ရွက်မှုစံနှုန်းများဆိုင်ရာ မူကြမ်းတစ်ခုကို ပြုစုပြီးစီးခဲ့ပြီး ၎င်းမှာ အစိုးရခွင့်ပြုချက်ကို မရရှိခဲ့ပေ။ မြန်မာနိုင်ငံရှိ နိုင်ငံတကာမိုင်းဖယ်ရှားရေးအဖွဲ့အစည်းများမှာ ၎င်းတို့ကိုယ်ပိုင် စံလုပ်ငန်းဆောင်ရွက်မှု အစီအစဉ်များအပြင် IMAS ကိုလည်း လိုက်နာကြသည်။

**သတင်းအချက်အလက် စီမံခန့်ခွဲမှု**

ပဋိပက္ခ ဆက်လက်ဖြစ်ပွားနေသော နေရာများဖြစ်သဖြင့် ထိလွယ်ရှလွယ် အခြေအနေရှိဆဲဖြစ်သည့် အန္တရာယ်ရှိသော နေရာများမှ သတင်းအချက်အလက်ကို ရယူသိမ်းဆည်းရန်အတွက် အမျိုးသားအဆင့် ကြားနေအဖွဲ့တစ်ခု မရှိသည့်အလျောက် မြန်မာနိုင်ငံရှိ မိုင်းအရေး ဆောင်ရွက်မှု လုပ်ရှားသူများသည် မိမိတို့ကိုယ်ပိုင် စစ်တမ်းရလဒ်များကို ထိန်းသိမ်းကြသည်။

**အန္တရာယ်ဆိုင်ရာ အသိပညာပေးမှု စီမံခန့်ခွဲခြင်းနှင့် စီစဉ်ချိတ်ဆက်ခြင်း ခြုံငုံသုံးသပ်ချက်**

| | |
|---|---|
| **အစိုးရ၏ ဆက်သွယ်ဆောင်ရွက်မည့် ဌာနများ** | လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန (MoSWRR) ရှိ ပြန်လည်ထူထောင်ရေး ဦးစီးဌာန |
| **UN ၏ ဆက်သွယ်ဆောင်ရွက်မည့်ဌာန** | ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) |
| **စီစဉ်ချိတ်ဆက်မှု ယန္တရားများ** | မိုင်းအန္တရာယ်ဆိုင်ရာ အလုပ်အဖွဲ့ (MRWG) - ဝန်ကြီးဌာနများ၊ နိုင်ငံတကာနှင့် နိုင်ငံတော်အဆင့် အဖွဲ့အစည်းများ၊ ထို့အပြင် ပြည်နယ်အဆင့် စီစဉ်ချိတ်ဆက်ရေး အေဂျင်စီ လေးခုတို့ဖြင့် ဖွဲ့စည်းထားသည်၊ ၎င်းက အန္တရာယ်ဆိုင်ရာ ပညာပေးမှုနှင့် ထိခိုက်နစ်နာသူ အကူအညီပေးမှု ကိစ္စရပ်များကို ဦးဆောင်သည် |
| **အန္တရာယ်ဆိုင်ရာ ပညာပေးမှု မဟာဗျူဟာ** | MRWG မဟာဗျူဟာမြောက် လုပ်ငန်းအစီအစဉ် ၂၀၂၀ - ၂၀၂၁ |
| **အန္တရာယ်ဆိုင်ရာ ပညာပေးမှု စံနှုန်းများ** | ၂၀၁၉ ခုနှစ်တွင် ရေးဆွဲလျက်ရှိခဲ့သည်၊ သို့သော် ၂၀၂၁ ခုနှစ်တွင် အလုပ်ပြီးမြောက်မှု ရပ်တန့်သွားသည်။ |

**စီစဉ်ချိတ်ဆက်မှု**

MoSWRR လက်အောက်ရှိ ပြန်လည်ထူထောင်ရေး ဦးစီးဌာနသည် UNICEF အဖွဲ့နှင့် ပူးတွဲဥက္ကဋ္ဌအဖြစ် (MRWG) ကို ဦးဆောင်သည်။[၁၀၁] ၂၀၁၂ ခုနှစ်၊ ဧပြီလတွင် ဖွဲ့စည်းခဲ့သော MRWG တွင် ဝန်ကြီးဌာန (၁၀) ခု၊ နိုင်ငံတကာနှင့် နိုင်ငံအဆင့် အဖွဲ့အစည်း (၄၁) ခုနှင့် ဗဟိုချုပ်ကိုင်မှုကင်းပြီး ကချင်၊ ကယား၊ ကရင်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့တွင် တည်ရှိသည့် အလုပ်အဖွဲ့လေးခု ပါဝင်သည်။ ၂၀၁၉ ခုနှစ်တွင် MoSWRR က ရခိုင်ပြည်နယ်၌ နိုင်ငံတော်အဆင့် MRWG အသစ်တစ်ခု ဖွင့်လှစ်ရေး ဆုံးဖြတ်ချက်ကို အားပေးထောက်ခံခဲ့သော်လည်း ၂၀၂၀ ခုနှစ်အဆုံးတွင် ထိုကိစ္စမှာ ဆိုင်းငံ့နေဆဲဖြစ်သည်။[၁၀၂]

MRWG သည် ပုံမှန်အားဖြင့် တစ်နှစ်လျှင် သုံးကြိမ်မီ တွေ့ဆုံသော်လည်း ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါနှင့် ပတ်သက်သည့် ကန့်သတ်ချက်များရှိသည့် ၂၀၂၀ ခုနှစ်တွင် ဒီဇင်ဘာလအတွင်း တစ်ကြိမ်သာ တွေ့ဆုံခဲ့သည်။[၁၀၃] မည်သို့ပင်ဖြစ်စေ နိုင်ငံတော်အဆင့်

၁၀၀။ Response to Monitor questionnaire by Kyaw Kyaw Oo, Operations Coordinator, NPA Myanmar, 18 March 2021.

၁၀၁။ Response to Monitor questionnaire by Sithu Win, Deputy Director, Department of Rehabilitation, 11 March 2021; and by Fabrice Vandeputte, Regional Programme Director, HI, 14 May 2020.

၁၀၂။ Response to Monitor questionnaire by Sithu Win, Deputy Director, Department of Rehabilitation, 11 March 2021.

၁၀၃။ Ibid.

MRWG လေးခုပါဝင်သော အွန်လိုင်းအစည်းအဝေးတစ်ခုကိုလည်း ကျင်းပခဲ့ကာ အမျိုးသားအဆင့် အွန်လိုင်းအစည်းအဝေးကိုလည်း ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလတွင် ကျင်းပခဲ့သည်။[၁၀၄] MRWG များက UN အေဂျင်စီများ၊ နိုင်ငံတကာနှင့် နိုင်ငံအဆင့် NGO များ နှင့် ပူးပေါင်းကာ မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အန္တရာယ်ဆိုင်ရာ အသိပညာပေးမှုနှင့် ပတ်သက်သည့် အလုပ်ရုံ ဆွေးနွေးပွဲ သင်တန်းများကိုလည်း ကျင်းပခဲ့သည်။[၁၀၅]

၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိုင်းအရေးဆောင်ရွက်ခြင်းလုပ်ငန်း လုပ်ရှားသူများက အန္တရာယ်ဆိုင်ရာ အသိပညာပေးမှု လှုပ်ရှားမှုများကို လစဉ်နှင့် သုံးလပတ်ပုံမှန် အွန်လိုင်းအစည်းအဝေးများကျင်းပခြင်းဖြင့် အွန်လိုင်းမှ ဆက်လက် စီစဉ်ချိတ်ဆက်လျက်ရှိသည်။

**မဟာဗျူဟာများ**

၂၀၂၀-၂၀၂၁ခုနှစ်အတွင်းအန္တရာယ်ဆိုင်ရာအသိပညာပေးမှုအတွက်MRWGမဟာဗျူဟာမြောက်လုပ်ငန်းအစီအစဉ်တစ်ရပ် ရှိနေပြီးဖြစ်ကာ ၎င်းတွင် ထိခိုက်နစ်နာသူ အကူအညီပေးမှုအတွက် ရည်မှန်းချက်များလည်း ပါဝင်သည်။[၁၀၆]

**သတင်းအချက်အလက် စီမံခန့်ခွဲမှု**

မြန်မာနိုင်ငံတွင် အားလုံးလွှမ်းခြုံသော မိုင်း/ ERW ဒဏ်ခံရသူ စုံစမ်းခြင်းစနစ် မရှိပါ။ MRWG က UNICEF ၊ MoSWRR ကွန်ရက်များ၊ မိုင်းအရေးဆောင်ရွက်ခြင်းလုပ်ငန်း လှုပ်ရှားသူများ၏ အချက်အလက်စုဆောင်းမှုများ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန နှင့် ရဲဌာနများမှ ရယူထားသည့် အချက်အလက်များဖြင့် မိုင်း/ ERW ဖြစ်ပွားမှု အချက်အလက်များကို သုံးလပတ်တိုင်း ပြုစုသည်။[၁၀၇] သို့သော် အချက်အလက်များမှာ ပြည့်စုံရန် အလှမ်းဝေးနေပြီး မြန်မာနိုင်ငံရှိ မိုင်း/ ERW ဖြစ်ပွားမှုများစွာမှာ အစီရင်ခံထားခြင်းမရှိဘဲ ကျန်ရစ်ကာ အကြောင်းမှာ အမျိုးသားအဆင့် မတော်တဆဖြစ်မှု စုံစမ်းရေးစနစ် မရှိခြင်းနှင့် ကွာလှမ်းသောနေရာများ၌ ကျန်းမာရေး စောင့်ရှောက်မှုပေးသော ပံ့ပိုးမှုများ အကန့်အသတ်ရှိခြင်းကြောင့် ဖြစ်သည်။[၁၀၈] မိုင်းအရေးဆောင်ရွက်ခြင်းလုပ်ငန်းအား ဦးဆောင်သူ အနေဖြင့် UN ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တွင်လည်း အချက်အလက်သိမ်းဆည်းမှုတစ်ခုထားရှိပြီး ၎င်းထံသို့ မြန်မာနိုင်ငံရှိ မိုင်းအရေးဆောင်ရွက်သူ အဖွဲ့အစည်းအားလုံးက အချက်အလက်ပေး ကူညီကြသည်။[၁၀၉]

၂၀၁၉ ခုနှစ်၊ နေပြည်တော်၌ အလုပ်ရုံဆွေးနွေးပွဲတစ်ခုတွင် ထိခိုက်နစ်နာသူ အချက်အလက်များ ကောက်ယူရန်၊ ထောက်ခံ အားပေးခြင်းဆိုင်ရာ အားထုတ်မှုများအကြောင်းနှင့် အမျိုးသားအဆင့် စံသတ်မှတ်ထားသော စနစ်တစ်ခု ဖော်ထုတ်ရန်တို့ကို ကနဦး ဆွေးနွေးခဲ့သည်။[၁၁၀] ၂၀၂၁ ခုနှစ်တွင် ပြန်လည်ထူထောင်ရေး ဦးစီးဌာနက ၂၀၂၀ ခုနှစ်ရှိ စနစ်ထက် ပိုမိုတိုးတက်မှုများ ရှိခဲ့ကြောင်း အစီရင်ခံတင်ပြခဲ့သော်လည်း မည်သည့် အသေးစိတ်အချက်အလက်ကိုမျှ ပေးခဲ့ခြင်း မရှိပါ။[၁၁၁]

**အမျိုးသားအဆင့် စံနှုန်းများနှင့် လမ်းညွှန်ချက်များ**

၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံရှိ မိုင်းအရေးဆောင်ရွက်ခြင်းလုပ်ငန်းကဏ္ဍမှ လှုပ်ရှားသူများအား အမျိုးသားအဆင့် အန္တရာယ်ဆိုင်ရာ အသိပညာပေးမှု စံနှုန်းများ မူကြမ်းရေးဆွဲရာတွင် အစိုးရကို ကူညီရန် ဖိတ်ခေါ်ခဲ့သည်။[၁၁၂] ၂၀၂၁ ဩဂုတ်လအထိ ၎င်းတို့ကို အချောသတ်မှု မရှိသေးပါ။

---

၁၀၄။ Ibid.

၁၀၅။ Ibid.

၁၀၆။ Response to Monitor questionnaire by Bishu Mahat, Weapon Contamination Coordinator, ICRC Myanmar, 15 May 2020.

၁၀၇။ Response to Monitor questionnaire by Bekim Shala, Country Programme Manager, MAG Myanmar, 25 May 2020.

၁၀၈။ Response to Monitor questionnaire by Geoff Moynan, Programme Manager, HALO Trust Myanmar, 27 April 2020.

၁၀၉။ Response to Monitor questionnaire by Fabrice Vandeputte, Regional Programme Director, HI, 14 May 2020.

၁၁၀။ Response to Monitor questionnaire by Sithu Win, Deputy Director, Department of Rehabilitation, 11 March 2021.

၁၁၁။ Response to Monitor questionnaire by Bekim Shala, Country Programme Manager, MAG Myanmar, 25 May 2020; and by Kyaw Kyaw Oo, Operations Coordinator, Norwegian People's Aid (NPA) Myanmar, 18 March 2021.

၁၁၂။ Response to Monitor questionnaire by Sith Win, Deputy Director, Department of Rehabilitation, 11 March 2021; by Michelle Yesudas, Humanitarian Policy and Advocacy Adviser, and Nyo Nyo Thaw and Aye Thoung, Project Managers, HI, 18 May 2021; and by Fabrice Vandeputte, Regional Pro gramme Director, HI, 14 May 2020. See also, "Myanmar drafts national strategy for disabled," Xinhua, 4 April 2019; GICHD, "Myanmar: Victim Assistance & Mine Risk Education," presentation by Dr. San San Aye, Deputy Director General of the Department of Social Welfare, at Meeting of National Mine Action Programme Directors, in Geneva, 17 February 2015; and International Alert Myanmar and Kachinland Research Centre, "Con flict impacts on gender and masculinities expectations on people with disabilities in Kachin state: A rapid assessment," December 2018.

**ထိခိုက်နစ်နာသူ အကူအညီပေးမှု စီမံခန့်ခွဲခြင်းနှင့် စီစဉ်ညှိတ်ဆက်ခြင်း ခြုံငုံသုံးသပ်ချက်**[၁၁၃]

| | |
|---|---|
| **အစိုးရ၏ ဆက်သွယ်ဆောင်ရွက်မည့် ဌာနများ** | MoSWRR အတွင်းရှိ လူမှုဖူလုံရေးနှင့် မသန်စွမ်းသူများအရေး ဦးစီးဌာန |
| **စီစဉ်ညှိတ်ဆက်မှု ယန္တရားများ** | လူသားချင်းစာနာထောက်ထားမှုနှင့် အားလုံးအကျုံးဝင်မှု (HI) မှ စီစဉ်ညှိတ်ဆက်သော ထိခိုက် နစ်နာသူ အကူအညီပေးမှု နည်းပညာအဖွဲ့ခွဲ (VATG) သည် နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့် ထိခိုက်နစ်နာသူအကူအညီပေးမှု လုပ်ရှားသူများကို MRWG ၏ လွှမ်းခြုံမှုအောက်တွင် စုရုံးသည် |
| **စီစဉ်ညှိတ်ဆက်မှု ပုံမှန်ကာလနှင့် ရလဒ်များ** | ၂၀၂၀ ခုနှစ်တွင် VATG အစည်းအဝေးခြောက်ခုကို အမျိုးသားအဆင့်နှင့် ပြည်နယ်/ တိုင်းဒေသကြီး အဆင့်တို့၌ ကျင်းပခဲ့သည်။ |
| **အစီအစဉ်များ/ မဟာဗျူဟာများ** | ၂၀၂၀-၂၀၂၁ MRWG မဟာဗျူဟာမြောက် လုပ်ငန်းအစီအစဉ်တွင် ပါဝင်သော ထိခိုက်နစ်နာသူ အကူအညီပေးမှု လုပ်ငန်းစဉ်များ |
| **မသန်စွမ်းသူများဆိုင်ရာကဏ္ဍ ပေါင်းစပ်ထည့်သွင်းခြင်း** | MoSWRR ၏ ကိုယ်စားလှယ်တစ်ဦးက မြန်မာနိုင်ငံသည် မသန်စွမ်းသူများအခွင့်အရေးစာချုပ် (CRPD) အပေါ်မူတည်လျက် ၎င်း၏ အမျိုးသားအဆင့် မသန်စွမ်းမှုဆိုင်ရာ ဥပဒေနှင့် အမျိုးသားအဆင့် လူမှုကာကွယ်ရေး မဟာဗျူဟာတို့၌ ထိခိုက်နစ်နာသူ အကူအညီပေးမှုအတွက် အားလုံးပေါင်းစပ်ပါဝင်သော ချဉ်းကပ်မှုတစ်ခုကို အသုံးပြုနေခဲ့ကြောင်း အစီရင်ခံတင်ပြထားသည်။ |
| **ဒဏ်ခံရသူ အားလုံးအကျုံးဝင်မှုနှင့် ပါဝင်မှု** | တိုက်ရိုက်ကိုယ်စားပြုမှုမရှိ၊ သို့သော် စီစဉ်ညှိတ်ဆက်မှု လုပ်ရှားမှုများတွင် ပါဝင်ကြသည့် ပိုမိုကျယ်ပြန့်သော မသန်စွမ်းသူအဖွဲ့အစည်းများ၌ ဒဏ်ခံရသူများ ပါဝင်ကြသည်။ |

**စီစဉ်ညှိတ်ဆက်မှု**

လူသားဆန်မှုနှင့် အားလုံးအကျုံးဝင်မှု (HI) က ထိခိုက်နစ်နာသူ အကူအညီပေးမှု နည်းပညာအဖွဲ့ခွဲ (VATG) အစည်းအဝေးများကို ကျင်းပကာ ၎င်းတို့ကို ၂၀၂၀ ခုနှစ်တွင် အမျိုးသားအဆင့်၌ သုံးကြိမ်ကျင်းပခဲ့သည် - မတ်လတွင် မျက်နှာစုံညီ၊ မေလနှင့် နိုဝင်ဘာလတို့တွင် အွန်လိုင်းမှတစ်ဆင့် ဖြစ်သည်။ ပြည်နယ်အဆင့်၌ အစည်းအဝေးပွဲများကို ရှမ်းမြောက် (ဇူလိုင်လ ၇ ရက်)၊ ကရင် (ဩဂုတ်လ ၁၂ ရက်) နှင့် ကချင် (စက်တင်ဘာလ ၁၀ ရက်) တို့တွင် ကျင်းပခဲ့သည်။[၁၁၄]

မြန်မာနိုင်ငံ ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများအသင်း (MPHA) နှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများအဖွဲ့ချုပ် (MFPD) တို့အပါအဝင် မသန်စွမ်းသူကိုယ်စားပြု အဖွဲ့အစည်းများသည်လည်း ၂၀၂၀ ခုနှစ်တွင် VATG အစည်းအဝေးများ၌ ပါဝင်ခဲ့သည်။

**ဥပဒေများနှင့် မူဝါဒများ**

၂၀၁၅ ခုနှစ်၊ ဇွန်လတွင် မြန်မာနိုင်ငံက မသန်စွမ်းသူများအခွင့်အရေး ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။[၁၁၅] ၂၀၁၈ ခုနှစ်၊ ဇူလိုင်လတွင် MoSWRR က ၂၀၁၅ ခုနှစ် ဥပဒေ[၁၁၆] အောက်တွင် အကျုံးဝင်သည့် စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံသည် အမျိုးသားအဆင့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်း မူဘောင်များကို ၁၉၉၁ ခုနှစ်က မြန်မာနိုင်ငံ လက်ခံကျင့်သုံးခဲ့သည့် UN ကလေးသူငယ်အခွင့်အရေးဆိုင်ရာစာချုပ်နှင့် ကိုက်ညီစေရန်အတွက် ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခဲ့သည်။[၁၁၇] ထိုဥပဒေတွင် ထိခိုက်နစ်နာသူ အကူအညီပေးမှုနှင့် မြေမြှုပ်မိုင်း ဖြစ်ပွားမှုများနှင့် ပတ်သက်သည့် ကဏ္ဍများ ပါဝင်သည်။

၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံသည် အမျိုးသားအဆင့် လူမှုကာကွယ်ရေး မဟာဗျူဟာမြောက် အစီအစဉ်တစ်ရပ်ကို MoSWRR မှတစ်ဆင့် ချမှတ်ကာ မသန်စွမ်းဟု အတည်ပြုထားသူများအားလုံးအတွက် ထောက်ပံ့ကြေးပေးရန် ဆောင်ရွက်ခဲ့သည်။[၁၁၈] ၂၀၁၇

၁၁၃။ Response to Monitor questionnaire by Sith Win, Deputy Director, Department of Rehabilitation, 11 March 2021; and by Michelle Yesudas, Humanitarian Policy and Advocacy Adviser, and Nyo Nyo Thaw and Aye Thoung, Project Managers, HI, 18 May 2021.

၁၁၄။ Response to Monitor questionnaire by Sith Win, Deputy Director, Department of Rehabilitation, 11 March 2021; and by Michelle Yesudas, Humanitarian Policy and Advocacy Adviser, and Nyo Nyo Thaw and Aye Thoung, Project Managers, HI, 18 May 2021.

၁၁၅။ Myanmar Law Library, "Pyidaungsu Hluttaw Law No. 30/2015 - Law on the Rights of Persons with Disabilities," June 2015.

၁၁၆။ Pyae Thet Phyo, "After delay, Disability Rights rules and regulations published," Myanmar Times, 13 July 2018.

၁၁၇။ UNICEF Myanmar press release, "The enactment of the new Child Rights Law by the Government of Myanmar a Landmark step," 24 July 2019.

၁၁၈။ ၂၀၁၅ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ဥပဒေကို အတည်ပြုပြီး အစိုးရမှ အသိအမှတ်ပြုခြင်းလုပ်ငန်းစဉ်တစ်ရပ်ကို မတည်ဆောက်မီ ကာလအတွင်းတွင် ထိုထောက်ပံ့မှုကို ရရှိနိုင်မည် မဟုတ်ပါ။ Government of Myanmar, "Myanmar National Social Protection Strategic Plan," December 2014, p. 53.

ခုနစ်တွင်၊ ထို့နောက် နောက်ထပ် ၂၀၁၉ ခုနစ်တွင် အစိုးရက ၎င်းတို့အနေဖြင့် ပြည်နယ်လေးခုရှိ မြို့နယ် ကိုးခုတို့မှ မသန်စွမ်းသူများကို လစဉ်ထောက်ပံ့ကြေးပေးအပ်ကာ တဖြည်းဖြည်း နိုင်ငံအဝှမ်းလွှမ်းခြုံနိုင်မည့်အမြင်ဖြင့် ရှေ့ပြေးအစီအစဉ်တစ်ရပ်ကို စတင်မည် ဖြစ်ကြောင်း မီဒီယာများထံ ကြေညာခဲ့သည်။[၁၁၉] အမျိုးသားအဆင့် မိုင်းအရေးဆောင်ရွက်ခြင်းလုပ်ငန်း အာဏာပိုင်အဖွဲ့တစ်ခု ဖွဲ့စည်းရေးကို ဆွေးနွေးရန် ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလတွင် နေပြည်တော်၌ကျင်းပသော အမျိုးသားအဆင့် အစည်းအဝေးတစ်ခု၌ MoSWRR က မြေမြှုပ်မိုင်း ပေါက်ကွဲမှု ဒဏ်ခံရသူ တစ်ဦးစီအတွက် မြန်မာငွေကျပ် ၂၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၁၁၀) နှင့် လိုအပ်ပါက ခြေတုလက်တုများ ပေးမည်ဖြစ်ကြောင်း အစီရင်ခံချက်ရှိသည်။[၁၂၀] ၂၀၁၉ ခုနှစ် စက်တင်ဘာလနှင့် ၂၀၂၀ ခုနှစ် ဩဂုတ်လအတွင်း၌ ရန်ပုံငွေကို ဒဏ်ခံရသူ (၆၀၀) ဦးအတွက် ခွဲတမ်းချထားခဲ့သည်။[၁၂၁] ၂၀၂၀ ခုနှစ်တွင် ပြန်လည်ထူထောင်ရေးဦးစီးဌာနက အစီရင်ခံတင်ပြသည်မှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစလျက် မိုင်းဒဏ်ခံရသူ (၆၄၈) ဦးတွင် ထောက်ပံ့ကြေးပေးမှုများ လက်ခံရရှိထားပြီး စုစုပေါင်းအားဖြင့်  မြန်မာကျပ်ငွေ ၁၂၉၆၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၇၀၀၀၀) ရှိပြီဟူ၍ ဖြစ်သည်။[၁၂၂]
သို့သော် ထိခိုက်နစ်နာသူကူညီမှုရန်ပုံငွေကို အစိုးရထိန်းချုပ်ထားသည့် နယ်မြေများ၌ ရှိသူများမှ လက်လှမ်းမီရန် လွယ်ကူသော်လည်း NSAG များထိန်းချုပ်ထားသည့် နယ်မြေများတွင် နေထိုင်သူများအတွက် မည်မျှလက်လှမ်းမီစေမည်ဆိုခြင်းမှာ မရှင်းလင်းပါ။

မသန်စွမ်းမှု အသိအမှတ်ပြုခြင်းနှင့် မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်ကို MoSWRR မှ ၂၀၂၀ ခုနစ်တွင် စတင်ဖြန့်ကျက်ခဲ့ကာ ပြန်လည်ထူထောင်ရေးဦးစီးဌာနလက်အောက်၌ ပြည်နယ်နှစ်ခုတွင် ရှေ့ပြေးစီမံကိန်းများ ဆောင်ရွက်ခဲ့သည်။ မသန်စွမ်းသူများသည် နိုင်ငံလုံးဆိုင်ရာစနစ်တစ်ခုမှတစ်ဆင့် မှတ်ပုံတင်ခြင်းဖြင့် မသန်စွမ်းမှုကဒ် ရရှိမည်ဖြစ်ကာ ၎င်းတွင်  သူတို့၏ မသန်စွမ်းမှု ပြင်းထန်သည့်အလျောက် အဆင့်သတ်မှတ်ထားခြင်း ပါဝင်သည်။ ဤအချက်ကြောင့် မသန်စွမ်းသူများကို ဖော်ထုတ်သတ်မှတ်ရာတွင် ပိုမိုအဆင်ပြေစေခြင်း၊ သူတို့၏ အခွင့်အရေးများအတွက် ထောက်ခံအားပေးမှု ပိုမိုအားကောင်းလာစေခြင်းနှင့်  အနာဂတ်တွင် လူမှုကာကွယ် ရန်ပုံငွေများကို ခွဲခြမ်းပေးအပ်ခြင်းတို့ ဖြစ်စေနိုင်သည်။[၁၂၃]

**မဟာဗျူဟာများ**

မြန်မာနိုင်ငံ၏ အာဏာသိမ်းမှုမတိုင်ခင် အစိုးရလက်အောက်တွင် မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ အစီအစဉ်တစ်ခုကို လုပ်ငန်းကော်မတီတစ်ခုမှ ဆပ်ကော်မတီရှစ်ခု၏ အကူအညီဖြင့် ရေးဆွဲနေခဲ့ပြီး ၎င်းတို့တွင် မသန်စွမ်းသူများဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြား NGO များမှ ကိုယ်စားလှယ်များ ပါဝင်ခဲ့သည်။

၂၀၁၉ ခုနှစ် ဧပြီလတွင် MoSWRR က အစီအစဉ်ချမှတ်ရေးအစည်းအဝေးတစ်ခုကို ကျင်းပကာ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာစာချုပ် (CRPD) အောက်ရှိ မြန်မာနိုင်ငံ၏ တာဝန်ဝတ္တရားများနှင့်ပတ်သက်သော အမျိုးသားအဆင့် မဟာဗျူဟာတစ်ခုကို မူကြမ်း ရေးဆွဲခဲ့သည်။

၂၀၁၉ ခုနစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) နှင့် အတူ ICRC က ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ အလုပ်လုပ်ကာ အမျိုးသားအဆင့်ပြန်လည်ထူထောင်ရေးကဏ္ဍ ပိုမိုအားကောင်းလာစေရေး မဟာဗျူဟာ အစီအစဉ်မူကြမ်းတစ်ခုကို ရေးဆွဲခဲ့သည်။[၁၂၄] ဤအစီအစဉ်ကို အကောင်အထည်ဖော်ရန်နှင့် အမျိုးသားအဆင့် လွှဲပြောင်းရေးစနစ်တစ်ခုကို ရေးဆွဲရန် ဖွဲ့စည်းထားသည့် လမ်းညွှန်ကော်မတီ၏ လုပ်ငန်းများမှာ ၂၀၂၀ ခုနစ်တွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် နှောင့်နှေးခဲ့သည်။[၁၂၅] လမ်းညွှန် ကော်မတီသည် ၂၀၂၀ ခုနစ် အဆုံးအထိ အွန်လိုင်းအစည်းအဝေးများကို ကျင်းပကာ ကူညီထောက်ပံ့ရေးနည်းပညာများသို့ ဒေသ တွင်းလက်လှမ်းမီမှုကို တိုးချဲ့ရန်နှင့် လွှဲပြောင်းရေးစနစ် ဝန်ထမ်းများအတွက် အွန်လိုင်းလေ့ကျင့်သင်တန်း သင်ထောက်ကူများကို ဖော်ထုတ်ရန် ဆွေးနွေးခဲ့ကာ အဆိုပါ ဝန်ထမ်းများမှာ ကျန်းမာရေးဝန်ကြီးဌာန၊ ဒေသခံ NGO များနှင့် ကြက်ခြေနီအသင်းတို့မှ ဖြစ်စေရန် စီစဉ်ထားသည်။[၁၂၆]

---

၁၁၉။ အခြေအနေပေါ် မူတည်၍ လစဉ် အထောက်အပံ့ပေးငွေ မြန်မာကျပ် ၁၆၀၀၀ မှ ၃၀၀၀၀ (အမေရိကန်ဒေါ်လာ ၈ မှ ၁၆ နီးပါး)။ မသန်စွမ်း ကလေးငယ်တစ်ဦးသည် တစ်လလျှင် မြန်မာငွေကျပ် ၁၆၀၀၀ ရရှိမည်ဖြစ်ပြီး ၆၄ နှစ်အရွယ်နှင့်အောက် အရွယ်ရောက်ပြီး မသန်စွမ်းသူတစ်ဦးသည် မြန်မာငွေကျပ် ၃၀၀၀၀ ရရှိမည်ဖြစသည်။ စီမံကိန်း၏ ရှေ့ပြေးနေရာများမှာ ရန်ကုန်တိုင်းဒေသကြီးရှိ အရှေ့ဒဂုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးရှိ ပုသိမ်နှင့် ကန်ကြီးထောင့်မြို့နယ်များ၊ စစ်ကိုင်း တိုင်းဒေသကြီးရှိ မုံရွာ၊ အရာတော်နှင့် ချောင်းဦးမြို့နယ်များ၊ ထို့နောက် မွန်ပြည်နယ်ရှိ သထုံနှင့် ပေါင်မြို့နယ်များ ဖြစ်ကြသည်။. See, Htoo Thant, "Pilot project to register disabled people for welfare," Myanmar Times, 1 February 2019; and Htoo Thant, "Government to start disability payments," Myanmar Times, 16 November 2017. Exchange rate from 2 October 2021: MMK1,852.99=US$1. Oanda.com.

၁၂၀။ Khin Myat Myat Wai, "Myanmar begins talk on landmine-clearing program," Myanmar Times, 3 February 2020.

၁၂၁။ Response to Monitor questionnaire by Fabrice Vandeputte, Regional Programme Director, HI, 14 May 2020.

၁၂၂။ Response to Monitor questionnaire by Sithu Win, Deputy Director, Department of Rehabilitation, 11 March 2021. Exchange rate from 2 October 2021: MMK1,852.99=US$1. Oanda.com.

၁၂၃။ Response to Monitor questionnaire by Fabrice Vandeputte, Regional Programme Director, HI, 14 May 2020.

၁၂၄။ ICRC, "Annual Report 2019," 29 June 2020, p. 350.

၁၂၅။ ICRC, "Annual Report 2020," 1 July 2021, p. 363.

၁၂၆။ ICRC, "Annual Report 2020," 1 July 2021, p. 363.

## အမျိုးသားအဆင့် စံနှုန်းနှင့် လမ်းညွှန်ချက်များ

၂၀၂၀ ခုနှစ်တွင် အမျိုးသားအဆင့် VATG အစည်းအဝေးတစ်ခု၌ HI နှင့် နော်ဝေလူထုအကူအညီ (NPA) တို့မှ ထိခိုက်နစ်နာသူကူညီမှု IMAS ကို မိတ်ဆက်တင်ပြခဲ့ပြီး စံနှုန်းကို ဗမာဘာသာသို့ ပြန်ဆိုခဲ့သည်။[၁၂၇] HI က MRWG တွင် အမျိုးသားအဆင့်၌ VA စံနှုန်းကိုလည်း မိတ်ဆက်ခဲ့သည်။[၁၂၈]

## မိုင်းပျံ့နှံ့မှု

မြန်မာနိုင်ငံတွင် လက်လုပ်မိုင်းများအပါအဝင် မြေမြှုပ်မိုင်းများနှင့် ERW များ ပျံ့နှံ့နေပြီး ၎င်းမှာ တပ်မတော်နှင့် တိုင်းရင်းသားလူနည်းစု ဒေသများရှိ NSAG များအကြား ဆယ်စုနှစ်များစွာကြာမြင့်သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၏ ရလဒ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ထပ်ဆင့်ပေါက်ကွဲစေတတ်သော ကျန်ရစ်ပစ္စည်းများ ပျံ့နှံ့နေမှုရှိသည်ဟူ၍မှု မသိရပါ။

## မြေမြှုပ်မိုင်း ပျံ့နှံ့မှု

မြန်မာနိုင်ငံ၏ မြို့နယ် (၃၂၅) ခုအနက် ပြည်နယ်နှင့် တိုင်းဒေသကြီး (၁၂) ခုတွင် တည်ရှိသည့် မြို့နယ် (၉၇) ခုခန့်တွင် မိုင်းပျံ့နှံ့မှုကို အတိုင်းအတာတစ်ခုအထိ ခံစားနေရကြောင်း ယုံကြည်နိုင်ပြီး အဓိကအားဖြင့် လူသားပစ်မှတ်ထားတိုက်ခိုက်သောမိုင်းများ ဖြစ်ကြသည်။[၁၂၉]

မြန်မာနိုင်ငံတွင် မိုင်းပျံ့နှံ့မှု၊ ထိခိုက်သေဆုံးမှုများနှင့် အန္တရာယ်ရှိကြောင်း အတည်ပြုထားသောနေရာများ (CHAs) သို့မဟုတ် အန္တရာယ်ရှိသည်ဟုသံသယဖြစ်ဖွယ်နေရာများ(SHAs)ကိုချင်း၊ကယား၊ကရင်၊ကချင်၊မွန်၊ရခိုင်နှင့်ရှမ်းပြည်နယ်တို့တွင်လည်းကောင်း၊ ပဲခူး၊ မကွေး၊ စစ်ကိုင်းနှင့် တနင်္သာရီ တိုင်းဒေသကြီးတို့တွင်လည်းကောင်း သေချာခိုင်မာသည့် အစီရင်ခံချက်များရှိသော်လည်း မိုင်းပျံ့နှံ့မှုပမာဏနှင့် ပတ်သက်၍ တရားဝင် ခန့်မှန်းတွက်ချက်မှု မရှိပါ။[၁၃၀]

ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် အထူးပျံ့နှံ့လျက်ရှိသည်ဟု ယူဆထားသည်။ ယခင်က ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီး တို့မှာလည်း မိုင်းပျံ့နှံ့မှု အပြင်းထန်ဆုံးနှင့် ဒဏ်ခံရသူအများဆုံးတွင် အပါအဝင်ဖြစ်သည်။[၁၃၁]

အချို့သော မိုင်းပျံ့နှံ့မှုများမှာ နိုင်ငံပိုင် စက်ရုံများမှ ထုတ်လုပ်သည့် မိုင်းများကြောင့် ဖြစ်သည်။ ကပစ (ကာကွယ်ရေးနှင့် စစ်ပစ္စည်း ထုတ်လုပ်ရေးစက်ရုံများ) က လူသားပစ်မှတ်ထားတိုက်ခိုက်သောမိုင်း အမျိုးအစား အနည်းဆုံး ငါးမျိုးထုတ်လုပ်ကာ ၎င်းတို့တွင် PMN၊ POMZ နှင့် M-14 အမျိုးအစား မိုင်းများ ပါဝင်ကြသည်။ မြန်မာနိုင်ငံရှိ NSAG များက လက်လုပ်မိုင်းများကို ပြုလုပ်ကြကြောင်းလည်း သိရှိရသည်။ (မြန်မာ မိုင်းတားမြစ်ရေးမူဝါဒ အကြောင်းတွင် ရှုပါ)

## ERW ပျံ့နှံ့မှု

မြန်မာနိုင်ငံသည် စိန်ပြောင်းများ၊ လက်ပစ်ဗုံးများ၊ အမြောက်ဆံများနှင့် လေယာဉ်ဗုံးများအပါအဝင် ERW များ၏ ဒဏ်ကိုလည်း ခံရသည်။ မြန်မာနိုင်ငံမှ ပုံမှန်အစီရင်ခံချက်များက ဒုတိယကမ္ဘာစစ်ကာလက လက်နက်ပစ္စည်းများလည်း ရှိနေကြောင်း ဆိုသည်။ [၁၃၂]

---

၁၂၇။ Response to Monitor questionnaire by Michelle Yesudas, Humanitarian Policy and Advocacy Adviser, and Nyo Nyo Thaw and Aye Thoung, Project Managers, HI, 18 May 2021.

၁၂၈။ Response to Monitor questionnaire by Michelle Yesudas, Humanitarian Policy and Advocacy Adviser, and Nyo Nyo Thaw and Aye Thoung, Project Managers, HI, 18 May 2021.

၁၂၉။ ပြန်လည်ထူထောင်ရေးဦးစီးဌာနက အစီရင်ခံသည်မှာ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၅ ခုအနက် ကိုးခုမှာ မိုင်းပျံ့နှံ့မှု ရှိနေကြောင်းဖြစ်သည်။ Response to Monitor questionnaire by Sith Win, Deputy Director, Department of Rehabilitation, 11 March 2021.

၁၃၀။ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မြို့နယ် ၁၄ ခုလုံး၌ မိုင်းပျံ့နှံ့မှု ရှိနေသည်။ မြန်မာနိုင်ငံရှိ အခြားသော ဒဏ်ခံရရာ ပြည်နယ်များ၌ မိုင်းပျံ့နှံ့မှု ရှိသည့် မြို့နယ်များမှာ အောက်ပါအတိုင်းဖြစ်သည် - ချင်းပြည်နယ် (ဟားခါး၊ မင်းတပ်နှင့် ပလက်ဝ)၊ ကချင်ပြည်နယ် (ဗန်းမော်၊ ချီဖွေ၊ ဖားကန့်၊ အင်ဂျန်းယန်၊ မန်စီ၊ မိုးကောင်း၊ မိုးညှင်း၊ မိုးမောက်၊ မြစ်ကြီးနား၊ ရွှေကူ၊ ဆွမ်ပရာဘွမ်၊ တနိုင်း၊ ဆောလောနှင့် ဝိုင်းမော်)၊ မွန်ပြည်နယ် (ဘီးလင်း၊ ကျိုက်ထို၊ မော်လမြိုင်၊ သံဖြူဇရပ်၊ သထုံနှင့် ရေး)၊ ရခိုင်ပြည်နယ် (အမ်း၊ ဘူးသီးတောင်၊ ကျောက်ဖြူ၊ ကျောက်တော၊ မောင်တော၊ မင်းပြား၊ မြောက်ဦး၊ မြေပုံ၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်နှင့် တောင်ကုတ်) နှင့် ရှမ်းပြည်နယ် (ဟိုပင်၊ စမ်းစီ၊ ဆီဆိုင်၊ သီပေါ၊ ကိုင်းတုံ၊ ကုန်းကျန်၊ ကွတ်ခိုင်၊ ကျောက်မဲ၊ ကျည်းသီး၊ လန်းခို၊ လားရှိုး၊ လောက်ကိုင်၊ လော့ဆော့၊ လွိုင်လင်၊ မန်းတုံ၊ မောက်မိုင်၊ မိုင်းဖြတ်၊ မိုင်းခတ်၊ မိုင်းမိတ်၊ မိုင်းပန်၊ မိုင်းရှူး၊ မိုင်းတုံ၊ မိုင်းကိုင်၊ မူဆယ်၊ နမ့်ဆန်၊ နမ္မတူ၊ နမ့်ခန်း၊ နောင်ချို၊ ပန်ဆန်း၊ ဖယ်ခုံ၊ တာချီလိတ်၊ တန့်ကြန်နှင့် ရွာငံ)။ ဒဏ်ခံရရာ တိုင်းဒေသကြီး ငါးခု၌ မိုင်းပျံ့နှံ့ရာ မြို့နယ်များမှာ အောက်ပါအတိုင်းဖြစ်သည် - ပဲခူးတိုင်းဒေသကြီး (ကျောက်ကြီး၊ ရွှေကျင်၊ ထန်းတပင်နှင့် တောင်ငူ)၊ မကွေးတိုင်းဒေသကြီး (မင်းလှနှင့် ပေါက်) မန္တလေးတိုင်းဒေသကြီး (သပိတ်ကျင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး (အင်းတော်၊ ကလေးဝနှင့် လေရှီး)၊ တနင်္သာရီတိုင်းဒေသကြီး (ဘုတ်ပြင်၊ ထားဝယ်၊ မြိတ်၊ တနင်္သာရီ၊ သရက်ချောင်းနှင့် ရေဖြူ)။

၁၃၁။ မြေမြှုပ်မိုင်း စောင့်ကြည့်လေ့လာရေးအဖွဲ့မှ သုတေသန။ အချက်အလက် ရင်းမြစ်များတွင် ထိခိုက်သေဆုံးမှုဆိုင်ရာ သတင်းအချက်အလက်၊ မိုင်းသတိပေးချက်များအား တွေ့ရှိမှု၊ ထို့နောက် မိုင်းအသုံးပြုမှုနှင့် ပတ်သက်ကာ NGO နှင့် အခြားသော အဖွဲ့အစည်းများမှ အစီရင်ခံသည်များ၊ ထို့အပြင် ကွင်းဆင်းဝန်ထမ်းနှင့် လက်နက်ကိုင်တပ်ဖွဲ့ဝင်များအား အင်တာဗျူးခြင်းများ တို့ ပါဝင်သည်။ စစ်တမ်းတွင် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း ထိခိုက်သေဆုံးမှုဆိုင်ရာ အချက်အလက်များနှင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း အခြားသတင်းပေးများထံမှ ရရှိသည့် အချက်အလက်များ ပါဝင်သည်။

၁၃၂။ See, for example, "Unexploded WWII bombs discovered at central Myanmar sports ground," Coconuts Yangon, 30 September 2015; and Nay Thwin, "World War II ordnance kills three," Democratic Voice of Burma, 20 March 2012.

ကချင်ပြည်နယ်၌ ၂၀၁၈ ခုနှစ် အကုန်ပိုင်းနှင့် ၂၀၁၉ ခုနှစ် အစောပိုင်းကာလများအတွင်း လက်နက်ကိုင် ပဋိပက္ခ[၁၃၃] နှင့် ပတ်သက်၍လည်းကောင်း၊ ရခိုင်ပြည်နယ်တွင် ၂၀၂၀ ခုနှစ်အတွင်း ပဋိပက္ခများကြောင့်လည်းကောင်း ERW ပျံ့နှံ့မှုနှင့် ပတ်သက်သော အစီရင်ခံချက်များ ရှိသည်။

## ထိခိုက်သေဆုံးမှုများ ခြုံငုံသုံးသပ်ချက်

| ထိခိုက်သေဆုံးမှုများ | |
|---|---|
| **သိရှိထားသော မိုင်း/(ERW)ကြောင့် ထိခိုက်သေဆုံးမှု စုစုပေါင်း (၂၀၂၀ ခုနှစ် နှစ်ကုန်အထိ)** | ၅၂၆၁ (၉၀၀ သေဆုံး၊ ၄၂၄၃ ဒဏ်ရာရ၊ ၁၁၈ မသိရ) |
| **၂၀၂၀ ခုနှစ်အတွင်း ထိခိုက်သေဆုံးမှုများ** | |
| **တစ်နှစ်အတွင်း စုစုပေါင်း** | ၂၈၀ (၂၀၁၉ ခုနှစ်တွင် ၃၅၈ မှ လျော့ကျ) |
| **ဒဏ်ခံရမှုရလဒ်** | ၁၉၅ သေဆုံး၊ ၈၅ ဒဏ်ရာရ |
| **ထိခိုက်သေဆုံးမှု ဖြစ်ပေါ်စေသည့် ပစ္စည်းအမျိုးအစား** | လူသားပစ်မှတ်ထား တိုက်ခိုက်သောမိုင်း ၁၇၅ လုံး၊ လက်လုပ်မိုင်း ၄ လုံး (လူတိုက်မိုင်း IED များ)၊ ကားမိုင်း ၁၆ လုံး၊ ERW ၄၃ ခု၊ အမျိုးအမည်မသိ မိုင်း/ ERW ၄၂ ခု |
| **အရပ်သား အခြေအနေ** | အရပ်သား ၂၅၉ ဦး၊ စစ်သား ၁၆ ဦး၊ မသိရ ၅ ဦး |
| **အသက်အရွယ်** | အရွယ်ရောက်သူ ၂၀၀ ဦး၊ ကလေးငယ် ၇၆ ဦး၊ မသိရ ၄ ဦး |
| **ကျား/မ** | အမျိုးသား ၁၇၀ ဦး၊ အမျိုးသမီး ၄၇ ဦး၊ မသိရ ၆၃ ဦး |

မှတ်ချက် - ERW = ပေါက်ကွဲစေတတ်သော စစ်ကျန်ပစ္စည်း၊ IED = လက်လုပ်ဖောက်ခွဲရေးပစ္စည်း။

## ၂၀၂၀ ခုနှစ်အတွင်း ထိခိုက်သေဆုံးမှုများ

၂၀၂၀ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် မိုင်း/ERW ထိခိုက်သေဆုံးမှု အနည်းဆုံး (၂၈၀) ရှိခဲ့ကြောင်းကို NGO များ၊ UN အေဂျင်စီများနှင့် အခြားအဖွဲ့အစည်းများမှလည်းကောင်း၊ နိုင်ငံပိုင်နှင့် သီးခြားရပ်တည်သော မီဒီယာ သတင်းများမှလည်းကောင်း ရရှိသည့် သတင်းအချက်အလက်အပေါ်မူတည်လျက် သိရသည်။ ၎င်းမှာ ၂၀၁၉ ခုနှစ်က တစ်နှစ်အတွင်း စုစုပေါင်း ထိခိုက်သေဆုံးမှုအောက် လျော့ကျသွားကြောင်း တွေ့ရသော်လည်း အသက်ဆုံးရှုံးမှုအရေအတွက်မှာ ယခင်နှစ် ၂၀၁၉ ခုနှစ်က (၈၉) ခု မှ ၂၀၂၀ ခုနှစ်တွင် (၁၉၅) ခုအထိ သိသိသာသာ တိုးသွားခဲ့သည်။ ထိခိုက်သေဆုံးမှုများ၏ အများစု (၁၇၅) မှာ လူသားပစ်မှတ်ထား တိုက်ခိုက်သောမိုင်းများကြောင့် ဖြစ်သည်။

၂၀၂၀ ခုနှစ်အတွင်း ထိခိုက်သေဆုံးမှုအများဆုံး (၁၄၇) မှာ ရခိုင်ပြည်နယ်တွင် မှတ်တမ်းတင်ခဲ့ခြင်းဖြစ်ပြီး ၎င်းနောက်တွင် ရှမ်းပြည်နယ် (၇၂) ဖြစ်သည်။ ကချင်ပြည်နယ်တွင် မှတ်တမ်းတင်ခဲ့သော ထိခိုက်သေဆုံးမှု (၂၁) ခု ရှိခဲ့ပြီး ကရင်ပြည်နယ်၌ (၁၅) ခု ရှိခဲ့သည်။ ရခိုင်ပြည်နယ်တွင် ထိခိုက်သေဆုံးမှု အရေအတွက်စုစုပေါင်းသည် ၂၀၁၉ ခုနှစ်ကထက် မြင့်တက်ခဲ့ပြီး ထိုစဉ်က (၁၁၉) ခုသာ ရှိခဲ့သည်။ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်များတွင် ၂၀၂၀ ခုနှစ်၌ ထိခိုက်သေဆုံးမှုများ လျော့ကျသွားခဲ့ကာ ၂၀၁၉ ခုနှစ်က ထိုနေရာများမှ ထိခိုက်သေဆုံးမှုများမှာ (၁၄၉) နှင့် (၅၁) တို့ အသီးသီး ဖြစ်ကြသည်။

မိုင်းအရေးဆောင်ရွက်သူများစွာရှိနေပြီး ထိခိုက်နစ်နာသူကူညီမှုလွှမ်းခြုံမှု မြင့်တက်ခဲ့သည့်တိုင်အောင် ထိခိုက်သေဆုံးမှုကို အမျိုးသားအဆင့် စနစ်တကျ အချက်အလက်ကောက်ယူမှု မရှိခဲ့ပါ။ တရားဝင် အချက်အလက်ကောက်ယူမှုယန္တရားပြတ်တောက်နေပြီး အခြေခံ အစီရင်ခံမှုပုံစံ သို့မဟုတ် အချက်အလက်မျှဝေခြင်းနည်းလမ်း မရှိသည့်အပြင် စောင့်ကြည့်လေ့လာရေးအဖွဲ့မှ ရရှိနိုင်သည့် နှစ်စဉ် အချက်အလက်ဆိုင်ရာ သတင်းရင်းမြစ်များ မျိုးစုံဖြစ်နေခြင်းကြောင့် အစီရင်ခံတင်ပြမှုသည် မြန်မာနိုင်ငံရှိ မိုင်း/ERW ဖြစ်ပွားမှုများနှင့် ထိခိုက်သေဆုံးမှုများ၏ အတိုင်းအတာကို အပြည့်အဝ ထင်ဟပ်မည်မဟုတ်ဟု ယုံကြည်ရသည်။

မီဒီယာ သတင်းရေးသားမှုများက လတ်တလောနှစ်များအတွင်း နှစ်စဉ် ထိခိုက်သေဆုံးမှု တိုးတက်လာဟန်ကို ဖော်ပြသည်။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် MoSWRR အတွင်းရှိ ပြန်လည်ထူထောင်ရေးဦးစီးဌာနက မြန်မာနိုင်ငံအတွင်း မြေမြှုပ်မိုင်းကြောင့်

၁၃၃။ See, for example, this report on an unexploded aerial bomb allegedly from armed conflict in Kachin state in May 2018. Free Burma Rangers, “Rangers Help Vulnerable Civilians in Kachin State,” 8 December 2018.

ထိခိုက်သေဆုံးမှု အရေအတွက်သည် နှစ်စဉ် တိုးတက်လာကြောင်း ထုတ်ပြန်ခဲ့သည်။ [၁၃၄] ၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် MRWG က အစီရင်ခံသည်မှာ ဖြစ်ပွားမှုများစွာသည် သတင်းပို့ခြင်းမခံရ ဖြစ်နေလျက်ရှိသော်လည်း နှစ်စဉ် ထိခိုက်သေဆုံးမှုများမှာ ၂၀၁၇ ခုနှစ်တွင် (၁၇၆) ခုမှ ၂၀၁၈ ခုနှစ်တွင် (၂၇၆) ခုအထိ တိုးခဲ့သည်။[၁၃၅] ပြန်လည်ထူထောင်ရေး ဦးစီးဌာနက ၂၀၂၀ ခုနှစ် ဇန်နဝါရီ-စက်တင်ဘာအတွင်း ဖြစ်ပွားမှု (၁၁၂) ခု မှ ထိခိုက်သေဆုံးမှု (၂၀၀) ခု ရှိခဲ့ပြီး အမျိုးသမီးနှင့် ကလေးငယ်များမှာ ထိခိုက် သေဆုံးမှု၏ ၄၈% ဖြစ်ခဲ့ကြောင်း အစီရင်ခံထုတ်ပြန်သည်။[၁၃၆] MRWG မှ ထုတ်ပြန်သည့် ထိခိုက်သေဆုံးမှုကိန်းဂဏန်းများနှင့် စောင့်ကြည့်လေ့လာရေးအဖွဲ့မှ ထုတ်ပြန်သည်များအကြား ကွဲလွဲနေခြင်းမှာ MRWG က ၎င်း၏လှုပ်ရှားမှုများကို သတင်းပေးနိုင်ရန်အတွက် ကာလတိုအတွင်း ကိန်းဂဏန်းတစ်ခုရရှိရန် ဦးတည်ခြင်းကြောင့် ဖြစ်နိုင်သည်။ စောင့်ကြည့်လေ့လာရေးအဖွဲ့ကမူ ၎င်း၏အချက် အလက်များကို ပိုမိုရှည်ကြာသော ကာလတစ်လျှောက် စုစည်းယူခြင်းဖြစ်ပြီး ၎င်း၏ ခန့်မှန်းတွက်ချက်မှုများကို နောက်လာမည့် ပြက္ခဒိန်နှစ်အဆုံးတွင် ထုတ်ပြန်သောအခါ ပြင်ဆင်ပြီး ကိန်းဂဏန်းအဖြစ် မှတ်ယူနိုင်သည်။ စာရင်းကောက်ယူမှုနှစ်မျိုးလုံးတွင် အပြည့်အဝလွှမ်းခြုံမှု မရှိပါ၊ သို့သော် ၎င်းတို့က တရားဝင်အချက်အလက် ကင်းမဲ့နေစဉ်တွင် အများပြည်သူသိရှိနိုင်သည့် သတင်းရင်းမြစ်များထံမှ အကောင်းဆုံး သိရှိထားသည့် ခန့်မှန်းတွက်ချက်မှုများကို ပေးနိုင်သည်။

၂၀၁၈ ခုနှစ်တွင် ပြုလုပ်ခဲ့သော လေ့လာမှုတစ်ခုအရ NSAG ထိန်းချုပ်နယ်မြေများတွင် နေထိုင်ကြသည့် မသန်စွမ်းမှုရှိသော IDP များစွာတွင် မိုင်းနှင့် ပဋိပက္ခဆိုင်ရာ အကြမ်းဖက်မှုများကြောင့် ချို့ယွင်းချက်များ ရှိနေသည့်ပုံပေါ်သည်။ သို့သော် အစိုးရထိန်းချုပ်နယ်မြေများတွင်မူ မသန်စွမ်းသူ "အများစု" က ၎င်းတို့၏ မသန်စွမ်းမှုမှာ မွေးရာပါ သို့မဟုတ် မတော်တဆမှုများကြောင့် ဖြစ်ကြကြောင်း သတင်းပို့ကြသည်။ ထိုလေ့လာမှုက အဆိုပြုသည်မှာ ဤသို့ဖြစ်ရခြင်းသည် "မြေမြှုပ်မိုင်းနင်းမိခြင်းသည် 'အစိုးရပိုင်ပစ္စည်း ဖျက်ဆီးမှု' မြောက်၍ လျော်ကြေးပေးရစေနိုင်မည်ဖြစ်ကာ [မသန်စွမ်းသူများအတွက်] နောက်ထပ်ပြဿနာများ ပေါင်းထည့်ရာရောက်မည်ဟူသည့် အမြင်များကြောင့် ဖြစ်သည်။ ဤအချက်သည် မြေမြှုပ်မိုင်းဒဏ်ခံရသူများအား သူတို့၏ မသန်စွမ်းမှုများအတွက် ယာဉ်သွားလာမှု သို့မဟုတ် အခြားမတော်တဆမှုများအပေါ်သာ အပြစ်တင်မိစေခြင်းဖြင့် ကိန်းဂဏန်းအရေအတွက်များကို မမှန်မကန် ဖြစ်သွားစေသည်။"[၁၃၇]

မိုင်း/ ERW များကြောင့် ဖြစ်ရသည့် တပ်မတော်နှင့် NSAG ထိခိုက်သေဆုံးမှုများကို မသိရသေးပါ၊ သို့သော် ၎င်းမှာ အများအပြား ဖြစ်နိုင်ချေများသည်။ ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက စောင့်ကြည့်လေ့လာရေးအဖွဲ့အား မြေမြှုပ်မိုင်းများသည် တပ်မတော်တပ်သားများအတွက် သေဆုံးမှုနှင့် ဒဏ်ရာရရှိမှု အဓိကအကြောင်းအရင်းဖြစ်ကြောင်း ပြောကြားပြီး အကယ်၍ သူက ကိန်းဂဏန်းများကို ထုတ်ပြန်လိုက်ပါက "ကျွန်ုပ်တို့ရန်သူများအတွက် စိတ်ဓါတ်စစ်ဆင်ရေး လက်နက်တစ်ခုပေးလိုက်မိမည်" ဟုလည်း ထည့်သွင်း ပြောကြားခဲ့သည်။[၁၃၈] ယခင်က စောင့်ကြည့်လေ့လာရေးအဖွဲ့ အစီရင်ခံချက်များတွင် စစ်တပ်ဘက်မှ ထိခိုက်သေဆုံးမှုအရေအတွက် သိသိသာသာရှိခဲ့ကြောင်း ညွှန်းဆိုခဲ့သော်လည်း စစ်ဘက်မှတ်တမ်းများကို အများပြည်သူအနေဖြင့် မသိရှိနိုင်ပါ။[၁၃၉]

မြန်မာနိုင်ငံ၌ အချိန်အားလုံးမှ စုစုပေါင်း ထိခိုက်သေဆုံးမှုအရေအတွက်မှာ မသိရပါ။ စောင့်ကြည့်လေ့လာရေးအဖွဲ့က ၂၀၀၀ ခုနှစ်နှင့် ၂၀၂၀ ခုနှစ်ကုန် အတွင်းတွင် မိုင်း/ ERW ထိခိုက်သေဆုံးမှု စုစုပေါင်း (၅၂၆၀) ခု မှတ်တမ်းတင်ခဲ့သည် (အသက်ဆုံးရှုံးမှု ၉၀၀၊ ထိခိုက်ဒဏ်ရာရမှု ၄၂၄၃၊ ဒဏ်ခံရမှုရလဒ် မသိရသူ ၁၁၈)။

---

၁၃၄။ Myat Thura, "Official warns of rising landmine casualties," Myanmar Times, 14 August 2019.

၁၃၅။ UNICEF press release, "One out of four casualties of landmine incidents in Myanmar are children," 4 April 2019.

၁၃၆။ Response to Monitor questionnaire by Sith Win, Deputy Director, Department of Rehabilitation, 11 March 2021.

၁၃၇။ International Alert, "Conflict Impacts on Gender and Masculinities Expectations on People with Disabilities in Kachin State: A Rapid Assess ment," December 2018, pp. 14–15.

၁၃၈။ Monitor meeting with Col. Min Htike Hein, Deputy Permanent Secretary for the Minister of Defense, Ministry of Defense, Naypyidaw, 29 June 2018.

၁၃၉။ See, ICBL, Landmine Monitor Report 2009: Toward a Mine-Free World, (Ottawa: Mines Action Canada, October 2009). ၂၀၀၈ ခုနှစ်တွင် နိုင်ငံတော် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (SPDC) ခေါ် စစ်တပ်ဦးဆောင်သည့် အစိုးရထံမှ တပ်မတော်ဘက်မှ ထိခိုက်သေဆုံးမှုများနှင့် ပတ်သက်၍ ထင်မှတ်မထားသည့် အဆင့်ရှိ သတင်းအချက်အလက်များကို ရရှိခဲ့ကာ ထိုအချိန်၌ တပ်မတော်ဘက်မှ ထိခိုက်သေဆုံးမှု ၅၀၈ ခုကို ဖော်ထုတ်နိုင်ခဲ့သည်။ အခြား မည်သည့်နှစ်အတွက်မဆို ဤသတင်းရင်းမြစ်မှ သတင်းအချက်အလက်များကို မရရှိခဲ့ပါ။

## မိုင်းအရေးဆောင်ရွက်မှု
## ဆောင်ရွက်သူများနှင့် ဝန်ဆောင်မှုပေးသူများ

**မိုင်းရှင်းလင်းရေး ဆောင်ရွက်သူများ**

| | |
|---|---|
| **နိုင်ငံအဆင့်** | တပ်မတော်စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်း |
| **နိုင်ငံတကာအဆင့်** | DanChurchAid (DCA)<br>Danish Refugee Council (DRC)<br>Mines Advisory Group (MAG)<br>The HALO Trust<br>Humanity & Inclusion (HI)<br>Norwegian People's Aid (NPA)<br>The HALO Trust |

နိုင်ငံတကာ မိုင်းဖယ်ရှားရေးအဖွဲ့အစည်းများသည် မြန်မာနိုင်ငံသို့ ၂၀၁၂ ခုနှစ်မှ စတင်ရောက်ရှိလာကြသည်၊ သို့သော် ၎င်းတို့မှာ ၂၀၁၅ ခုနှစ်ဝန်းကျင်အထိ နည်းပညာမပါ အလွတ်သဘော စစ်တမ်းကောက်ယူမှုများ ဆောင်ရွက်ရန် ခွင့်ပြုချက်မရခဲ့ပါ။ ၂၀၂၀ ခုနှစ်တွင် နိုင်ငံတကာ မိုင်းဖယ်ရှားရေး ဆောင်ရွက်သည့်အဖွဲ့ ခြောက်ခုက ရန်ကုန်တွင်လည်းကောင်း၊ အချို့က ဒေသဆိုင်ရာ နေရာများတွင်လည်းကောင်း ရုံးများ ဖွင့်လှစ်ခဲ့သည် - DanChurchAid (DCA)၊ Danish Refugee Council (DRC)၊ HALO Trust ၊ Humanity & Inclusion (HI)၊ Mines Advisory Group (MAG) နှင့် Norwegian People's Aid (NPA) တို့ဖြစ်သည်။ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် မိုင်းတားမြစ်ရေး ပဋိညာဉ်၏ စတုတ္ထအကြိမ်မြောက် ပြန်လှန်သုံးသပ်ခြင်း စုံညီဆွေးနွေးပွဲ၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံက မြန်မာနိုင်ငံကို မိုင်းအရေးဆောင်ရွက်မှုအကူအညီပေးရန် ကမ်းလှမ်းခဲ့သည်။[၁၄၀]

**စစ်တမ်း**

၂၀၂၀ ခုနှစ်၊ ဇူလိုင်လတွင် စောင့်ကြည့်လေ့လာရေးအဖွဲ့နှင့် မြန်မာနိုင်ငံ သတင်းအချက်အလက် စီမံခန့်ခွဲမှုအဖွဲ့ (MIMU) တို့က SHA ရှိသော မြို့နယ်များကို ပြသထားသည့် နိုင်ငံ့မြေပုံတစ်ချပ်နှင့် မြန်မာနိုင်ငံအတွင်း မြေမြှုပ်မိုင်းအသုံးပြုမှု၏ အကျိုးရလဒ်အပေါ် သတင်းပုံကားချပ်တစ်ခုတို့ကို ပြုစုခဲ့သည်။[၁၄၁]

၂၀၁၆ ခုနှစ်မှစ၍ နိုင်ငံတကာ မိုင်းအရေးဆောင်ရွက်သူများစွာကို မြန်မာနိုင်ငံရှိ အချို့နေရာများတွင် နည်းပညာမပါ အလွတ်သဘော စစ်တမ်းကောက်ယူမှုပြုလုပ်ရန် ခွင့်ပြုချက်ပေးခဲ့သည်။ DCA၊ DRC၊ HALO Trust နှင့် MAG တို့သည် နည်းပညာမပါ အလွတ်သဘော စစ်တမ်းကောက်ယူမှုများကို ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်တို့တွင် ပြုလုပ်ခဲ့သော်လည်း ဆောင်ရွက်သူများအနေဖြင့် ပြည်နယ်တစ်ခုလုံးတွင် စစ်တမ်းကောက်ယူနိုင်ခြင်း မရှိခဲ့သည့်အတွက် မိုင်းပျံ့နှံ့မှု၏ အခြေခံအဆင့်ကို မဆုံးဖြတ်နိုင် ဖြစ်စေခဲ့သည်။ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလတွင် မိုင်းအရေးဆောင်ရွက်သူများမှ IMAS အရ အမှတ်အသားပြုလုပ်ခြင်းနှင့် အဆီးအတားပြုလုပ်ခြင်း လုပ်ငန်းများကို စတင်ရန် နည်းပညာအဖွဲ့များ စေလွှတ်ခြင်းအတွက် ခွင့်ပြုချက် ရရှိခဲ့သည်။[၁၄၂] ပြန်လည်ထူထောင်ရေး ဦးစီးဌာနက မိုင်းအရေးဆောင်ရွက်မှု ကဏ္ဍအား ကချင်ပြည်နယ်ရှိ IDP များ ပြန်လာရန်နှင့် ပြန်လည်အခြေချရန် သတ်မှတ်ထားသည့် နေရာများတွင် နည်းပညာပါဝင်သည့် စစ်တမ်းကောက်ယူမှု၊ အမှတ်အသားပြုမှုနှင့် အတားအဆီးပြုမှုများကို ဦးစားပေးဆောင်ရွက်စေခဲ့သည်။[၁၄၃] သို့သော် ၂၀၂၀ ခုနှစ်တွင် ကိုဗစ်-၁၉ ကာလ၌ ခရီးသွားလာခြင်းနှင့် စုဝေးခြင်းဆိုင်ရာ ကန့်သတ်ချက်များကြောင့် နောက်ကျမှုများ ဖြစ်ပေါ်ခဲ့ပြီး နည်းပညာမပါ အလွတ်သဘော စစ်တမ်းကောက်ယူမှုကို ဆောင်ရွက်နိုင်ခြင်းမရှိ ဖြစ်စေခဲ့သည်။[၁၄၄]

---

၁၄၀။ Statement of Bangladesh, Mine Ban Treaty Fourth Review Conference, Oslo, 27 November 2019.

၁၄၁။ MIMU, "Townships with Suspected Landmine Contamination (1999–2000) and Casualties in Myanmar (2019)," 2020. ဤ သတင်းပုံကားချပ်တွင် စောင့်ကြည့်လေ့လာရေးအဖွဲ့မှ ၁၁ နှစ်စာ အချက်အလက်များ၏ ခြုံငုံသုံးသပ်ချက်ကို ဖော်ပြထားသည် (၂၀၀၇-၂၀၁၇)၊ ထို့အပြင် ၎င်းကို ဗမာဘာသာစကား Burmese ဖြင့်လည်း ရရှိနိုင်သည်။ MIMU က စောင့်ကြည့်လေ့လာရေးအဖွဲ့အား အဆိုပါ သတင်းပုံကားချပ်သည် ၎င်းတို့ ထုတ်လုပ်သည်များအနက် အများဆုံး တောင်းဆိုခံရသော အရာများမှ တစ်ခုဖြစ်သည်ဟု သတင်းပို့သည်။

၁၄၂။ Response to Monitor questionnaire by Bekim Shala, Country Programme Manager, MAG Myanmar, 25 May 2020.

၁၄၃။ Durable Peace Programme, "Mine Risks in IDP Return and Resettlement Sites in Kachin State: Baseline Survey Results from DPP-MAG Joint Deployments," briefing paper, June 2020.

၁၄၄။ Response to Monitor questionnaire by Liam Harvey, Head of Programme, DRC Myanmar, 26 August 2021; and by Stephen Hall, Programme Manager, HALO Trust Myanmar, 31 August 2021.

၂၀၂၀ ခုနှစ်တွင် DRC က ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် နည်းပညာမပါ အလွတ်သဘော စစ်တမ်းကောက်ယူမှုကို စတင်ရန် စီစဉ်ခဲ့သည်၊ သို့သော် ၎င်းက ဝန်ထမ်းများအတွက် လေ့ကျင့်သင်တန်း မကျင်းပနိုင်ခဲ့ပါ။ ယခုအခါတွင် လေ့ကျင့်သင်တန်း ပေးခြင်းကို ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းအတွက် စီစဉ်ထားပြီး ၂၀၂၂ ခုနှစ် အစောပိုင်းတွင် လုပ်ငန်းများ စတင်ရန် လျာထားသည်။ ၂၀၂၀ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်အစောပိုင်းတို့တွင် ရပ်ရွာအသိုက်အဝန်း မြေပုံချခြင်း လေ့ကျင့်ခန်းများကို ကျေးရွာ (၃၁) ခုတွင် ဆောင်ရွက်ခဲ့ကာ ၎င်းမှာ မိုင်းပျံ့နှံ့နေဖွယ်ရှိသော ကျေးရွာများ၌ နည်းပညာမပါ အလွတ်သဘော စစ်တမ်းကောက်ယူမှု လုပ်ငန်းများကို ဖော်ထုတ်သတ်မှတ်ရန်ဖြစ်သည်။[၁၄၅]

HALO Trust က ၂၀၂၀ ခုနှစ် အစောပိုင်းတွင် နည်းပညာမပါ အလွတ်သဘော စစ်တမ်းကောက်ယူမှုကို ဆောင်ရွက်ခဲ့သော်လည်း ကိုဗစ်-၁၉ ကန့်သတ်ချက်များကြောင့် ၂၀၂၀ ခုနှစ်၊ မတ်လတွင် လှုပ်ရှားမှုများကို ဆိုင်းငံ့ခဲ့သည်။ ဆိုင်ငံ့ခံရမှု မတိုင်မီတွင် HALO Trust က ရှမ်းပြည်နယ်မြောက်ပိုင်း၌ CHA ငါးခု (စုစုပေါင်း ၄၁၉၀၀၉ စတုရန်းမီတာ) နှင့် ကရင်ပြည်နယ်၌ SHA လေးခု (စုစုပေါင်း ၆၀၅၈ စတုရန်းမီတာ) တို့ကို ဖော်ထုတ်သတ်မှတ်ခဲ့သည်။ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ CHA တစ်ခုနှင့် ကရင်ပြည်နယ်ရှိ CHA ခြောက်ခုတို့ကို အမှတ်အသားပြုလုပ်ခဲ့သည်။ HALO Trust က ၂၀၂၁ ခုနှစ်၊ မတ်လတွင် ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ် တစ်လျှောက် အဖွဲ့လေးခုဖြင့် လုပ်ငန်းများ ပြန်လည်ဆောင်ရွက်ခဲ့ကာ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လတွင်မူ နောက်ထပ် ကိုဗစ်-၁၉ ကန့်သတ်ချက်များကြောင့် လုပ်ငန်းများ ထပ်မံ ဆိုင်းငံ့ခံလိုက်ရသည်။[၁၄၆]

၂၀၂၀ ခုနှစ်တွင် MAG က တနင်္သာရီတိုင်းဒေသကြီးရှိ နေရာသုံးခု (ညောင်ပင်ကွင်းကျေးရွာ၊ ပြည်ကြီးမဏ္ဍိုင် ကျေးရွာအုပ်စုနှင့် ရာပုကျေးရွာ) နှင့် ကယားပြည်နယ်ရှိ လွိုင်ကော်မြို့နယ်တို့တွင် နည်းပညာမပါ အလွတ်သဘော စစ်တမ်းကောက်ယူမှုကို ပြုလုပ်ခဲ့သည်။ ထိုစစ်တမ်းများမှာ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီ-မတ် နှင့် စက်တင်ဘာ တို့တွင် ကောက်ယူခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း (၉၃၂၁) စတုရန်းမီတာရှိသော SHA လေးခု ကို ဖော်ထုတ်သတ်မှတ်ခဲ့သည်။ ကိုဗစ်-၁၉ ကန့်သတ်ချက်များကြောင့် ၂၀၂၀ ခုနှစ်တွင် အမှတ်အသားပြုမှုများ မဆောင်ရွက်ခဲ့ပါ။ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လအကုန်တွင် MAG က နောက်ထပ် နည်းပညာမပါ အလွတ်သဘော စစ်တမ်းကောက်ယူမှုကို ဆောင်ရွက်နိုင်ခြင်း မရှိတော့ပါ။[၁၄၇]

HI က ၂၀၁၉ ခုနှစ်တွင်လည်းကောင်း၊ ၂၀၂၀ ခုနှစ် အစောပိုင်းတွင်လည်းကောင်း နည်းပညာမပါ အလွတ်သဘော စစ်တမ်းကောက်ယူမှုကို မဆောင်ရွက်ခဲ့ပါ၊ သို့သော် ၂၀၂၀ ခုနှစ် စက်တင်ဘာလမှ စတင်၍ စစ်တမ်းကောက်ယူရန် စီစဉ်ခဲ့သည်။[၁၄၈] NPA က ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ၂၀၂၀ ခုနှစ်တွင် နည်းပညာမပါ အလွတ်သဘော စစ်တမ်းကောက်ယူမှု လုပ်ဆောင်နိုင်ခြင်း မရှိခဲ့ပါ။[၁၄၉] DCAက ၂၀၂၀ ခုနှစ်တွင် နည်းပညာမပါ အလွတ်သဘော စစ်တမ်းကောက်ယူမှုပြုလုပ်ခဲ့ခြင်းမရှိဘဲ အန္တရာယ်ပညာပေးမှုနှင့် ထိခိုက်နစ်နာသူ ကူညီမှုကို အလေးပေးအာရုံစိုက်ခဲ့သည်။[၁၅၀]

ပဲခူးတိုင်းဒေသကြီးရှိ အချို့လယ်သမားများက လယ်ထွန်ယက်နေစဉ် တွေ့ရှိရသည့် မိုင်းပျံ့နှံ့နေသော နေရာတို့ကို အခြားသူများ မဝင်ရောက်စေရေး သတိပေးရန် ကြိုးပမ်းသည့်အနေဖြင့် အမှတ်အသားပြုထားကြသည်။[၁၅၁]

## မိုင်းရှင်းလင်းမှု

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိုင်းအရေး ဆောင်ရွက်သူများအား မိုင်းရှင်းလင်းမှု ဆောင်ရွက်ရန်အတွက် အစိုးရမှဖြစ်စေ တိုင်းရင်းသားလူနည်းစုနေရာများရှိ အာဏာပိုင်များမှဖြစ်စေ ခွင့်ပြုထားခြင်း မရှိဘဲ ၎င်းမှာ ၂၀၂၀ ခုနှစ်အထိ ထိုအတိုင်းပင်ဖြစ်သည်။ တပ်မတော်က မိုင်းရှင်းလင်းမှုအချို့ကိုဆောင်ရွက်ခဲ့သည်၊ သို့သော် လုပ်ငန်းစံနှုန်းများကို မသိရပါ။ ရှင်းလင်းခဲ့သည့် မြေနေရာပမာဏနှင့် ဖျက်ဆီးခဲ့သော လူသားပစ်မှတ်ထား တိုက်ခိုက်သောမိုင်းများ၏ အရေအတွက်ကို အစီရင်ခံတင်ပြထားခြင်း မရှိပါ။

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလတွင် ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ နမ့်ဆန်းယန်ကျေးရွာရှိ မိသားစုများ၏ ပြန်လည် အခြေချမှု

---

၁၄၅။ Response to Monitor questionnaire by Liam Harvey, Head of Programme, DRC Myanmar, 26 August 2021.

၁၄၆။ Response to Monitor questionnaire by Stephen Hall, Programme Manager, HALO Trust Myanmar, 31 August 2021.၁၄၂။ Response to Monitor questionnaire by Bekim Shala, Country Programme Manager, MAG Myanmar, 25 May 2020.

၁၄၇။ Response to Monitor questionnaire by Sofia Raineri, Programme Officer, MAG Myanmar, 3 September 2021.

၁၄၈။ Response to Monitor questionnaire by Fabrice Vandeputte, Regional Programme Director, HI, 14 May 2020.

၁၄၉။ Response to Monitor questionnaire by Kyaw Kyaw Oo, Operations Coordinator, NPA, 18 March 2021.

၁၅၀။ Response to Monitor questionnaire by Matthew d of Humanitarian Response and Mine Action, DCA- Norwegian Church Aid (NCA) Myanmar joint office, 13 Septmber 2021.

၁၅၁။ "Karen Human Rights Group Submission to Landmine Monitor," August 2021. ၂၀၂၀ ခုနှစ်၊ ဩဂုတ်လတွင် ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၌ လယ်သမားများက ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သုတေသီများအား သူတို့ တခါတရံတွင် စိုက်ခင်းအသစ်များအတွက် မြေရှင်းရာ၌ မြေမြှုပ်မိုင်းများကို တွေ့ရှိရကြောင်းနှင့် ထိုသို့ တွေ့ရှိပြီးနောက် သူတို့က ထိုနေရာတွင် မြေမြှုပ်မိုင်း ပျံ့နှံ့မှုကြောင့် ဝင်ရောက်ခြင်းမပြုသင့်ကြောင်း ဖော်ပြထားသည့် အသိပေးခြင်း အမှတ်အသားတစ်ခု သို့မဟုတ် အန္တရာယ်အမှတ်အသားတစ်ခုကို ထားရှိခဲ့ကြောင်း သတင်းပေးသည်။

မတိုင်ခင် တင်ကြို၍ တပ်မတော်က ဒေသဆိုင်ရာ မိုင်းရှင်းလင်းမှုကို ကြေညာခဲ့သည်။[၁၅၂] ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ကချင်ပြည်နယ် အခြေစိုက် NGO တစ်ခု၏ အကဲဖြတ်သုံးသပ်ချက်၌ တွေ့ရှိရသည်မှာ မှတ်ပုံတင်ထားကြောင်း အသိအမှတ်ပြု လက်မှတ်ရှိသည့် နေအိမ်များသည် ၎င်းတို့၏ နေအိမ်ခြံဝန်းအား ဘူဒိုဇာဖြင့် ရှင်းလင်းခြင်းကို ခံရသည်။[၁၅၃] ၂၀၂၀ ခုနှစ်၊ မတ်လတွင် နမ့်ဆန်းယန် ကျေးရွာသားများက ထိုနေရာတွင် မိုင်းများသည် အန္တရာယ်တစ်ခုအဖြစ် ရှိနေသေးကြောင်း ဆိုသည်။[၁၅၄] ၂၀၂၀ ခုနှစ် ဇူလိုင်လတွင် တပ်မတော်က ပြန်လာပြီး လယ်မြေ ဧက (၁၀၀) မှ မိုင်းများကို ဖယ်ရှားခဲ့သည်။[၁၅၅] ၂၀၂၀ ခုနှစ် ဩဂုတ်လတွင် တပ်မတော် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် ဇော်မင်းထွန်းက သတင်းထောက်တစ်ဦးအား နမ့်ဆန်းယန် ပြန်လာမှုသည် အောင်မြင်မှု တစ်ခုဖြစ်ခဲ့ပြီး စစ်တပ်အနေဖြင့် ၎င်း၏ IDP ပြန်လာရေး လှုပ်ရှားမှုများကို တိုးချဲ့ရန် စီစဉ်နေကြောင်းနှင့် သယ်ယူပို့ဆောင်ရေးနှင့် မိုင်းရှင်းလင်းရေးကို ကူညီမည်ဖြစ်ကြောင်း ပြောခဲ့သည်။[၁၅၆] ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလတွင် ရွာသား ၂၀၀၀ ဦး ပြန်မလာခင် ဝိုင်းမော် မြို့နယ်၊ တာပြည့်ယန် နှင့် ကျောက်စခန်း ကျေးရွာများ၌ မိုင်းရှင်းလင်းရေးများ ဆောင်ရွက်ခဲ့ကြောင်း သတင်းထုတ်ပြန်သည်။[၁၅၇] ၂၀၂၀ ခုနှစ် မတ်လနှင့် ဩဂုတ်လတို့တွင် ကချင်ပြည်နယ်ရှိ လဂျာယန်နှင့် ဒေါ့ဖုန်းယန် တို့၌ ကချင်လူသားချင်းစာနာမှုကော်မတီ (KHCC) နှင့် ချိတ်ဆက်လျက် အကန့်အသတ်ရှိသော မိုင်းရှင်းလင်းရေးတစ်ခု ရှိခဲ့ကြောင်း သတင်းပို့ခဲ့သည်။

၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလတွင် တပ်မတော်က ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်ရှိ IDP စခန်းတစ်ခုကို ထိုနေရာရှိ မြေမြှုပ်မိုင်းများအား ရှင်းလင်းရန်အတွက် ပိတ်ခဲ့သည်။ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ထုတ်ပြန်ခဲ့သည်ဟု သတင်းရသော ကြေညာချက်တစ်ခုတွင် စစ်တပ်က စခန်းနေပြည်သူများအား မိုင်းထိခိုက်မှုမရှိစေရန် ထွက်ခွာစေခဲ့ကြောင်းနှင့် စခန်းနှင့် မီတာ (၂၀) အကွာက မိုင်းတစ်ခုကို တပ်သားများမှ အသက်မဲ့စေခဲ့ကြောင်း ဆိုသည်။ ထို့နောက်တွင် စစ်တပ်သည် စခန်းမှ ယာယီအမိုးအကာများကို မီးရှို့ပြီး ထိုနေရာတွင် နေထိုင်သည့် လူ (၅၀၀) အနက် လူ (၄၀၀) ကို ကြောက်လန့်တကြား ထွက်ပြေးစေခဲ့သည်ဟု စခန်းတာဝန်ခံများက ပြောသည်။[၁၅၈] ထိုနေရာတွင် နောက်ထပ် မိုင်းရှင်းလင်းမှု ဆောင်ရွက်ခြင်းရှိမရှိမှာ မသိရပါ။

ရခိုင်ပြည်နယ်၌ တပ်မတော်နှင့် ရက္ခိုင့်တပ်တော်ခေါ် NSAG တစ်ခုအကြား လက်နက်ကိုင် ပဋိပက္ခသည် ၂၀၁၈ ခုနှစ်မှစ၍ IDP ထောင်ချီရှိလာစေသည်။ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလမှစ၍ အလွတ်သဘော အပစ်အခတ်ရပ်စဲမှုတစ်ခုကို တွေ့ရှိရသည်။ ရခိုင်ပြည်နယ်၌ IDP များ နေရပ်ပြန်ရန် မျှော်လင့်ထားသည့် မြို့နယ်များတွင် မိုင်းရှင်းလင်းမှုလုပ်ငန်းများအကြောင်းကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလက အစီရင်ခံတင်ပြချက်ရှိသည်။ မိုင်းရှင်းလင်းခြင်းကို အမ်း-စစ်တွေ အဝေးပြေးလမ်းတစ်လျှောက်နှင့် ရသေ့တောင်မြို့နယ်ရှိ ကျေးရွာအချို့တွင် ဆောင်ရွက်ခဲ့သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့အထိ အမ်း၊ ဘူးသီးတောင်နှင့် စစ်တွေမြို့နယ်များမှ IDP စခန်းများမှနေ၍ သူတို့၏နေရပ်သို့ ပြန်ရန်ကြိုးစားနေသော IDP (၁၃၄၄၅) ဦး ရှိသည်။[၁၅၉]

၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က နေပြည်တော်ရှိ လူသားချင်းစာနာမှုဆိုင်ရာ အထောက်အကူပြုမှု၊ ပြန်လည်နေရာချထားမှုနှင့် ဖွံ့ဖြိုး တိုးတက်မှု အစည်းအဝေး၌ IDP များအား ရခိုင်ပြည်နယ်ရှိ သူတို့၏ မွေးရပ်မြေများ၌ ပြန်လည်အခြေချနိုင်စေရန်အတွက် မြေမြှုပ် မိုင်းများ ရှင်းလင်းခြင်းကို အလေးပေးနေကြောင်း ဆိုခဲ့သည်။[၁၆၀] သို့သော် မိုင်းရှင်းလင်းရေးမှာ စနစ်တကျမဟုတ်ဘဲ အစီအစဉ် များတွင် မြို့နယ်တိုင်းပါဝင်ခဲ့သည်လည်း မဟုတ်ပါ။[၁၆၁] ၂၀၂၁ ခုနှစ်၊ မတ်လတွင် စစ်တပ်နှင့် ရက္ခိုင့်တပ်တော်တို့က ယခင်က ပဋိပက္ခဖြစ်ပွားရာ တောင်တန်းများနှင့် တောအုပ်များမှ မိုင်းများကို ရှင်းလင်းရန် ဆွေးနွေးညှိနှိုင်းနေကြသည်ဟု အစီရင်ခံချက် ရှိသည်။[၁၆၂]

---

၁၅၂။ "Seventeen Kachin IDP Families Return Home," Kachin News Group/Burma News International, 4 February 2019.

၁၅၃။ Dan Seng Lawn, "Safe and Dignified Returns? A Rapid Assessment of the Experiences of Returned Internally Displaced Persons in Nam San Yang Village, Kachin State, Myanmar," United States Agency for International Development (USAID) and Kachinland Research Centre, 12 December 2019.

၁၅၄။ "Returned IDPs Demand Landmines Be Removed From Nam San Yang," Kachin News Group/Burma News International, 25 March 2020.

၁၅၅။ Ibid.; and "More Than One Year After IDPs Return to Nam San Yang, Burma Army Removes Landmines From Their Farmland," Kachin News Group, 3 August 2020.

၁၅၆။ Ye Mon, "An unhappy return for IDPs in Kachin State," Frontier Myanmar, 22 August 2019.

၁၅၇။ Myat Thura, "Myanmar Military clears mines to help villagers return home," Myanmar Times, 16 December 2020.

၁၅၈။ Khin Myat Myat Wai, "Myebon camp in Rakhine closed for landmine clearance, Tatmadaw says," The Myanmar Times, 29 January 2020.

၁၅၈။ "Since mid-January, over 13,000 IDPs in Arakan State register to return home," Development Media Group, 19 February 2021; and "Land mine clearance said to make way for IDPs in some Arakan townships," Development Media Group, 25 February 2021.

၁၅၉။ "Quick win projects intended to narrow development gap between Rakhine State and other states," Global New Light of Myanmar, 31 March 2021, p. 12.

၁၆၀။ "News International, 25 May 2021.

၁၆၁။ "Military, AA negotiate to clear landmines from Arakan's forests," Development Media Group, 10 March 2021.

၁၆၂။ FBR, "New Rangers Graduate Relief Team Training and Go Now to Help People Under Attack," 1 January 2021.

နိုင်ငံအဆင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့တစ်ခုဖြစ်သော Free Burma Rangers (FBR) က ကယ်ဆယ်ရေး အဖွဲ့များအတွက် နှစ်စဉ်လေ့ကျင့်ရေး အစီအစဉ်များ၌ မိုင်းအမျိုးအမည်သတ်မှတ်ခြင်းနှင့် အရေးပေါ် မိုင်းရှင်းလင်းရေးလုပ်ငန်းစဉ် များအကြောင်း သင်တန်းပေးသည်။[၁၆၃] သူတို့၏ စစ်ဆင်ရေးများ၌ ကြုံတွေ့ရသည့် မိုင်းများကို FBR ဝန်ထမ်းက ဖယ်ရှားကာ တိုင်းရင်းသားလူနည်းစု အသိုက်အဝန်းများမှ NSAG များထံ အပ်နှံလျှင်အပ်နှံ၊ သို့မဟုတ်ပါက ဒေသခံ NSAG များက တိုက်ရိုက် ဖယ်ရှားသည်။

## မိုင်းဖယ်ရှားသူ လုံခြုံရေး

၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလတွင် တပ်မတော် ခြေမြန်တပ်ရင်း (၇၀၈) မှ တပ်ရင်းမှူးသည် ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၌ ကရင် အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) မှ ထောင်ထားသည့် ကားမိုင်းကို ဖယ်ရှားရန် ကြိုးစားနေစဉ် သေဆုံးခဲ့သည်။[၁၆၄]

မိုင်းအရေးဆောင်ရွက်မှုသည် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ၏ သက်ရောက်မှုကိုလည်းကောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အာဏာ သိမ်းမှု နောက်ပိုင်း မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေ ပြောင်းလဲလာမှုနှင့် လူထုအုံကြွမှုတို့၏ သက်ရောက်မှုကိုလည်းကောင်း ခံစားရသည်။ မိုင်းအရေးဆောင်ရွက်မှုဆိုင်ရာ လှုပ်ရှားမှုများမှာ ဆက်သွယ်ရေးကန့်သတ်မှုများ၊ ဘဏ်များကဲ့သို့ မရှိမဖြစ် ဝန်ဆောင်မှုများ ပိတ်ချခံရခြင်း၊ ခရီးသွားလာရေး ကန့်သတ်မှုများနှင့် ဒေသဆိုင်ရာ အဝင်အထွက်ကန့်သတ်မှုများ၏ သက်ရောက်မှုကို ခံရသည်။ ဆောင်ရွက်သူများက ပိုမိုများပြားသော လုံခြုံရေးနှင့် ဘေးကင်းရေး နည်းလမ်းများကို ကျင့်သုံးခဲ့ကြသည်။

---

၁၆၃။ FBR, "New Rangers Graduate Relief Team Training and Go Now to Help People Under Attack," 1 January 2021.
၁၆၄။ KHRG, "Karen Human Rights Group Submission to Landmine Monitor," August 2020.

## အန္တရာယ်ဆိုင်ရာ ပညာပေးမှု ဆောင်ရွက်သူများနှင့် ဝန်ဆောင်မှုပေးသူများ

### အန္တရာယ်ပညာပေးမှု ဆောင်ရွက်သူများ[၁၆၅]

| အဖွဲ့အစည်းအမျိုးအစား | အဖွဲ့အစည်းအမည် | လှုပ်ရှားမှုအမျိုးအစား |
|---|---|---|
| **အစိုးရဆိုင်ရာ** | ပြန်လည်ထူထောင်ရေး ဦးစီးဌာန | စီစဉ်ချိတ်ဆက်မှုနှင့် MRWG အတွက် ဥက္ကဋ္ဌဖြစ်မှု |
| | ပညာရေးဌာန | ကရင်ပြည်နယ်တွင် အန္တရာယ်ပညာပေးမှု |
| **အမျိုးသားအဆင့်** | နိုင်ငံတွင်း နေရာရွှေ့ပြောင်းခံရသူ ကရင်လူမျိုးများ ကော်မတီ နှင့် ကရင်ဆရာဆရာမများ အလုပ်အဖွဲ့ | လူသားချင်းစာနာမှုဆိုင်ရာ အကူအညီနှင့် ထောက်ခံအားပေးမှု အခြား ပုံစံများနှင့်တကွ အန္တရာယ်ပညာပေးမှု ဆောင်ရွက်ခြင်း |
| | ကရင် ဖွံ့ဖြိုးရေးကွန်ရက် | ရပ်ရွာအခြေပြု အန္တရာယ် ပညာပေးမှု |
| | ကရင်နီ လူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးစင်တာ | အန္တရာယ် ပညာပေးမှု ဆောင်ရွက်ရန်နှင့် ဒဏ်ခံရသူအချက်အလက် ကောက်ယူရန်အတွက် ၂၀၁၆ ခုနှစ်တွင် ကရင်နီ မိုင်းအန္တရာယ် ပညာပေးမှုအဖွဲ့ကို တည်ထောင်ခဲ့သည်။ |
| | ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးကွန်ရက် | ရပ်ရွာအခြေပြု အန္တရာယ် ပညာပေးမှု |
| | တအောန်း ကျောင်းသားနှင့် လူငယ် အစည်းအရုံး | DCA ၏ မိတ်ဖက်ဖြစ်ပြီး ရှမ်းပြည်နယ်တွင် အန္တရာယ်ပညာပေးမှု ဆောင်ရွက်သည်။ |

၁၆၅။ Response to Monitor questionnaire by Sithu Win, Deputy Diector, Department of Rehabilitation, 11 March 2021; MIMU, "The MIMU 3W: Who is doing What, Where," 23 August 2020; Land Portal, "Committee for Internally Displaced Karen People," undated; Durable Peace Programme, "Ta-ang Student Youth Union (TSYU)," undated and UNOCHA, "Mine Risk Education in Myanmar: When Knowledge is Power," 6 March 2019; Durable Peace Programme, "Nyein (Shalom Foundation)," undated; Durable Peace Programme, "Wunpawng Ninghtoi (WPN)," undated; DCA, "DCA and NCA in Myanmar," undated; DDG, "Where We Work: Myanmar," no longer available online; JOIN, "Inter national Assistance in Myanmar," undated; response to Monitor questionnaire by Fabrice Vandeputte, Regional Programme Director, HI, 14 May 2020; by Bishu Mahat, Weapon Contamination Coordinator, ICRC Myanmar, 31 August 2021; by Geoff Moyan, Programme Manager, HALO Trust Myanmar, 4 March 2021; by Michael Horita, Field Coordinator, HI Myanmar, 16 March 2021; and by Matthew Walsh, Head of Humanitarian Response and Mine Action, DCA-NCA, Myanmar, 13 September 2021.

| | | |
|---|---|---|
| | ငြိမ်း (ရှလွန်) ဖော်ဒေးရှင်း | ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်နှင့် အန္တရာယ် ပညာပေးမှု အပါအဝင် ငြိမ်းချမ်းရေးဆိုင်ရာ အသိပညာပေးမှုနှင့် ပတ်သက်၍ တက်ကြွလှုပ်ရှားသည်။ |
| | ဝမ်ပေါင်နင်ထို့ုင် | အန္တရာယ်ပညာပေးမှုနှင့် အသက်မွေးမှုအထောက်အပံ့ ဆိုင်ရာများအပါအဝင် IDP ကူညီရေး လှုပ်ရှားမှုနှင့် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သည်။ |
| | မြန်မာနှလုံးသားဖွံ့ဖြိုးရေး အဖွဲ့အစည်း (MHDO) | ရပ်ရွာအခြေပြု အန္တရာယ် ပညာပေးမှုနှင့် အသက်မွေးမှုဆိုင်ရာ လှုပ်ရှားမှုများ |
| | မြန်မာနိုင်ငံကြက်ခြေနီအသင်း | ရပ်ရွာအခြေပြု အန္တရာယ် ပညာပေးမှု |
| | ကချင် နှစ်ခြင်း အသင်းတော် | လူသားချင်းစာနာမှုနှင့် အားလုံးအကျုံးဝင်မှု (HI) ၏ မိတ်ဖက်အဖြစ် IDP စခန်းများမှ ဆရာဆရာမများအတွက် အန္တရာယ် ပညာပေးမှု လေ့ကျင့်သင်တန်းများ ဆောင်ရွက်ပေးသည်။ |
| | ကချင် ဖွံ့ဖြိုးရေးအဖွဲ့ | HI ၏ အန္တရာယ်ပညာပေးမှု မိတ်ဖက် |
| | ရှမ်းတောင်လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေး စင်တာ | ရှမ်းပြည်နယ်တွင် အန္တရာယ်ပညာပေးမှုနှင့် ရှေးဦးသူနာပြုနည်း ပေးရန် HALO Trust မှ လေ့ကျင့်ပေးထားသည့် ရပ်ရွာအတွင်း အကောင်အထည်ဖော်သူများ |
| | မဆုံးတော့သည့်မနက်ဖန် | ကချင်ပြည်နယ်တွင် အန္တရာယ်ပညာပေးမှုနှင့် ရှေးဦးသူနာပြုမှု ပေးရန် the HALO Trust မှ လေ့ကျင့်ပေးထားသည့် ရပ်ရွာအတွင်း အကောင်အထည်ဖော်သူများ |
| **နိုင်ငံတကာအဆင့်** | ဒန်ချာ့ချ်အကူအညီ (DCA) – နော်ဝေချာ့ချ်အကူအညီ (NCA) | သဘာဝဘေးဒဏ်များနှင့် ပဋိပက္ခ၏ သက်ရောက်မှုများကို ဖြေရှင်းမည့် အစီအစဉ်တစ်ခု၏ တစ်စိတ်တစ်ပိုင်းအဖြစ် အန္တရာယ် ပညာပေးမှု ဆောင်ရွက်ခြင်း။ ပဲခူးတိုင်းဒေသကြီးတွင်လည်းကောင်း၊ ချင်း၊ ကယား၊ ကရင်၊ မွန် နှင့် ရှမ်း ပြည်နယ်များတွင်လည်းကောင်း အလုပ်လုပ်သည်။ |
| | ဒိန်းမတ်ဒုက္ခသည်ဆိုင်ရာကောင်စီ (DRC) | မိုင်းအန္တရာယ်ပညာပေးမှု အဖွဲ့ကို မောင်းနှင်ပြီး ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်များတွင် နည်းပညာမပါ အလွတ်သဘောစစ်တမ်းကောက်ယူမှုနှင့်အတူ အန္တရာယ်ပညာပေးမှုပေးရန် အစီအစဉ်ဆွဲသည်။ |
| | The HALO Trust | မိုင်း အန္တရာယ် ပညာပေးမှုနှင့် ရှေးဦးသူနာပြုနည်းအတွက် ရပ်ရွာတွင်း အကောင်အထည်ဖော်သူ ၇၅၀ အား လေ့ကျင့်သင်တန်းပေးသည်။ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် မဆုံးတော့သည့်မနက်ဖန် နှင့် ရှမ်းတောင်လူငယ် စွမ်းဆောင်ရည် မြှင့်တင်ခြင်း စင်တာတို့၏ မိတ်ဖက်အဖြစ် အလုပ်လုပ်သည်။ |
| | လူသားချင်းစာနာမှုနှင့် အားလုံးအကျုံးဝင်မှု (HI) | အကာအကွယ်ပေးခြင်းနှင့် အသိပညာအတွက် လေ့ကျင့် သင်တန်းပေးခြင်း၊ ကချင်ပြည်နယ်တွင် ရပ်ရွာအတွင်း အကောင်အထည် ဖော်သူ မိတ်ဖက်များရှိပြီး ပဲခူးတိုင်းဒေသကြီး၏ အရှေ့ပိုင်း ဒေသများတွင်လည်းကောင်း၊ ကရင်ပြည်နယ် တွင်လည်းကောင်း အလုပ်လုပ်သည်။ |

| | | |
|---|---|---|
| | အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)) | အရေးပေါ် အန္တရာယ်ပညာပေးမှု၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ စေတနာ့ဝန်ထမ်းများမှတစ်ဆင့် ရပ်ရွာအခြေပြု အန္တရာယ်ပညာပေးမှု၊ ကျောင်းများတွင် အန္တရာယ်ပညာပေးမှု၊ ရပ်ရွာစေတနာ့ဝန်ထမ်းများအတွက် အန္တရာယ်ပညာပေးမှုဆိုင်ရာ လေ့ကျင့်သင်တန်းပေးခြင်း၊ ထို့နောက် အခြားသော လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများအတွက် အန္တရာယ်အသိပညာတိုးတက်စေခြင်း သင်ခန်းစာများ။ |
| | ဂျိုဟာန်နစ်တာ နိုင်ငံတကာ အကူအညီအဖွဲ့ (JOIN) | ရေ၊ မိလ္လာစနစ်၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ အာဟာရ၊ ကျန်းမာရေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုတို့ကို အာရုံစိုက်သည့် ပိုမိုကျယ်ပြန့်သော လူသားချင်းစာနာမှုဆိုင်ရာ အကူအညီ၏ တစ်စိတ်တစ်ပိုင်းအဖြစ် မိတ်ဖက်များမှတစ်ဆင့် အန္တရာယ် ပညာပေးမှု |
| | မိုင်းအကြံပေးအဖွဲ့ (MAG) | ကျေးရွာများနှင့် IDP စခန်းများတွင် ရပ်ရွာ ဆက်သွယ်ချိတ်ဆက်ရေး လှုပ်ရှားမှုများနှင့်အတူ အန္တရာယ် ပညာပေးမှု။ MAG တွင် ၂၀၁၉-၂၀၂၀ ၌ အကောင်အထည်ဖော်ဆောင်ရွက်သူ မိတ်ဖက် သုံးခုရှိခဲ့ပြီး ၎င်းကို ဒေသခံအဖွဲ့အစည်း (၁၄) ခုအား အန္တရာယ်ပညာပေးမှု နှင့် ပတ်သက်သော စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ အထောက်အပံ့ပေးရန်အတွက် ခိုင်မာသော ငြိမ်းချမ်းရေး အစီအစဉ် မှ ကန်ထရိုက်ပေးထားသည်။ MAG က ကချင်၊ ကယား၊ ကရင်နှင့် ရှမ်းပြည်နယ်တို့တွင်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင်လည်းကောင်း အလုပ်လုပ်သည်။ |
| | Relief International | ရှမ်းပြည်နယ်မြောက်ပိုင်း၌ အန္တရာယ်ပညာပေးမှု |
| | လိုအပ်နေသူများ အဖွဲ့ | IDP စခန်းများမှ ဆရာ၊ ဆရာမများအတွက် အန္တရာယ်ပညာပေးမှု ဆောင်ရွက်ရေးကို လေ့ကျင့်သင်တန်းပေးသည်၊ HI နှင့် မိတ်ဖက်ဖြစ်သည်။ |

မှတ်ချက် - IDP = နိုင်ငံတွင်း နေရာရွှေ့ပြောင်းခံရသူ၊ NGO = အစိုးရမဟုတ်သော အဖွဲ့အစည်း

## အကျိုးခံစားရသူ အရေအတွက်များ

### ၂၀၂၀ ခုနှစ်အတွင်း အန္တရာယ်ပညာပေးမှု အကျိုးခံစားရသူများ[၁၆၆]

| ဆောင်ရွက်သည့်အဖွဲ့ | ကျား (လူကြီး) | ကျား (ကလေး) | မ (လူကြီး) | မ (ကလေး) |
|---|---|---|---|---|
| **HALO Trust** | ၇၁၃၇ | ၄၂၆၅ | ၉၃၈၃ | ၅၀၈၈ |
| **HI** | ၁၀ | ၂၁၁ | ၄၂ | ၂၁၁ |
| **NPA** | ၂၃၆ | ၄၁၁ | ၄၆၈ | ၄၄၁ |
| **UNICEF** | မသိရ | ၁၁၇၆၈ | မသိရ | ၁၀၂၅၉ |

မှတ်ချက် - မသိရ = အချက်အလက်မရနိုင်

၁၆၆။ HALO Trust data from Geoff Moynan, Programme Manager, HALO Trust Myanmar, 4 March 2021; HI data from Michael Horita, Field Coordinator, HI Myanmar, 16 March 2021; NPA data from Kyaw Kyaw Oo, Operations Coordinator, NPA Myanmar, 18 March 2021; and UNICEF data from UNICEF presentation, "Mine action 2020: Summary of Results," May 2021.

ပြန်လည်ထူထောင်ရေး ဦးစီးဌာနက ၂၀၂၀ ခုနှစ်တွင် အန္တရာယ် ပညာပေးမှု အကျိုးခံစားရသူ စုစုပေါင်း (၁၀၉၁၈၀) ဦးကို မှတ်တမ်းတင်ခဲ့သည် (ကျား-ကလေး ၂၁၀၈၂၊ မ-ကလေး ၂၄၈၉၁၊ ကျား-လူကြီး ၂၆၇၀၅၊ မ-ကလေး ၃၆၅၀၂)၊ သို့သော် အချက်အလက်များမှာ အကျိုးခံစားရသူအဓိပ္ပာယ်ဖွင့်ဆိုချက်စံနှုန်း အတိုင်း ကောက်ယူထားခြင်း မဟုတ်ပါ။[၁၆၇] စုစုပေါင်း အရေအတွက်မှာ ၂၀၁၉ ခုနှစ်က မြန်မာနိုင်ငံတွင် ၂၈၀၀၀၀ ဦးထံ အကူအညီရောက်ရှိခဲ့ကြောင်း အစီရင်ခံချက်မှ လျော့ကျသွားခြင်းဖြစ်သည်။[၁၆၈] အထက်ပါဇယားမှ အကျိုးခံစားရသူအရေအတွက် စုစုပေါင်းများမှာ မြန်မာနိုင်ငံတွင် အန္တရာယ် ပညာပေးမှု ဆောင်ရွက်နေသူများမှ အချို့ကိုသာ ကိုယ်စားပြုသည်။

မြန်မာနိုင်ငံတွင် ၂၀၂၀ ခုနှစ်၌ ဆရာဖြစ်သင်တန်း အစီအစဉ်များမှတစ်ဆင့် အန္တရာယ်ပညာပေးမှု သင်တန်းရရှိသူမှာ (၁၁၆၀၀) ကျော် ရှိသည်။ HI က (၅၂) ဦး လေ့ကျင့်ပေးခဲ့ကာ HALO Trust က (၁၀၆၄၆) ဦး လေ့ကျင့်ပေးခဲ့ပြီး UNICEF က ကျွမ်းကျင်သူ (ဆရာ၊ဆရာမများ၊ လူမှုအကျိုးပြုလုပ်ငန်း လုပ်ကိုင်သူများနှင့် NGO ဝန်ထမ်းများ) (၉၈၈) ဦးကို အန္တရာယ် ပညာပေးမှု ဆောင်ရွက်နိုင်ရန် လေ့ကျင့်ပေးခဲ့သည်။[၁၆၉]

ICRC က ၂၀၂၀ ခုနှစ်တွင် အန္တရာယ်ပညာပေးမှုဖြင့် တိုက်ရိုက်အကျိုးခံစားရသူ (၁၆၀) ဦးထံ ရောက်ရှိခဲ့ပြီး ၎င်းတို့အနက် (၁၁၂) ဦးမှာ မသန်စွမ်းသူများဖြစ်ကြကြောင်း အစီရင်ခံသည်။[၁၇၀] HI က မသန်စွမ်းသူ ငါးဦးထံ ရောက်ရှိစေခဲ့ကြောင်းနှင့် UNICEF က မသန်စွမ်းသူ ကလေးငယ် (၆၅၆) ဦးထံ ရောက်ရှိစေခဲ့ကြောင်း အစီရင်ခံကြသည်။[၁၇၁]

၂၀၂၀ ခုနှစ်၊ ဩဂုတ်လအထိ အဖွဲ့အစည်း အနည်းဆုံး ခုနစ်ခုက မြို့နယ် (၈၂) ခု၊ ကျေးရွာအုပ်စု/မြို့ (၂၉၃) ခု၊ ရပ်ကွက်/ကျေးရွာ (၉၄၅) ခုနှင့် IDP စခန်း (၂၃) ခုတို့အနှံ့တွင် အန္တရာယ် ပညာပေးမှုကို အကောင်အထည်ဖော်ခဲ့ကြောင်း အစီရင်ခံကြသည်။ အန္တရာယ် ပညာပေးမှု ဆောင်ရွက်သူများသည် အများအားဖြင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် စုစည်းတည်ရှိကြသည်။[၁၇၂]

## ဦးတည်ရာအုပ်စုများ

IDP များ၊ နေရပ်ပြန်လာသူများနှင့် ပဋိပက္ခဒဏ်ခံရသူ လူထုသည် မြန်မာနိုင်ငံရှိ အန္တရာယ် ပညာပေးမှုအတွက် သိသာသော ဦးတည်ရာအုပ်စု ဖြစ်ကြသည်။ စခန်းများသို့ သို့မဟုတ် အိမ်ရှင်ရပ်ရွာများသို့ ရွှေ့ပြောင်းနေရသူများသည်လည်း သူတို့၏ မွေးမြူရေးလုပ်ငန်းများ၊ ပိုင်ဆိုင်မှုများနှင့် လယ်ယာများကို စစ်ဆေးရန်အတွက် သူတို့၏ မူလကျေးရွာများသို့ ပြန်လေ့ရှိကြသည်။ HI က ကချင်ပြည်နယ်ရှိ NSAG ထိန်းချုပ်နယ်မြေများတွင် IDP များမှ ဝင်ငွေနှင့် အသက်မွေးဝမ်းကြောင်းအလုပ်များအား IDP စခန်းများ၏ ပြင်ပတွင် ဆောင်ရွက်ကြကြောင်း အစီရင်ခံသည်။[၁၇၃] လူအများသည် မိုင်းပျံ့နှံ့မှုရှိနေဆဲဖြစ်သော တောအုပ်နှင့် တောင်ထူထပ်ရာ နေရာများရှိ အသက်မွေးဝမ်းကြောင်းအလုပ်များအပေါ် မှီခိုရလေ့ရှိသည်။[၁၇၄] အခြေအနေများစွာတွင် လုံခြုံမှုရှိသော နေရာနှင့် လုံခြုံမှု မရှိသော နေရာများနှင့် ပတ်သက်သည့် သတင်းအချက်အလက်မှာ ကင်းမဲ့လျက် ရှိပြီး အကြောင်းမှာ သတိပေး အမှတ်အသားများ မရှိခြင်းနှင့် မိုင်းပျံ့နှံ့ရာ နေရာအသစ်များနှင့် ပတ်သက်သည့် ဒေသတွင်းအသိ အကန့်အသတ်ရှိမှုကြောင့်ဖြစ်သည်။[၁၇၅]

ကလေးငယ်များအတွက်လည်း မိုင်း/ ERW အန္တရာယ်ရှိနေခဲ့ပြီး အထူးသဖြင့်  ပြန်လာ၍ ပြန်လည်အခြေချရာ နေရာများနှင့် ပဋိပက္ခ ဖြစ်ပွားရာနေရာများတွင် ဖြစ်သည်။ အချို့သော IDP စခန်းများတွင် အန္တရာယ်ပညာပေးမှု ဆောင်ရွက်ခြင်းကို အထောက်အပံ့ပြုနိုင်ရန်ကျောင်းဆရာလုံလောက်မှုမရှိခြင်းများဖြစ်ကာ၎င်းမှာအထူးသဖြင့်ကွာလှမ်းသောနေရာများ၌ဖြစ်ပြီးကလေးငယ်များအတွက် အန္တရာယ် ပညာပေးမှု အများစုကို ကျောင်းပြင်ပတွင် ဆောင်ရွက်ရသည်။[၁၇၆] မသန်စွမ်းသူ ကလေးငယ်များမှာလည်း ရောက်ရှိရန် ခဲယဉ်းပြီး အကြောင်းမှာ သူတို့ကို ရပ်ရွာအသိုက်အဝန်းများတွင် မမြင်ရတတ်ခြင်း သို့မဟုတ် သူတို့က သင်ကြားမှုများကို နားလည်ရန် ခဲယဉ်းခြင်းတို့ကြောင့် ဖြစ်သည်။[၁၇၇]

---

၁၆၇။ Response to Monitor questionnaire by Sithu Win, Deputy Director, Department of Rehabilitation, 19 March 2021.

၁၆၈။ Statement of Myanmar, Mine Ban Treaty Fourth Review Conference, Oslo, 25–29 November 2019.

၁၆၉။ Response to Monitor questionnaire by Michael Horita, Field Coordinator, HI Myanmar, 16 March 2021; by Geoff Moynan, Programme Manager, HALO Trust Myanmar, 4 March 2021; and UNICEF presentation, "Mine Action 2020: Summary of Results," May 2021.

၁၇၀။ Response to Monitor questionnaire by Bishnu Mahat, Weapon Contamination Coordinator, ICRC Myanmar, 31 August 2021.

၁၇၁။ Response to Monitor questionnaire by Michael Horita, Field Coordinator, HI Myanmar, 16 March 2021; and UNICEF presentation, "Mine Action 2020: Summary of Results," May 2021.

၁၇၂။ MIMU, "Countrywide Overview – MIMU 3W," May 2021; and UNICEF, "Mine Action in Myanmar Fact Sheet (as of 31st March 2020)," April 2020.

၁၇၃။ Response to Monitor questionnaire by Fabrice Vandeputte, Regional Programme Director, HI, 14 May 2020.

၁၇၄။ Response to Monitor questionnaire by Bishnu Mahat, Weapon Contamination Coordinator, ICRC Myanmar, 31 August 2021.

၁၇၅။ Responses to Monitor questionnaire by Bishnu Mahat, Weapon Contamination Coordinator, ICRC Myanmar, 15 May 2020 and 31 August 2021.

၁၇၆။ Response to Monitor questionnaire by Fabrice Vandeputte, Regional Programme Director, HI, 14 May 2020.

၁၇၇။ Response to Monitor questionnaire by Michael Horita, Field Coordinator, HI Myanmar, 16 March 2021.

အမျိုးသားများသည် အစာရေစာအတွက် သူတို့အိမ်များနှင့် ဝေးကွာသည့် ကွာလှမ်းရာနေရာများတွင် အမဲလိုက်ခြင်းနှင့် ဟင်းစားရှာရခြင်း စသော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ဆောင်ရွက်ရသဖြင့် မိုင်း/ ERW အန္တရာယ်ရှိသည်။ ထိုလုပ်ငန်းများကို စီးပွားရေးအရ လိုအပ်မှုကြောင့် ဆောင်ရွက်ရလေ့ရှိသည်။ အန္တရာယ်ပညာပေးမှုကို အမျိုးသားများထံ ရောက်ရှိစေရေးမှာ စိန်ခေါ်မှုရှိသော အလုပ်ဖြစ်ကြောင်း အစီရင်ခံကြပြီး အကြောင်းမှာ သူတို့သည် အန္တရာယ်ပညာပေးမှုအဖွဲ့များ၏ အလုပ်လုပ်ရန် သတ်မှတ်ထားချိန်များအတွင်း၌ သူတို့၏ ကျေးရွာပြင်ပသို့ ရောက်ရှိနေလေ့ရှိကြသောကြောင့် ဖြစ်သည်။[၁၇၈] MAG က အမျိုးသားများထံ ပိုမိုရောက်ရှိစေရေး အားထုတ်မှုတစ်ရပ်အနေဖြင့် အန္တရာယ်ပညာပေးမှုကို ညအချိန်နှင့် စနေ၊ တနင်္ဂနွေများတွင် ဆောင်ရွက်ခဲ့သည်။[၁၇၉]

မြန်မာနိုင်ငံရှိ ကွာလှမ်းသောနေရာများနှင့် အချို့သော တိုင်းရင်းသား လူနည်းစု အုပ်စုများထံ ရောက်ရှိရန်မှာ ခက်ခဲလျက်ရှိပြီး အကြောင်းမှာ လက်လှမ်းမီမှု အကန့်အသတ်များကြောင့်ဖြစ်ကာ အထူးသဖြင့် NSAG ထိန်းချုပ်နယ်မြေများတွင် ဖြစ်သည်။ နိုင်ငံတကာ NGO များက ဒေသခံ မိတ်ဖက်များနှင့်ချိတ်ဆက်ခြင်းဖြင့် ကွာလှမ်းသော ရပ်ရွာအသိုက်အဝန်းများသို့ ပိုမိုရောက်ရှိအောင် ဆောင်ရွက်သည်။ အန္တရာယ် ပညာပေးမှု ဝန်ထမ်းများသည် ဒေသခံဘာသာစကားများစွာကို ကျွမ်းကျင်နေရန် လိုအပ်ပြီး ဒေသိယ စကားနှင့် သင်ထောက်ကူ ပစ္စည်းများမှာလည်း ဘာသာစကားဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ ကွာဟချက်များကို ထင်ဟပ်ရန် လိုသည်။[၁၈၀] HI က ကချင်ဘာသာ စကားဖြင့် ရေဒီယိုသတင်းစကားများ ပြုစုခြင်းဖြင့် ထိုနေရာမှ ရပ်ရွာအသိုက်အဝန်း များထံသို့ ရောက်ရှိစေသည်။[၁၈၁]

## သင်ကြားမှု နည်းလမ်းများ

မြန်မာနိုင်ငံတွင် ဆောင်ရွက်သူများသည် အန္တရာယ်ပညာပေးမှုကို တခါတရံတွင် နည်းပညာမပါ အလွတ်သဘော စစ်တမ်းကောက်ယူမှုနှင့် ပေါင်းစပ်သော်လည်း မိုင်းရှင်းလင်းရန် ခွင့်ပြုချက်မရသည့်အလျောက် လှုပ်ရှားမှုတစ်ခုသပ်သပ်အဖြစ် ဆောင်ရွက်ရသည်။ ဖြစ်ပွားနေဆဲ ဖြစ်သည့် ပဋိပက္ခများ၏ သက်ရောက်မှုကို ခံစားရသည့် နေရာများတွင် အန္တရာယ်ပညာပေးမှုကို ဒေသခံ မိတ်ဖက်အဖွဲ့အစည်းများမှတစ်ဆင့် ဆောင်ရွက်သည်။

၂၀၁၆ ခုနှစ်တွင် ယေဘုယျ မိုင်းအန္တရာယ်ပညာပေးမှုသင်ရိုးကို ကွင်းဆင်းစမ်းသပ်ပြီး ထို့နောက် ၂၀၁၇ ခုနှစ်တွင် အစိုးရက ခွင့်ပြုချက် ပေးခဲ့သည်။ DCA နှင့် UNICEF တို့ကလည်း အဆိုပါသင်ရိုး၏ တစ်စိတ်တစ်ပိုင်းအဖြစ် အက်ပ်တစ်ခုကို ၂၀၁၇ ခုနှစ်တွင် ဖန်တီးကာ ၎င်းမှာ DCA၊ UNICEF နှင့် MRWG တို့မှ MoSWRR ၏ အကူအညီဖြင့် ပူးပေါင်းဖန်တီးခဲ့ခြင်း ဖြစ်သည်။၁၈၂ မိုင်းအန္တရာယ်ပညာပေးမှုသင်ရိုးကို UNICEF က ၂၀၁၉-၂၀၂၀ တွင် ပြန်လှန်သုံးသပ်ပြီး ပြင်ဆင်ခဲ့သည်။[၁၈၃]

မြန်မာနိုင်ငံတွင် အန္တရာယ် ပညာပေးမှုဆောင်ရွက်ခြင်းအတွက် မျက်နှာစုံညီသင်တန်းများသည် ပုံနှိပ်ထားသော သင်ထောက်ကူပစ္စည်းများ ဖြန့်ဝေမှုနှင့်အတူ အဓိက နည်းလမ်း ဖြစ်နေသေးသည်။[၁၈၄] HI က ကလေးငယ်များအပါအဝင် မသန်စွမ်းသူများ အားလုံးအကျုံးဝင်စေရေးအတွက် ရိုးရှင်းပြီး ရှင်းလင်းသော ဘာသာစကား၊ လက်လှမ်းမီနိုင်သော စာလုံးပုံစံနှင့်အရောင်များ၊ ထို့အပြင် ရေဒီယိုထုတ်လွှင့်မှုများမှ သတင်းစကားဖြန့်ချိခြင်းတို့ဖြင့် အန္တရာယ်ပညာပေးမှု သင်ထောက်ကူပစ္စည်းများကို ပြုစုနေခဲ့သည်။[၁၈၅]

၂၀၂၀ ခုနှစ်တွင် MAG ကို ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ဆရာဖြစ်သင်တန်းအစီအစဉ်များနှင့် စွမ်းဆောင်ရည် အထောက်အပံ့များ ဆောင်ရွက်ရန်၊ NGO (၁၄) ခုအား သူတို့၏ လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများတွင် အန္တရာယ်ပညာပေးမှုကို ပေါင်းစပ်ထည့်သွင်းရာ၌ ကူညီရန်တို့အတွက် ဥရောပသမဂ္ဂ (EU) ရန်ပုံငွေဖြင့် လှုပ်ရှားသည့် ခိုင်မာသော ငြိမ်းချမ်းရေးအစီအစဉ်မှ ကန်ထရိုက်ပေးခဲ့သည်။ မိတ်ဖက်အေဂျင်စီများက သူတို့၏စွမ်းဆောင်ရည်အပေါ် အခြေခံလျက် အန္တရာယ်ပညာပေးမှု လှုပ်ရှားမှုများကို တွဲဖက်ပုံစံချပေးခဲ့ကာ MAG ဝန်ထမ်းများက သင်တန်းပေးခြင်း၊ အစီအစဉ်ချမှတ်ခြင်းနှင့် သင်ထောက်ကူပစ္စည်းများနှင့် ပတ်သက်၍ အထောက်အပံ့ပေးခြင်းနှင့် အရည်အသွေး အာမခံခြင်းများကို ဆောင်ရွက်သည်။[၁၈၆]

---

၁၇၈။ Response to Monitor questionnaire by Kyaw Kyaw Oo, Operations Coordinator, NPA Myanmar, 18 March 2021.

၁၇၉။ Response to Monitor questionnaire by Bekim Shala, Country Programme Manager, MAG Myanmar, 25 May 2020.

၁၈၀။ Response to Monitor questionnaire by Geoff Moynan, Programme Manager, HALO Trust Myanmar, 27 April 2020.

၁၈၁။ Response to Monitor questionnaire by Michael Horita, Field Coordinator, HI Myanmar, 16 March 2021.

၁၈၂။ GICHD, ''Review of New Technologies and Methodologies for Explosive Ordnance Risk Education (EORE) in challenging contexts,'' August 2020.

၁၈၃။ Response to Monitor questionnaire by Sithu Win, Deputy Director, Department of Rehabilitation, 11 March 2021.

၁၈၄။ Response to Monitor questionnaire by Geoff Moynan, Programme Manager, HALO Trust Myanmar, 27 April 2020; by Bekim Shala, Country Programme Manager, MAG, 25 May 2020; by Michael Hortia, Field Coordinator, HI Myanmar, 16 March 2021; and by Bishnu Mahat, Weapon Contamination Coordinator, ICRC Myanmar, 31 August 2021.

၁၈၅။ Response to Monitor questionnaire by Fabrice Vandeputte, Regional Programme Director, HI, 14 May 2020.

၁၈၆။ Response to Monitor questionnaire by Bekim Shala, Country Programme Manager, MAG Myanmar, 25 May 2020.

မြန်မာနိုင်ငံ၌ အချို့နေရာများတွင် ကျောင်းဆရာများက အန္တရာယ်ပညာပေးမှု လေ့ကျင့်သင်တန်းများ ရရှိကြသော်လည်း အန္တရာယ် ပညာပေးမှုကို အမျိုးသားအဆင့် သင်ရိုးညွှန်းတမ်းတွင် ပေါင်းစပ်ထည့်သွင်းထားခြင်း မရှိခဲ့ပါ။ သို့သော် ICRC က ၂၀၂၁ ခုနှစ်တွင် အစီရင်ခံ တင်ပြသည်မှာ ကျောင်းသင်ရိုးညွှန်းတမ်းတွင် အန္တရာယ်ပညာပေးမှု ပေါင်းစပ်ထည့်သွင်းရန် လုပ်ငန်းစဉ်တစ်ခုကို ဆောင်ရွက်လျက် ရှိပြီဟူ၍ ဖြစ်သည်။[၁၈၇]

HI သည် ၂၀၂၀ ခုနှစ်တွင် ကချင်ပြည်နယ်ရှိ အစိုးရထိန်းချုပ်နယ်မြေများနှင့် NSAG ထိန်းချုပ်နယ်မြေများ နှစ်ခုလုံးရှိ IDP စခန်းများ၌ အန္တရာယ်ပညာပေးမှု စီမံကိန်းတစ်ခုကို စတင်အကောင်အထည်ဖော်ခဲ့သည်။ ၎င်းတွင် ကချင်နှစ်ခြင်းအသင်းတော်နှင့် လိုအပ်နေသူ များအဖွဲ့ တို့နှင့် မိတ်ဖက်လျက် ကျောင်းဆရာများအား ဆရာဖြစ်သင်တန်းပေးခြင်း အစီအစဉ်တစ်ခု ပါဝင်ခဲ့သည်။[၁၈၈] ICRC နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့က အန္တရာယ်ပညာပေးမှု လေ့ကျင့်သင်တန်းပေးခြင်းကို ကျောင်းဆရာများနှင့် အခြားသော အစိုးရ ဝန်ထမ်းများအတွက် ဆောင်ရွက်ခဲ့သည်။[၁၈၉]

HI က ရပ်ရွာတွင်း အန္တရာယ်ပညာပေးမှု စေတနာ့ဝန်ထမ်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများကို မသန်စွမ်းမှုဆိုင်ရာ အသိပညာနှင့် အားလုံးအကျုံးဝင်သော အသက်မွေးမှုများနှင့် ပတ်သက်၍ လေ့ကျင့်သင်တန်းပေးခဲ့သည်။[၁၉၀] ICRC က NSA ထိန်းချုပ်နယ်မြေများရှိ ရပ်ရွာ အသိုက်အဝန်းများမှ အန္တရာယ်ပညာပေးမှု စေတနာ့ဝန်ထမ်းများကို လေ့ကျင့်သင်တန်းပေးခဲ့ပြီး IDP စခန်းများနှင့် ပဋိပက္ခဒဏ်ခံရသော ကျေးရွာများတွင် အန္တရာယ်ပညာပေးမှု ဆောင်ရွက်နိုင်ရန်အတွက်ဖြစ်သည်။[၁၉၁]

ဆောင်ရွက်သူများက ကျေးရွာသားများအား မိုင်း/ ERW များကို ဒေသဆိုင်ရာ အာဏာပိုင်များထံ သတင်းပို့ရန် အားပေးသည်။[၁၉၂]

## ၂၀၂၀ ခုနှစ်အတွင်း အန္တရာယ်ပညာပေးမှု၏ အဓိက ဖွံ့ဖြိုးတိုးတက်မှုများ

၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလတွင် HALO Trust က ရခိုင်လူမျိုးစုကွန်ဂရက်မှ ဝန်ထမ်းများကို အန္တရာယ်ပညာပေးမှုနှင့် ရှေးဦးသူနာပြုနည်း ဆိုင်ရာများ သင်တန်းပေးခြင်းဖြင့် ၎င်းတို့အား ရခိုင်ပြည်နယ်ရှိ ပဋိပက္ခဒဏ်ခံရသော ရပ်ရွာအသိုက်အဝန်းများဆီသို့ အသိပညာ ဖြန့်ဝေနိုင်စေသည်။[၁၉၃]

၂၀၂၀ ခုနှစ်တွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါနှင့် ပတ်သက်သော ကန့်သတ်ချက်များအကြား၌ ဆောင်ရွက်သူများက ရုပ်မြင်သံကြားနှင့် Facebook ကဲ့သို့ လူမှုကွန်ရက်ဆိုက်များကို အသုံးပြုလျက် အန္တရာယ်ပညာပေးမှု သတင်းစကားများ ပေးခဲ့သည်။[၁၉၄] NPA က အဝေးမှ ဒစ်ဂျစ်တယ်နည်းဖြင့် အန္တရာယ်ပညာပေးမှုအချို့ကို ဆောင်ရွက်ခဲ့သည်။ သို့သော် ၂၀၂၁ ခုနှစ်တွင် မျက်နှာစုံညီ သင်တန်းများ ပြန်လည် စတင်ရန် စီစဉ်ထားသည်။[၁၉၅] HI က ရေဒီယိုလိုင်းသုံးခု (ဗန်းမော် ဒိုင်အိုစီ၊ လာရှိုး ဒိုင်အိုစီနှင့် မြစ်ကြီးနား ဒိုင်အိုစီ) နှင့် လူမှုကွန်ရက် ပလက်ဖောင်းသုံးခု (Facebook၊ WeChat နှင့် Viber) တို့မှတစ်ဆင့် အန္တရာယ်ပညာပေးမှု ဆောင်ရွက်ခဲ့သည်။[၁၉၆] DRC က Facebook၊ Messenger၊ Skype နှင့် Viber စသည့် ပလက်ဖောင်းများတွင်ရယူနိုင်သော အွန်လိုင်း အန္တရာယ်ပညာပေးမှု သင်ခန်းစာများကို ဖန်တီးခဲ့သည်။[၁၉၇] ICRC က ရေဒီယိုလိုင်းများ၊ ရုပ်မြင်သံကြားနှင့် သတင်းအေဂျင်စီ တစ်ခုမှတစ်ဆင့် အန္တရာယ် ပညာပေးမှု သတင်းစကားများ ပေးခဲ့သည်။[၁၉၈]

၂၀၂၀ ခုနှစ်၊ ဩဂုတ်လတွင် HALO Trust က မွမ်းမံပြင်ဆင်ထားသော သင်ခန်းစာများကို တစ်ကိုယ်ရည်သန့်ရှင်းမှုပစ္စည်းများ ပေးအပ်မှုရရှိနေသည့် အိမ်ထောင်စုများ၌ ပေးရန် စတင်လုပ်ဆောင်ခဲ့သည်။[၁၉၉]

HI သည် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကာလအတွင်း ချမှတ်ထားသည့် ရောက်ရှိနိုင်မှုဆိုင်ရာ ကန့်သတ်ချက်များကြောင့် ရပ်ရွာအသိုက်အဝန်းများအတွင်း သူတို့၏ အန္တရာယ်ပညာပေးမှု စီမံကိန်းများအနက် တစ်ခုကို အပြည့်အဝ မဆောင်ရွက်နိုင်ဘဲ ရှိခဲ့သည်။[၂၀၀]

---

၁၈၇။ Response to Monitor questionnaire by Bishnu Mahat, Weapon Contamination Coordinator, ICRC Myanmar, 31 August 2021.
၁၈၈။ Minutes of VATG meeting, 13 March 2020.
၁၈၉။ Response to Monitor questionnaire by Bishnu Mahat, Weapon Contamination Coordinator, ICRC Myanmar, 31 August 2021.
၁၉၀။ Response to Monitor questionnaire by Michael Horita, Field Coordinator, HI Myanmar, 16 March 2021.
၁၉၁။ Response to Monitor questionnaire by Bishnu Mahat, Weapon Contamination Coordinator, ICRC Myanmar, 31 August 2021.
၁၉၂။ Response to Monitor questionnaire by Liam Harvey, Head of Programme, DRC Myanmar, 26 August 2021.
၁၉၃။ Response to Monitor questionnaire by Geoff Moynan, Programme Manager, HALO Trust Myanmar, 27 April 2020.
၁၉၄။ Response to Monitor questionnaire by Sithu Win, Deputy Director, Department of Rehabilitation, 11 March 2021.
၁၉၅။ Response to Monitor questionnaire by Kyaw Kyaw Oo, Operations Coordinator, NPA Myanmar, 18 March 2021.
၁၉၆။ Response to Monitor questionnaire by Michael Hortia, Field Coordinator, HI Myanmar, 16 March 2021.
၁၉၇။ DDG, ''Virtual Mine Risk Education in Myanmar,'' 10 June 2020.
၁၉၈။ Response to Monitor questionnaire by Bishnu Mahar, Weapon Contamination Coordinator, ICRC Myanmar, 31 August 2021.
၁၉၉။ Response to Monitor questionnaire by Geoff Moynan, Programme Manager, HALO Trust Myanmar, 4 March 2021.
၂၀၀။ Response to Monitor questionnaire by Michael Horita, Field Coordinator, HI Myanmar, 16 March 2021.

၂၀၂၀ ခုနှစ်တွင် လက်နက်ကိုင် ပဋိပက္ခအတွင်း နေရာရွှေ့ပြောင်းရမှုကို တုံ့ပြန်သည့်အနေဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း၌ အရေးပေါ် အန္တရာယ်ပညာပေးမှု သင်ခန်းစာများကို ကျင်းပခဲ့သည်။[၂၀၁]

## မိုင်းရှင်းလင်းထားသော ဧရိယာများကို အမှတ်အသားပြုခြင်း

တပ်မတော်မှ မြန်မာနိုင်ငံအတွင်း မိုင်းများမြှုပ်ထားသည်ဟု သိရှိထားသော နေရာများကို သတိပေးအမှတ်အသားများပြုလုပ်ထားခြင်း စည်းရိုးကာရံထားခြင်းများ ပြုလုပ်ဆောင်ရွက်ထားသော်လည်း ၎င်းကဲ့သို့ ဆောင်ရွက်ထားရှိမှုမှာ မည်သည့်အတိုင်းအတာထိ စနစ်တကျရှိသည်ကိုမူ မသိရပါ။[၂၀၂]

## ထိခိုက်နစ်နာသူ အကူအညီပေးရေး

**ထိခိုက်နစ်နာသူ အကူအညီပေးရေး ဆောင်ရွက်သူများ[၂၀၃]**

| အဖွဲ့အစည်း အမျိုးအစား | အဖွဲ့အစည်း အမည် | ဆောင်ရွက်မှု အမျိုးအစား |
|---|---|---|
| **အစိုးရ** | လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန (လူကယ်ပြန်) | လူမှုစီးပွားရေး အကူအညီ၊ ပြန်လည်နေရာချထားရေး လုပ်ငန်းများ၊ သက်ကြီး မသန်စွမ်း (မိုင်းထိပြီး/ERW အသက်ရှင်ကျန်ရစ်သူ)<br>သက်မွေးဝမ်းကျောင်းပညာသင်တန်းကျောင်း၊ |
| | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန (ကျန်း/အား) (MoHS) | ခြေတုလက်တုဌာနများနှင့် အရိုးအထူးကုဆေးရုံ နှစ်ရုံ |
| | ကာကွယ်ရေး ဝန်ကြီးဌာန (MoD) | ခြေတုလက်တု ကိရိယာများကို ဌာနသုံးခုမှ ဖြည့်ဆည်းပေးခြင်း |
| **နိုင်ငံတော်အဆင့်** | နုဒေါ်မြရီ ဖောင်ဒေးရှင်း | ရန်ကုန်ရှိ ခြေတုလက်တု အလုပ်ရုံစခန်းများ၊ အိန္ဒိယနိုင်ငံမှ Jaipur Foot နှင့် တွဲဖက်ဆောင်ရွက်သည် |
| | ပြည်တွင်း ရွှေ့ပြောင်းနေထိုင်ရသူ ကရင်လူမျိုးများကော်မတီ | ကရင်ပြည်နယ် ဖာပွန်မြို့ရှိ ကို့ကေး ခြေတုလက်တု ထုတ်လုပ်ရေး |
| | ကရင် ကျန်းမာရေးနှင့် လူမှုဖူလုံရေး ဌာန | ရှေးဦးသူနာပြု အကူအညီနှင့် ခြေလက်အင်္ဂါဖြတ်တောက်ရေး ခွဲစိတ်မှုများ |

၂၀၁။ Response to Monitor questionnaire by Geoff Moynan, Programme Manager, HALO Trust, 4 March 2021; and HALO Trust, "Latest: Keeping families safe in Myanmar," undated.

၂၀၂။ Monitor interview with photojournalist accompanying Tatmadaw clearance engineers in Kayin state in August 2015. Signs were placed near a site of armed conflict between a Democratic Karen Buddhist Army (DKBA) splinter group and the Tatmadaw in Hlaing-Bwe township during reported clearance. The photographer provided an image of the signs to the Monitor on 3 August 2018, and said the truck in which he traveled with the Tatmadaw had many mine warning signs. In November 2018, in eastern Bago region, after a mine incident near a school in Tha Pyay Nyunt village, Tatmadaw soldiers from Light Infantry Battalion 8/53 fenced the area to make it inac cessible. KHRG, "KHRG Submission to Landmine Monitor," September 2019.

၂၀၃။ AAR-Japan, "Where we work: Myanmar," undated; Exceed Worldwide, "The Myanmar School of Prosthetics and Orthotics: MSPO," undated; The Leprosy Mission International, "Myanmar," undated; HI, "Country Card: Myanmar," updated September 2020; World Education Myanmar Facebook page; and ICRC, "Annual Report 2020," 1 July 2021, p. 363.

| | | |
|---|---|---|
| | ကရင်နီ ကျန်းမာရေးလုပ်သားများ အဖွဲ့အစည်း | ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ခြေတုလက်တု ထုတ်လုပ်ရေး လုပ်ငန်း |
| | ကရုဏာ မစ်ရှင် လူမှုရေးဦးညွှတ်မှု အသင်း | အသက်ရှင်ကျန်သူများအား ရှေးဦးသူနာပြု အကူအညီနှင့် ချက်ချင်း အကူအညီပေးရေး |
| | မြန်မာ့မသန်စွမ်းသူများအသင်း | မသန်စွမ်းသူများ၏ အခွင့်အရေးကို အရေးဆိုခွင့်၊ အထောက်အကူပြု ကိရိယာများ ထုတ်လုပ်ခြင်း၊ အလုပ်အကိုင်အားဖြင့် စီးပွားရေးလုပ်ကိုင်ခွင့်ကို အားပေးခြင်း |
| **နိုင်ငံတကာအဆင့်** | Association for Aid and Relief Japan (AAR-Japan)<br><br>ဂျပန် အကူအညီပေးရေးနှင့် ကယ်ဆယ်ရေးအသင်း | သက်မွေးပညာသင်ကြားရေး၊ ညွှန်းပို့ခြင်း၊ အသက်မသေ ကျန်ရစ်သူများ၏ အခွင့်အရေးကို အရေးဆိုခွင့် |
| | Exceed Worldwide | ရန်ကုန် အမျိုးသား ပြန်လည်သန်စွမ်းရေး ဆေးရုံရှိ ခြေတုလက်တု အလုပ်ရုံတွင် လုပ်ငန်းများ ဆောင်ရွက်နေသည်။ မြန်မာခြေတုလက်တု ကျောင်းနှင့် မန္တလေးရှိ ခြေတုလက်တု အလုပ်ရုံတစ်ခုတို့ကို ငွေကြေးပံ့ပိုးသည်။ |
| | Leprosy Mission–Myanmar | ပြန်လည်သန်စွမ်းရေးနှင့် ခြေတုလက်တု |
| | Humanity & Inclusion (HI) | ထိခိုက်ခံစားရသူများနှင့် စပ်လျဉ်း၍ ရပ်ကျေးအဆင့် အချက်အလက်ကောက်ယူမှု၊ ဝန်ဆောင်မှုများကို ရယူနိုင်မှုနှင့် အတားအဆီးများကို မြေပုံရေးဆွဲခြင်း၊ အကဲဖြတ် ဆန်းစစ်ချက်နှင့် ညွှန်းပို့ခြင်း၊ လူမှုစိတ်ပညာဆိုင်ရာ အထောက်အကူပြုမှု၊ လူမှုစီးပွားရေးတွင် ပါဝင်နိုင်ခွင့်၊ ရွေ့လျားသွားလာရေး ကိရိယာများ ပြုပြင်ရေး၊ အသက်မသေ ကျန်ရစ်သူများနှင့် ထိခိုက်ခံစားရသူများ၏ လိုအပ်ချက်များအတွက် အရေးဆိုပိုင်ခွင့်၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းမှ စွမ်းရည်မြှင့်သင်တန်းများ |
| | World Education | ကိုယ်ကာယ ပြန်လည်သန်စွမ်းရေး။ ။ စီးပွားရေးတွင် ပါဝင်လုပ်ကိုင်နိုင်ခွင့်၊ ဆေးဝါးကုသရေးနှင့် သက်မွေးမှုဆိုင်ရာ ငွေကြေးထောက်ပံ့မှုများကို ရရှိနိုင်ခွင့်၊ အသက်မသေ ကျန်ရစ် သူများနှင့် ထိခိုက်ခံစားရသူများ၏ လိုအပ်ချက်များအတွက် အရေးဆိုပိုင်ခွင့် |
| | နိုင်ငံတကာကြက်ခြေနီကော်မတီ(ICRC) / မြန်မာနိုင်ငံကြက်ခြေနီအသင်း | ပြန်လည်သန်စွမ်းရေးစင်တာ ငါးခုကို ပံ့ပိုးခြင်း။ ။ စင်တာတစ်ခုမှာ ဖားအံ့မြို့ရှိ မြန်မာနိုင်ငံကြက်ခြေနီ အသင်း၏ အောက်တွင်ရှိသည်။ သုံးခုမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ကျိုင်းတုံ(ရှမ်းပြည်နယ်အရှေ့ပိုင်း)၊ မန္တလေးနှင့် မြစ်ကြီးနားမြို့ (ကချင်ပြည်နယ်)တို့တွင် ရှိသည်။ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် ခြေတုလက် တု အလုပ်ရုံတစ်ခု ရှိသည်။ |

| | | |
|---|---|---|
| | ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) | စစ်ဒဏ်ခံခဲ့ရသူများနှင့် မိုင်းထိပြီး အသက်မသေကျန်ခဲ့ကြသူများအတွက် သွားလာသယ်ယူပို့ဆောင်ရေး စရိတ်အပါအဝင် ဆေးဝါးကုသမှုစရိတ်နှင့် ပြန်လည်သန်စွမ်းရေး၊ သက်မွေးမှုအစီအစဉ်များအားဖြင့် စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ခွင့်ရှိရေးတို့အတွက် ငွေရေးကြေးရေး ထောက်ပံ့မှု |

မှတ်ချက် - ERW = ပေါက်ကွဲစေတတ်သော စစ်ကျန်ပစ္စည်း၊

**လိုအပ်ချက်ဆန်းစစ်မှု**

၂၀၂၀ ခုနှစ် မေလတွင် HI မှ မသန်စွမ်းသူများအပေါ် ကိုဗစ်-၁၉ ရောဂါ၏ အကျိုးသက်ရောက်မှုကို လေ့လာဆန်းစစ်မှုတစ်ရပ်အား တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းမှုကို အဓိကထားပြီး ဆောင်ရွက်ပြုလုပ်ခဲ့သည်။ လေ့လာဆန်းစစ်မှုမှ ပေါ်ထွက်လာသော ဦးစားပေး ဆောင်ရွက်ရန် လုပ်ငန်းများမှာ ကိုဗစ်၁၉ ရောဂါကာကွယ်ရေး သတိရှိရန်၊ အစားအစာနှင့် အစားအစာ မဟုတ်သော အခြားပစ္စည်းများ (သန့်ရှင်းရေးပစ္စည်းများ အပါအဝင်)၊ ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရေးအတွက် ပစ္စည်းများ (ဥပမာ တယ်လီဖုန်း ကတ်များ)နှင့် ဘေးအန္တရာယ်ကင်းရှင်းသော ဝန်ဆောင်မှုများ ရရှိနိုင်ရေးတို့ ဖြစ်သည်။ မြန်မာ့ မသန်စွမ်းသူများအစည်းအရုံးမှ ဤဦးစားပေးဆောင်ရွက်ရန် လုပ်ငန်းများကို ဦးဆောင်ပြီး အကောင်အထည်ဖော်ရန်ဖြစ်သည်။[၂၀၄]

**ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပြန်လည်နေရာချထားရေး**

မြန်မာနိုင်ငံတွင် ပြင်းထန်ထိခိုက်ဒဏ်ရာရရှိမှုများမှာ ကျန်းမာရေးချို့ယွင်းမှု၏ အဓိကအကြောင်းရင်းဖြစ်ပြီး သေဆုံးရခြင်းအကြောင်းရင်းများတွင် တတိယအများဆုံးဖြစ်သည်။ မြန်မာနိုင်ငံတွင် အရေးပေါ်ကုသမှုနှင့် ပတ်သက်၍ လေ့ကျင့်သင်ကြားထားသော ဆရာဝန်များမှာ နည်းပါးလျက်ရှိသည့်အပြင် ၎င်းတို့မှာ ကျေးလက်ဒေသများတွင် အများအားဖြင့် မရှိကြပါ။ ယင်းဒေသများတွင် မိုင်းထိလူနာများနှင့် စစ်ကျန်ပေါက်ကွဲစေတတ်သော လက်နက်များ ထိခိုက်ခြင်းခံရသော လူနာများကို ဆေးရုံသို့ပို့ဆောင်စဉ် ပြုစုစောင့်ရှောက်ရန် လူနာတင်ယာဉ်များလည်း မရှိကြပါ။ မြန်မာနိုင်ငံရှိ အဓိကမြို့ကြီးသုံးမြို့ရှိ ကျန်းမာရေးဌာနများ၌ အရေးပေါ် အခြေအနေတွင် တုန့်ပြန်ဆောင်ရွက်ရန် လုံလောက်သော အခြေအနေတွင် မရှိကြပါ။ မန္တလေး၊ နေပြည်တော်နှင့် ရန်ကုန်မြို့များတွင် တစ်မြို့လျှင် အရေးပေါ်လူနာကုသခန်း တစ်ခန်းသာရှိသည်။[၂၀၅]

မြန်မာနိုင်ငံရှိ မသန်စွမ်းသူများ အထူးသဖြင့် ကျေးလက်ဒေသတွင် နေထိုင်ကြသော မသန်စွမ်းသူများအတွက် ပြန်လည်ကျန်းမာသန်စွမ်းရေး ဝန်ဆောင်မှုလုပ်ငန်းများကို များသောအားဖြင့် မရရှိတတ်ကြပါ။ လက်ရှိ ကိုယ်ကာယ ပြန်လည်သန်စွမ်းရေးဌာနများမှာ အမှန်တကယ်လိုအပ်ချက်၏ ၁၀ ရာခိုင်နှုန်းကိုသာ ဖြည့်ဆည်း ပေးနိုင်သည်။ ကျန်းမာရေးဌာန အများစုမှာ မြို့ကြီးများ၌သာ ရှိကြပြီး သွားလာရေးစရိတ်စကများမှာ အပန်းအတားဖြစ်စေသည်။[၂၀၆]

ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကိုယ်ခန္ဓာပြန်လည်သန်စွမ်းရေးတို့ ကို ပံ့ပိုးကူညီရေးနှင့် လက်လှမ်းမီရေးတို့မှာ ၂၀၂၀ တွင် ကိုဗစ်-၁၉ ကူးစက် ရောဂါကြောင့် အကန့်အသတ်များ ရှိလာသည်။ ကိုဗစ်-၁၉ ကူးစက်ခံရသူ အရေအတွက် များပြားလာခြင်းက မိုင်းထိလူနာများအဖို့ ဆေးရုံများတွင် ကုသမှုခံယူရေးအတွက် အခက်အခဲများ ဖြစ်လာသည်။ များသောအားဖြင့် ပြင်ပလူနာများကိုသာ လက်ခံ ကုသပေးလေ့ရှိပြီး ဆေးရုံပြရန်အတွက် ကြိုတင် ချိန်းဆိုရသည်။[၂၀၇]

၂၀၂၁-ဖေဖော်ဝါရီလတွင် တပ်မတော်မှ အာဏာသိမ်းပြီးနောက်တွင် ကျန်းမာရေးဝန်ထမ်းများနှင့် ဆရာ-ဆရာမများက နိုင်ငံတွင်း အာဏာဖီဆန်ရေးလှုပ်ရှားမှုများတွင် ပါဝင်လာကြခြင်းကြောင့်/လည်းကောင်း နှင့်/သို့မဟုတ် စစ်ကောင်စီမှ ဖိနှိပ်မှုများကြောင့်/လည်းကောင်း မြန်မာနိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှုစနစ်မှာ ကြီးမားသော အတိုင်းအတာဖြင့် ပြိုလဲပျက်စီးသွားခဲ့သည်။ အာဏာသိမ်းပြီး ခြောက်လအတွင်း မြန်မာနိုင်ငံအတွင်း ဆေးဝန်ထမ်းများ သို့မဟုတ် ဆေးရုံဆေးခန်းများကို တိုက်ခိုက်မှုပေါင်း (၂၅၀) ထက်မနည်း ရှိခဲ့ကြောင်း မှတ်တမ်းတင်ထားခဲ့ကြသည်။[၂၀၈] အသွားအလာ ကန့်သတ်မှုများနှင့် အကြမ်းဖက်မှုကို ထိတ်လန့်ကြောက်ရွံ့မှုတို့က ဆေးရုံဆေးခန်းများတွင် အကူအညီ ရယူနေကြသော အများပြည်သူအတွက် အတားအဆီးများ ဖြစ်လာသည်။

---

၂၀၄။ Responses to Monitor questionnaire by Michelle Yesudas, Humanitarian Policy and Advocacy Adviser, and Nyo Nyo Thaw and Sye Thoung, Project Managers, HI, 18 May 2021.

၂၀၅။ Susan Becker, "Progress towards health systems strengthening in Myanmar," Journal of Global Health Reports, Vol. 2, 30 March 2018.

၂၀၆။ ICRC, "Physical Rehabilitation Programme: 2018 Annual Report," 2019, p. 45.

၂၀၇။ Responses to Monitor questionnaire by Michelle Yesudas, Humanitarian Policy and Advocacy Adviser, and Nyo Nyo Thaw and Aye Thoung, Project Managers, HI, 18 May 2021.

၂၀၈။ Physicians for Human Rights, "At Least 252 Reported Attacks and Threats to Health Care in Myanmar During Six Months of Military's Crackdown," 10 August 2021.

၂၀၂၀ တွင် အိုင်စီအာစီနှင့် အိပ်ချ်အိုင်တို့မှ မြန်မာနိုင်ငံတွင်းရှိ ကိုယ်ကာယပြန်လည်သန်စွမ်းရေးဌာနများကို ထောက်ပံ့ကူညီခဲ့ပြီး မိုင်းထိလူနာ အကူအညီပေးရေး စင်တာတစ်ခုကို မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းမှ ထောက်ပံ့ကူညီပေးခဲ့သည်။[၁၉၉]

ICRC က ကိုယ်ကာယ ပြန်လည်သန်စွမ်းရေး ပရောဂျက်ကိုးခုကို ထောက်ပံ့ကူညီပေးခဲ့ပြီး စင်တာငါးခုမှာ အိုင်စီအာစီ၏ ပုံမှန် ထောက်ပံ့ကူညီမှုကို ရရှိနေခဲ့သည်။ ၂၀၂၀ တွင် မြန်မာနိုင်ငံရှိ မိုင်းထိသူနှင့် စစ်ကျန်ပေါက်ကွဲစေတတ်သော လက်နက်များကြောင့် ထိခိုက်မှုကို ခံစားခဲ့ကြရသောသူ စုစုပေါင်း (၂၉၈) ဦးကို ပြန်လည်သန်စွမ်းရေး ဆောင်ရွက်ပေးနိုင်ခဲ့သည်။[၂၀၀] ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ တွင် အစိုးရက ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် ခြေတုလက်တု အလုပ်ရုံတစ်ခုကို ဖွင့်လှစ်ရန် အတည်ပြု ပေးခဲ့သည်။ ၎င်းအစီအစဉ်တွင် အထောက်အကူပြုကိရိယာများကို ပြုပြင်ပေးရန် ရွေ့လျားအလုပ်ရုံတစ်ခု ပါဝင်ပြီး ဝေးလံခေါင်ဖျားသော နေရာများတွင် နေထိုင်ကြသူများကို အကူအညီပေးနိုင်ရန် ရွေ့လျားပညာသည်များ ပါဝင်သော ကွန်ရက်တစ်ခုလည်း ပါဝင်သည်။ အိုင်စီအာစီအနေဖြင့် တတိယမြောက် စင်တာ တစ်ခုအတွက် ခြေတုထုတ်လုပ်ရေးအတွက် ကုန်ကြမ်းအကူအညီများပေးရန်အတွက် လမ်းပန်းဆက်သွယ်ရေး သွားလာရေး အခက်အခဲများ ရှိခဲ့သော်လည်း ကိုယ်ကာယ ပြန်လည်သန်စွမ်းရေး စင်တာနှစ်ခုတွင် ခြေတုထုတ်လုပ်ရေးအတွက် ကုန်ကြမ်းများ ဖြည့်ဆည်းပေးခဲ့သည်။[၂၀၁]

ကိုဗစ်-၁၉ ကူးစက်ရောဂါက ပြန်လည်သန်စွမ်းရေး အထောက်အကူပြု လုပ်ငန်းများကို ထိခိုက်စေခဲ့ပြီး မြန်မာနိုင်ငံရှိ ICRC မှ ထောက်ပံ့ကူညီလျှက်ရှိသော ဆေးဝါးကုသရာနေရာဌာနများတွင်လည်း လုပ် ငန်းများကို ၂၀၂၀ ခုနှစ်တွင် လပေါင်း အတော်ကြာမျှ ဆိုင်းငံ့ထားခဲ့ရသည်။[၂၀၂]

၂၀၁၇ ခုနှစ်ကတည်းက HI သည် ကရင်အမျိုးသားအစည်းအရုံး ကေအင်ယူ၏ လက်အောက်မှ အဖွဲ့အစည်းတစ်ခုဖြစ်သည့် ကရင် ကျန်းမာရေးနှင့် လူမှုကူညီရေးဌာန KDHW နှင့် ပူးပေါင်းပြီး ကချင်ပြည်နယ်တွင်းရှိ အစိုးရထိန်းချုပ်နယ်မြေများနှင့် NSAG ထိန်းချုပ်နယ်မြေများ၌ပါ ကူညီပံ့ပိုးမှုများ ပြုလုပ်ခဲ့သည်။[၂၀၃] ၂၀၁၉တွင် HI က လူမှုရန်ပုံငွေတစ်ရပ်ကို အသုံးပြု၍ ၎င်း၏ ကျန်းမာရေး စောင့်ရှောက်မှုကို ပိုမိုတိုးမြှင့် လုပ်ဆောင်လာခဲ့သည်။[၂၀၄] ၂၀၂၀ တွင် HI က ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ပြန်လည်ကျန်းမာသန်စွမ်းရေးလုပ်ငန်းများကို ဆက်လက် ပံ့ပိုးကူညီပေးခဲ့သည်။[၂၀၅]

၂၀၂၀ ခုနှစ်၊ မေလတွင် ထိုင်း-မြန်မာနယ်စပ်ရှိ မြို့တစ်မြို့ဖြစ်သော မဲဆောက်ရှိ ယခင်ကာလများက မြန်မာနိုင်ငံမှ ပြည်သူများထံသို့ ခြေတုလက်တုများ ပံ့ပိုးပေးခဲ့သော မယ်တော်ဆေးခန်း (Mae Tao Clinic) မှ ခြေတုလက်တုဌာန၏ လုပ်ငန်းများ ရပ်ဆိုင်းခဲ့သည်။ ကရင်ကျန်းမာရေးနှင့် လူမှုကူညီရေးဌာန KDHW သို့ လွှဲပြောင်းပေးရန် စီစဉ်ခဲ့ပြီး ဆေးခန်းမှ ၎င်း၏ပစ္စည်းကိရိယာများကို KDHW မှ ကိုင်တွယ်ဆောင်ရွက်နေသော ကရင်ပြည်နယ် ဖာပွန်မြို့နယ်ရှိ ကလိုယောလေးရွာရှိ ဆေးခန်းသို့ ရွှေ့ပြောင်းခဲ့သည်။ ကရင်ကျန်းမာရေးနှင့် လူမှုကူညီရေးဌာန (KDHW)၊ ပအိုဝ်း ကျန်းမာရေးလုပ်ငန်း ကော်မတီနှင့် ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးကွန်ယက်ကော်မတီတို့မှ ကျန်းမာရေးလုပ်သား ခြောက်ဦးတို့အား  မယ်တော်ဆေးခန်း (Mae Tao Clinic)မှ ခြေတုလက်တုပညာရှင်များက ခြောက်လတာ လေ့ကျင့်သင်တန်းများပေးခဲ့ကြသည်။ ဤအစီအစဉ်ကို ၂၀၂၁တွင် ပြန်လည်ဆန်းစစ်ရန် ရှိသော်လည်း ကိုဗစ်-၁၉ ကူးစက်ရောဂါ ပျံ့နှံ့လာမှုကြောင်း ခရီးသွားလာရေး ကန့်သတ်မှုများနှင့် ထိုင်း-မြန်မာနယ်စပ်ကို ပိတ်လိုက်ခြင်းတို့ကြောင့် လွှဲပြောင်းပေးရေး အစီအစဉ်များကို ဆိုင်းငံ့ထားခဲ့ရသည်။[၂၀၆]

ကမ္ဘာ့ပညာရေး ရပ်ရွာအထူးပြု ပြန်လည်သန်စွမ်းရေးလုပ်ငန်း စီမံချက် (World Education Community-Focused Rehabilitation Services project) မှာ ကချင်ပြည်နယ်ရှိ ပဋိပက္ခဒဏ် ခံစားခဲ့ကြရသူများနှင့် မသန်စွမ်းသူများကို ရပိုင်ခွင့်နှင့် အခွင့်အလမ်းများ တိုးတက်ကောင်းမွန်လာစေရေးအတွက် ဦးတည်ခဲ့သည်။ ဤစီမံချက်က မြန်မာနိုင်ငံရှိ အားလုံးပါဝင်သော ရပ်ရွာအခြေပြု ဖွံ့ဖြိုးတိုးတက်ရေး စံပြ သရုပ်ဖော်ခြင်းကို စမ်းသပ်ရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ ဤစံပြပုံစံကို အမေရိကန်နိုင်ငံမှ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး အကူအညီပေးရေး အေဂျင်စီ (USAID) မှ ငွေကြေးပံ့ပိုးပြီး World Education Lao မှ အကောင်အထည်ဖော်ဆောင်ရွက်သည့် အောကာ့ဒ် စီမံချက် (Okard Project) မှ ကြံဆဖော်ဆောင်ခဲ့သည်။ ၂၀၂၀ နိုဝင်ဘာတွင် World Education Myanmar မှ ၎င်း၏ မိတ်ဖက်ဖြစ်သော ကချင်နှစ်ခြင်းအသင်းတော် (Kachin Baptist Convention) ကို ဤအစီအစဉ်တွင် ပါဝင်သော ရပ်ရွာများတွင် လိုအပ်ချက် ဆန်းစစ် လေ့လာမှုတစ်ရပ် ပြုလုပ်ရန်အတွက် ပံ့ပိုးကူညီပေးခဲ့သည်။[၂၀၇]

---

၁၉၉။ Response to Monitor questionnaire by Sithu Win, Deputy Director, Department of Rehabilitation, 11 March 2021.

၂၀၀။ ICRC, "Annual Report 2020," 1 July 2021, p. 365.

၂၀၁။ Ibid., p. 363.

၂၀၂။ Ibid., p. 363.

၂၀၃။ HI, "Myanmar 2018," September 2018.

၂၀၄။ Response to Monitor questionnaire by Fabrice Vandeputte, Regional Programme Director, HI, 14 May 2020.

၂၀၅။ HI, "Country Card: Myanmar," updated September 2020.

၂၀၆။ Monitor interview with Naw Annie Po Moo, Director of Operations, Mae Tao Clinic, 28 January 2020. The Prosthetics Department, and the new operations in Klo Yaw Lay clinic, receive financial support from Together Against Landmines (Gemeinsam gegen Landmien, GGL), an NGO based in Austria. See, Mae Tao Clinic, "Biennial Report 2019–2020," 2021, p. 24.

၂၀၇။ See, World Education Myanmar Facebook page.

## လူမှု-စီးပွားနှင့် စိတ်ပိုင်းဆိုင်ရာလူမှုရေး ပါဝင်နိုင်ခွင့်

မြန်မာနိုင်ငံရှိ မိုင်းထိခြင်းနှင့် စစ်ကျန်ပေါက်ကွဲစေတတ်သော လက်နက်များ၏ ထိခိုက်ခြင်းမှ အသက်မသေ ကျန်ရစ်သူများသည် ၎င်းတို့၏ ရိုးရာလုပ်ငန်းများကို စွန့်လွှတ်ခဲ့ကြရရာ ၎င်းတို့အတွက် အသက်မွေးမှုပညာရပ်များကို လေ့ကျင့်သင်ကြားရေးနှင့် အခြား အသက်မွေးမှု ဆိုင်ရာရွေးချယ်ခွင့် အတွက် ပံ့ပိုးပေးရန် လိုအပ်လာစေသည်။[၂၁၈] The Association for Aid and Relief-Japan (AAR-Japan) က ရန်ကုန်ရှိ ၎င်း၏ စင်တာတွင် မသန်စွမ်းသူများအား သက်မွေးပညာသင်ကြားရေးကို ဆက်လက် ဆောင်ရွက်နေခဲ့သည်။[၂၁၉]

HI သည် မြန်မာနိုင်ငံ ကိုယ်ကာယမသန်စွမ်းသူများအသင်း (Myanmar Physically Handicapped Association) နှင့် ပူးပေါင်း၍ မိုင်း နှင့်စစ်ကျန်ပေါက်ကွဲပစ္စည်းများ၏ဒဏ်ကို ခံစားခဲ့ကြရသောသူများ၏ လူမှုစီးပွားအခြေအနေများကို ပိုမိုကောင်းမွန် စေရေးအတွက် ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့ရှိ အသက်မွေးမှုလုပ်ငန်းများဖြင့် စီမံချက်တခုကို လူဇင်ဘတ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ငွေကြေးအထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့သည်။[၂၂၀] ၂၀၂၀ ခုနှစ်တွင် HI က အကျိုးခံစားခွင့်ရှိသူ နှစ်ဦးကို ကျွမ်းကျင်မှုသင်တန်းများကို တက်ရောက်ရာတွင် ကူညီပံ့ပိုးပေးခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် အကျိုးခံစားခွင့်ရှိသူ သုံးဦး အသက်မွေး သင်တန်းများ တက်ရောက်ရာတွင် ပံ့ပိုးကူညီခဲ့သည်။ ၂၀၂၀ ခုနှစ်တွင် လူ ၇၈ ဦးကို ဝင်ငွေဖော်ဆောင်ရေး လုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် ငွေသားထောက်ပံ့မှုများ ပြုလုပ်ခဲ့သည်။ HI က ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ် များတွင် မိုင်းနှင့် စစ်ကျန်ပေါက်ကွဲပစ္စည်းများ၏ဒဏ်ကို ခံစားခဲ့ကြရသောသူများအတွက် အချင်းချင်း နှစ်သိမ့်ဆွေးနွေးခြင်းကို သင်ကြားလေ့ကျင့်ပေးခဲ့သည်။[၂၂၁] ၂၀၂၀ ခုနှစ်တွင် အိုင်စီအာစီ၏ ငွေကြေးထောက်ပံ့မှုဖြင့် ပြန်လည်သန်စွမ်းရေး စင်တာတစ်ခုတွင် ဝန်ထမ်းသစ်တစ်ဦး ခန့်ထားနိုင်စေခဲ့ပြီး အရိုးအကြောကုသရေး ပညာရှင်နှစ်ဦးကို စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ အထောက်အကူပြုရေးအတွက် သင်တန်းများ ပေးနိုင်ခဲ့သည်။[၂၂၂]

၂၀၂၀ ခုနှစ်တွင် ICRC သည် အမျိုးသား မသန်စွမ်းအားကစား ကော်မတီ၏ ဘီးတပ်ကုလားထိုင်ဘတ်စကက်ဘော အစီအစဉ်မှ ကစားသမားများ၊ နည်းပြများနှင့် အခြားအဖွဲ့ဝင်များအတွက် အွန်လိုင်း အလုပ်ရုံသင်တန်း ဆွေးနွေးပွဲတစ်ခု စီစဉ် ဆောင်ရွက်ပေးနိုင်ခဲ့သည်။[၂၂၃] World Education Myanmar သည် ကယားပြည်နယ်တွင် မသန်စွမ်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် ကိုယ်ထူကိုယ်ထ အစုအဖွဲ့များကို ဝင်ငွေဖော်ဆောင်ရေး၊ ငွေကြေးစုဆောင်းရေးနှင့် ချေးငှားရေးကဲ့သို့သော ကိစ္စရပ်များကို ဆောင်ရွက်နိုင်စေရန် ကူညီပံ့ပိုးပေးနိုင်ခဲ့သည်။[၂၂၄]

## မြန်မာနိုင်ငံရှိ မိုင်းနှင့်ပတ်သက်သော လုပ်ငန်းများအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အကူအညီ

၂၀၂၀ ခုနှစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွက် မိုင်းနှင့်ပတ်သက်သော လုပ်ငန်းများအတွက် အလှူရှင် ရှစ်ဦး/ရှစ်ဖွဲ့မှ အမေရိကန်ဒေါ်လာ ၄.၁ သန်း လှူဒါန်းခဲ့ရာ ၂၀၁၉ ခုနှစ်တွင် နှစ်စဉ်ရရှိခဲ့သော ပမာဏထက် ၃၅ ရာခိုင်နှုန်းမျှ လျော့ကျခဲ့သည်။[၂၂၅]

၂၀၂၀ ခုနှစ် Monitor စုစုပေါင်းတွင် Danish Refugee Council (DRC) အတွက် ဒိန်းမတ်နိုင်ငံမှ ၎င်း၏ ကမ္ဘာ့စုံလူသားချင်းစာနာမှုနှင့် ကြံ့ကြံ့ခံနိုင်ရေးကူညီမှု အစီအစဉ်၏ တစိတ်တဒေသအဖြစ် ပံ့ပိုးမှုများ မပါဝင်ပေ။ ယင်း အစီအစဉ်မှ မိုင်းရှင်းလင်းရေးအတွက် သီးခြားသတ်မှတ်ထားသော ပမာဏကို မရရှိနိုင်ပါ။ ထို့ကြောင့် စောင့်ကြည့်မှုကို ပံ့ပိုးသည့် အချက်အလက်များတွင် ထည့်သွင်းခြင်း မပြုနိုင်ပါ။[၂၂၆]

---

၂၁၈။ DDG, "DDG Study Aims to Counter Rise in Victims from Mines in Myanmar," 16 January 2018.

၂၁၉။ AAR-Japan, "Annual Report 2018: April 2018–March 2019," 2019, p. 17; AAR-Japan, "Where We Work: Myanmar," undated.

၂၂၀။ HI, "Country Card: Myanmar," updated September 2020.

၂၂၁။ Ibid.

၂၂၂။ ICRC, "Annual Report 2020," 1 July 2021, p. 363.

၂၂၃။ Ibid.

၂၂၄။ See, World Education Myanmar Facebook page.

၂၂၅။ Emails from Carole Ory, Senior Expert, Disarmament, Non-Proliferation and Arms Export Control, European External Action Service (EEAS), 29 June 2021; from Camilla Dannevig, Senior Adviser, Section for Humanitarian Affairs, Norwegian Ministry of Foreign Affairs, 23 September 2021; and from Erik Pettersson, Senior Programme Manager, Peace and Human Security Unit, Swedish International Development Cooperation Agency (SIDA), 28 September 2021; ; Response to Monitor questionnaire by Steve Hoscheit, Security Policy Desk, Luxembourg Ministry of Foreign and European Affairs, 21 May 2021; Ireland Mine Ban Treaty Article 7 Report for calendar year 2020, Form J, 30 April 2021; Sweden Convention on Cluster Munitions Article 7 Report, Form I, April 2021; Switzerland Convention on Cluster Munitions Article 7 report, Form I, April 2021; United Kingdom Convention on Cluster Munitions Article 7 Report, Form I, April 2021; and United States Department of State, Bureau of Political-Military Affairs, To Walk the Earth in Safety, January–December 2020," April 2021, p. 27.

၂၂၆။ Denmark total support to DRC humanitarian operations in Myanmar in 2020 totaled DKK2,277,000 ($348,005), and included a demining element. Average exchange rates for 2020: DKK6.543=US$1. US Federal Reserve, "List of Exchange Rates (Annual)," 4 January 2021. Response to Monitor questionnaire by Kristine Dyregaard Nielsen, Head of Section, Denmark Ministry of Foreign Affairs and Ministry of Defence, 15 October 2021.

နိုင်ငံတကာမှထည့်ဝင်လှူဒါန်းမှုအားလုံးမှာနည်းပညာပိုင်းမဟုတ်သောလေ့လာဆန်းစစ်မှုများ၊အန္တရာယ်ကျရောက်နိုင်ခြေနှင့်ပတ်သက်သောပညာပေးမှုများ၊သို့မဟုတ်ထိခိုက်ခံစားရသူများကိုအစိုးရမဟုတ်သောအဖွဲ့အစည်းများမှတဆင့်အကူအညီပေးသောလုပ်ငန်းများသို့ တင်ရောက်သွားသည်။

**နိုင်ငံတကာ ပါဝင်ကူညီမှုများ - ၂၀၂၀ ခုနှစ်**[၂၂၇]

| အလှူရှင် | ကဏ္ဍ | ပမာဏ<br>(ဒေသတွင်း ငွေကြေး) | ပမာဏ<br>(US$) |
|---|---|---|---|
| **US** | ထိခိုက်နစ်နာသူ အကူအညီပေးမှု | US$1,000,000 | 1,000,000 |
| **United Kingdom** | အန္တရာယ်ဆိုင်ရာ ပညာပေးမှု | £678,139 | 869,985 |
| **Switzerland** | စစ်တမ်းနှင့် အန္တရာယ် ပညာပေးမှု | CHF590,000 | 628,395 |
| **European Union** | စစ်တမ်းနှင့် အန္တရာယ် ပညာပေးမှု | €500,000 | 570,500 |
| **Sweden** | စစ်တမ်းနှင့် အန္တရာယ် ပညာပေးမှု | SEK4,600,000 | 499,094 |
| **Norway** | အန္တရာယ် ပညာပေးမှု | NOK3,650,000 | 387,132 |
| **Luxembourg** | ထိခိုက်နစ်နာသူ အကူအညီပေးမှု | €73,525 | 83,892 |
| **Ireland** | စစ်တမ်း | €70,000 | 79,870 |
| **စုစုပေါင်း** | | မသက်ဆိုင်ပါ | **4,118,868** |

၂၀၁၆ ခုနှစ်မှစ၍ မြန်မာနိုင်ငံသို့ မိုင်းနှင့်ပတ်သက်ပြီး နိုင်ငံတကာမှ အကူအညီပေးခဲ့ရာတွင် စုစုပေါင်း ဒေါ်လာ ၂၆.၅ သန်းကျော် ရှိခဲ့ပြီး နှစ်စဉ်ပျမ်းမျှအနေဖြင့် တနှစ်လျှင် ၅.၃ သန်းမျှ ရှိခဲ့သည်။

**နိုင်ငံတကာ ထည့်ဝင်လှူဒါန်းမှုများ အနှစ်ချုပ် - ၂၀၁၆ မှ ၂၀၂၀ အထိ**[၂၂၈]

| နှစ် | နိုင်ငံတကာ ထည့်ဝင်လှူဒါန်းမှုများ (US$) |
|---|---|
| **2020** | 4,118,868 |
| **2019** | 6,275,838 |
| **2018** | 2,872,606 |
| **2017** | 6,725,763 |
| **2016** | 6,525,640 |
| **Total** | **26,518,715** |

၂၂၇။ Average exchange rates for 2020: €1=US$1.141; NOK9.4283=US$1; £1=US$1.2829; SEK9.2167=US$1; and CHF0.9389=US$. US Federal Reserve, "List of Exchange Rates (Annual)," 4 January 2021.

၂၂၈။ See previous Monitor reports.